ပြည့်ကျော်လွင် (ပညာရေး)



# ဘယ်သွားချင်လဲ

## လူသားတိုင်းအတွက် ဘဝ ခရီးလမ်းညွှန်

graphic design oakkar digital art

ထုတ်-၂၁၀၉ ဒု-အကာခမ္ဘူး မျိုးနိုင်

လူသားတိုင်းအတွက်
ဘဝခရီး လမ်းညွှန်

# ဘယ်သွားချင်လဲ

ပြည်ကျော်လွင် ၊ ပညာရေး ၊

သင်တစ်ကိုယ်တည်းဆက်ရမည့် သံသရာခရီးမှာ
တွေ့ကြုံရမည့် သုခတွေ ဒုက္ခတွေကို ကြိုတင်
လေ့လာနိုင်ပါသည်


ဖြန့်ချိရေး

ရန်ကုန်
- ဒေါ်ညွန့်ဝေ ပိဋကတ်စာအုပ်ဆိုင်
၃၉/၄၀၊ ရွှေတိဂုံတောင်ဘက်မုခ်၊ ဒဂုံစာတိုက်၊ ရန်ကုန်
(တဆင့်/၂၄၃၄၁၈)
- ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း (အထက်)၊ ရန်ကုန် (၂၅၃၂၄၆)

မန္တလေး
- ထွန်းဦးစာပေ၊ မန္တလေး (၀၂-၂၃၅၀၂ ၊ ၃၉၈၀၁)
- မြညွန့်ဆွေစာပေ၊ မန္တလေး (၀၂-၃၆၇၄၅)

အမေ့အိမ်စာပေ
စမ်း၊ ပန်းဆိုးတန်း
ဖုန်း-၃၈၂၁၀၀


K-600

# ဘယ်သွားချင်လဲ


ဘာသာရေးစာမူခွင့်ပြုချက် ✦ ၁၆၁ / ၂၀၀၃ (၃)

မျက်နှာဖုံးခွင့်ပြုချက် ✦ ၂၂၁ / ၂၀၀၃ (၄)

ပုံနှိပ်ခြင်း ✦ ပထမအကြိမ်

ထုတ်ဝေသည့်ကာလ ✦ ၂၀၀၃ ခုနှစ်၊ မေလ

အုပ်ရေ ✦ ၂၀၀၀

အတွင်းစာသား ✦ နိုင်မာ ကွန်ပျူတာ၊ ၃၄ လမ်း

မျက်နှာဖုံး ✦ **Hepta Digital Art**

အဖုံးနှင့်အတွင်းပုံနှိပ် ✦ ဒေါ်စိန်စိန်၊ ရောင်စဉ်အော့ဖ်ဆက်
၁၆၃၊ ၄၀ လမ်း၊ ရန်ကုန်မြို့ ။

ထုတ်ဝေသူ ✦ ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
၁၁၁၊ ၃ ထပ်၊ ညာဘက်
၃၃ လမ်း၊ ကျောက်တံတားမြို့နယ်

မူပိုင် ✦ ညီညီမြတ်

တန်ဖိုး ✦ ၃၇၅ ကျပ်


K 600

# အမြတ်ဆုံးဒါန

________________________

________________________ သို့

နိဗ္ဗာန်မရောက်မီ

သံသရာ ဘဝအဆက်ဆက်တွင်

ဒုက္ခအမျိုးမျိုး မတွေ့ရ မမြင်ရ မကြုံရစေဘဲ

သုခအမျိုးမျိုးကို ခံစားနိုင်ရန် ရည်ရွယ်၍

________________________

________________________ မှ

မေတ္တာဖြင့်လှူဒါန်းပါသည်

တရားအလှူ ပေးလှူသူသည်

အမြိုက်နိဗ္ဗာန်ကို ပေးလှူသည် မည်၏

# ရည်ရွယ်ပါသည်

တစ်ဘဝပြီးတစ်ဘဝ

မရေတွက်နိုင်သော ဘဝပေါင်းများစွာကို

မဆုံးနိုင်အောင် သံသရာလည်နေကြသော

လူသားအားလုံးအတွက်

သံသရာခရီးမှာ တွေ့ကြုံရမည့်

သုခတွေ ဒုက္ခတွေကို ကြိုတင်

လေ့လာသိရှိပြင်ဆင်နိုင်ရန် ဖြစ်ပါသည်။

# ယုံကြည်မျှော်လင့်လျက်

ကျွန်ုပ်သည် ကွယ်လွန်သွားကြကုန်သော (၇)ရက်သားသမီးများ အကျိုးအတွက်

## 'ကွယ်လွန်သူအတွက်ရည်စူး၍ အလှူဒါနပြုလုပ်နည်း'

စာအုပ်ကို အချိန်ယူလေ့လာသုတေသနပြုကာ ရေးသားခဲ့ပါသည်။ ပထမအကြိမ် ထုတ်ဝေပြီးနောက် လိုအပ်ချက်များ ဖြည့်စွက်ကာ ဒုတိယအကြိမ် ထပ်မံထုတ်ဝေခဲ့ပါသည်။

မိဘပြည်သူ ဓမ္မဒါနအလှူရှင်များက စိတ်ဝင်တစား တခဲနက် ဝယ်ယူလှူဒါန်း ဝေငှ ကုသိုလ်ယူလျက်ရှိကြပြီး နိုင်ငံရပ်ခြားများကိုပါ ပေးပို့လှူဒါန်းနေကြသည်များလည်း မကြာခဏ တွေ့ရပါသည်။

ကွယ်လွန်သွားကြသူများကို ရည်စူး၍ စာအုပ်ပါ လမ်းညွှန်မှုများအတိုင်း အလှူဒါနများ ပြုလုပ်ပေးနေကြသည်ကို နိုင်ငံအဝှမ်းတွင် မျက်ဝါးထင်ထင် တွေ့မြင်နေကြရသဖြင့် ကွယ်လွန်သွားကြသူများက တမလွန်ဘဝများမှနေ၍ ကျေနပ်အားရ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နေကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

✦ ယခု ဤစာအုပ်သည် သက်ရှိလူသားများအတွက် ငြိမ်းချမ်းသာယာသော ချမ်းသာသုခပြည့်ဝသော ဘဝခရီးလမ်းကြောင်းများကို ဆက်လက်လျှောက်လှမ်းနိုင်ကြရန် အထိုက်အလျောက် အထောက်အပံ့များ အကူအညီများ လမ်းညွှန်မှုများပေးနိုင်လိမ့်မည်ဟု ဆက်လက်ယုံကြည်မျှော်လင့်လျက်။

ဦးသက်ထွန်း
အ·ထ·က (၅) မိုလ်တာဆောင်
ရန်ကုန်မြို့

ပြည်တော်လွှင် (ပညာရေး)
၂၀၀၃ ခုနှစ်

## ပြည်ကျော်လွင် ၊ ပညာရေး ၊ ၏
## ထုတ်ဝေပြီးစာအုပ်များ

- ကွယ်လွန်သူအတွက်ရည်စူး၍ အလှူဒါနပြုလုပ်နည်း (ပထမအကြိမ်) (အစိမ်းရောင်)
- ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော အကြောင်းနှင့်အကျိုးဆက်များ
- ကွယ်လွန်သူအတွက်ရည်စူး၍ အလှူဒါနပြုလုပ်နည်း (ဒု-အကြိမ် ဖြည့်စွက်ပုံနှိပ်ခြင်း) (အဖြူရောင်)
- ယခု . . . ဘာယ်သွားချင်လဲ

## ဆက်လက်ထုတ်ဝေရန်စီစဉ်ဲစာအုပ်များ

- ယနေ့ခေတ် လူငယ်လူရွယ်များအတွက် ဗုဒ္ဓဘာသာ၊ သာသနာဆိုင်ရာ အမေးအဖြေများ။
- သေခြင်းတရားနှင့် သေတတ်ရန် ကြိုတင်ပြင်ဆင်ခြင်း။
- ကွယ်လွန်သူအတွက်ရည်စူး၍ အလှူဒါနပြုလုပ်နည်း (တတိယအကြိမ်ဖြည့်စွက်ပုံနှိပ်ခြင်း)

### ဖြန့်ချီရေး

- ✦ ဒေါ်ညွန့်ဝေ
  ပိဋကတ်စာအုပ်ဆိုင်
  ၃၉/၄၀ ရွှေတိဂုံတောင်ဘက်မုခ်
  ဒဂုံစာတိုက်၊ ရန်ကုန်။
  (တဆင့်/၂၄၃၄၁၈)
- ✦ ပါရမီစာပေ
  ၂၃၀၊ ၂၉ လမ်း (အထက်)
  ရန်ကုန်။
  ဖုန်း - ၂၅၃၂၄၆
- ✦ မြညွှန့်ဆွေ စာပေ
  မန္တလေးမြို့။ ဖုန်း ၀၂ - ၃၆၇၄၅
- ✦ ထွန်းဦး စာပေ
  မန္တလေးမြို့။ ဖုန်း ၀၂ - ၂၃၅၀
  ၀၂ - ၃၉၈၀

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


မာတိကာ ၇
မိတ်ဆက်စကား ၁၁
ရှေ့ဆက်ရမည့်ခရီး ၁၄

အခန်း(၁) နတ်ဘုံ

✦ နတ်ဆိုသည်မှာ ၁၇
✦ နတ်နှစ်မျိုး ၁၇
✦ နတ်ဘုံ (၆)ဘုံ တည်နေရာနှင့်နတ်သက်များ ၁၈
✦ သေရင် နတ်ပြည်ရောက်မည့် လူများ ၂၀
✦ နတ်တို့ရဲ့စည်းစိမ်ချမ်းသာနှင့်နတ်တို့ရဲ့သဘာဝ ၂၂
✦ နတ်ဘုံသို့ရောက်ရန် ဆုတောင်းအပ်၊ မအပ် ၄၈
✦ နတ်ဘုံနှင့်လူဘုံ ၄၉
✦ နတ်တို့စုတေသော် ရောက်မည့်ဘုံများ ၅၀
✦ နတ်တွေက ရှိခိုးရတဲ့ လူတွေဖြစ်ရအောင် ၅၂
✦ အလိုရှိရာနတ်ဘုံသို့ ရောက်နိုင်သူများ ၅၇
✦ စာပေပိဋကတ်ကျမ်းဂန် တတ်ကျွမ်းသူများ ၅၇
နတ်ပြည်ရောက်သော်
✦ တိရစ္ဆာန်များသေလွန်သော် နတ်ဘုံရောက်နိုင် မရောက်နိုင် ၅၄
✦ ရတနာသုံးပါးသည်သာ ကိုးကွယ်အားထားရာ ၅၆

အခန်း(၂) ပြဟ္မာဘုံ

✦ ပြဟ္မာဟူသည် ၅၈
✦ ပြဟ္မာဘုံ တည်နေရာ ၅၈
✦ ပြဟ္မာဘုံ (၂၀) ၅၉
✦ ပြဟ္မာတို့၏ စည်းစိမ်ချမ်းသာ ၅၉
✦ ပြဟ္မာ သက်တမ်း ၆၀
✦ ပြဟ္မာဘုံကို ရောက်မည့် လူများ ၆၂

- ရောက်နိုင်သော ပြဟ္မာဘုံအဆင့်ဆင့် ၆၃
- နာမ်မရှိဘဲ ရုပ်သာရှိသော ပြဟ္မာဘုံတွင် ပြဟ္မာဖြစ်ရခြင်းမှာ ၆၆
- နာမ်သာရှိပြီး ရုပ်မရှိသော ပြဟ္မာဘုံတွင် ပြဟ္မာဖြစ်ရခြင်းမှာ ၆၇
- မိန်းမများ ရောက်နိုင်သော ပြဟ္မာဘုံ ၆၈
- ပြဟ္မာများ စုတေသော် ၆၈

အခန်း(၃) **တိရစ္ဆာန်ဘုံ**

- တိရစ္ဆာန်ဆိုသည်မှာ ၆၉
- တိရစ္ဆာန်ဘုံ ၆၉
- ဘယ်လိုလူတွေသေရင် တိရစ္ဆာန်ဖြစ်တတ်သလဲ ၇၀
- ဆင် နဲ့ ပုရွက်ဆိတ် ၇၂
- တိရစ္ဆာန်တို့ရဲ့ဒုက္ခ ၇၃
- တိရစ္ဆာန်တွေကို ရက်ရက်စက်စက် သတ်ရက်သူများ သတိပြုရန် ၇၇
- တိရစ္ဆာန်တွေသေရင် ၇၇

အခန်း(၄) **ပြိတ္တာဘုံ**

- ပြိတ္တာဆိုသည်မှာ ၇၉
- ပြိတ္တာဘုံ ၈၀
- သေရင် ပြိတ္တာဖြစ်မည့် သူများ ၈၀
- စွဲလန်းစိတ်ကြောင့် ဖြစ်ရတဲ့ပြိတ္တာများ ၈၂
- ပြိတ္တာ အမျိုးအစားများ ၈၄
- ပြိတ္တာတို့ နေထိုင်ရာနေရာ ၈၅
- ခြောက်လှန့်ခြင်း ၈၇
- ကိုယ်ထင်ပြခြင်း ၈၉
- အနံ့ပေးခြင်း ၉၀
- အိပ်မက်ပေးခြင်း ၉၀
- ပြိတ္တာတို့ရဲ့ သက်တမ်း ၉၂
- ပြိတ္တာအမျိုးမျိုး နှင့်ဒုက္ခအဖုံဖုံ ၉၃
- ကွယ်လွန်သွားသူ ပြိတ္တာဖြစ်နေခဲ့သော် ကောင်းမှုကုသိုလ် ဘယ်လိုလုပ်ပေးသင့်သလဲ ၉၈
- စဉ်းစားစရာ ၁၀၀

အခန်း(၅) **အသုရကာယ်ဘုံ**

- ✦ အသုရကာယ်ဆိုသည်မှာ ၁၀၂
- ✦ အသုရကာယ်ဘုံ ၁၀၂
- ✦ အသုရကာယ်များရဲ့ဒုက္ခ ၁၀၂
- ✦ သေရင် အသုရကာယ်ဖြစ်မည့် လူများ ၁၀၃

အခန်း(၆) **ငရဲဘုံ**

- ✦ ငရဲဘုံ တည်နေရာ ၁၀၄
- ✦ ငရဲသားတို့ ဒုက္ခ ၁၀၄
- ✦ သက်တမ်း ၁၀၅
- ✦ သေရင် ငရဲကျမည့် သူများ ၁၀၆
- ✦ ငရဲ ရောက်နည်း နှစ်မျိုး ၁၀၈
- ✦ ငရဲက အလိုရှိသူများ ၁၀၈
- ✦ ငရဲဘုံက မီး ဘယ်လောက်ပူပါလိမ့် ၁၀၉
- ✦ ဒုက္ခမျိုးစုံ ငရဲဘုံ ၁၀၉
- ✦ ငရဲကြီး ရှစ်ထပ် ၁၁၄
- ✦ အိမ်ရှင်နှင့် အိမ်ငှား ၁၁၉
- ✦ ငရဲကံ ကုန်လျှင် ၁၂၀
- ✦ ဆေးကု၍ မရတော့သူများ ၁၂၁
- ✦ ဆေးကုရင် ရနိုင်သေးသူများ ၁၂၁
- ✦ ငရဲ တကယ် ရှိရဲ့လား ၁၂၂

အခန်း(၇) **လူဘုံ**

- ✦ လူတို့နေရာ ဤကမ္ဘာ ၁၂၅
- ✦ ကံချင်းမတူ၍ လူချင်းမတူကြပါ ၁၂၆
- ✦ အပါယ်လေးဘုံသို့ ရောက်မည့်လူများ ၁၃၀
- ✦ ကျောက်တုံး ရေတွင် မြုပ်သကဲ့သို့ ၁၃၃
- ✦ မကောင်းမှုကို မထိမ့်မြင် မပြုရာ ၁၃၃
- ✦ သုဂတိဘုံများသို့ ခရီးဆက်မည့် သူများ ၁၃၄

- ✦ သေပြီးနောက် လူပြန်ဖြစ်ရန် သေချာသူများ ၁၃၅
- ✦ မိတ်ကောင်း ဆရာကောင်း လိုအပ် ၁၃၆
- ✦ ထောပတ်ရေတွင်ပေါ်သကဲ့သို့ ၁၃၇
- ✦ အထုံပါရမီနဲ့ လူ့ပြည်ရောက်လာသူများ ၁၃၇
- ✦ ဖြတ်လမ်းက လူ့ပြည် ရောက်လာတဲ့သူများ ၁၃၈
- ✦ ဒါန သီလ ဘာဝနာ ၁၃၉
- ✦ ဒါနကုသိုလ်ကို အကျိုးများအောင် ဘယ်လိုလှူကြမလဲ ၁၄၀
- ✦ သူတော်ကောင်းတို့၏ ဒါနပြုရိုး (၈)မျိုး ၁၄၂
- ✦ ဒါနသည် သံသရာရှည်စေသလော ၁၄၃
- ✦ သီလကုသိုလ် ၁၄၄
- ✦ ဘာဝနာကုသိုလ် ၁၄၆
- ✦ သမထဘာဝနာ ၁၄၈
- ✦ ဝိပဿနာ ဘာဝနာ ၁၄၉
- ✦ ဆားတစ်ဆုပ်ကို ရေထဲထည့်လိုက်သလို မဖြစ်စေနဲ့ ၁၅၂
- ✦ သောတာပန်ဆိုတာဘာလဲ ကြိုးစားရင် ဖြစ်နိုင်မလား ၁၅၃
- ✦ သောတာပန်နဲ့တူသူ ၁၅၅
- ✦ ဒါနနဲ့ သီလမပါရင် သေခါမှသိမယ် ၁၅၆

အခန်း(၈) **သံဃာ့ကြောင်း သံဃာ** ၁၆၁

အခန်း(၉) **ဘယ်ကျွေးချင်လဲ** ၁၆၃

- မှီငြမ်းပြုစာအုပ်များ ၁၆၈
- သာဓုခေါ်ပါသည် ၁၇၀
- ဦးခိုက်ကန်တော့ခြင်း ၁၇၁
- ပန်ကြားလွှာ ၁၇၂

# မိတ်ဆက်စကား

အို မိတ်ဆွေ

အပေါင်းအဖော်တွေနဲ့ ချစ်ခင်သူတွေနဲ့ မိသားစုတွေနဲ့ သွားလိုက်လာလိုက် စားလိုက်သောက်လိုက်နဲ့ ပျော်ရွှင်နေတယ်ပေါ့။

သင်တစ်ဦးတည်း ဤလောကကြီးထဲကို ရောက်လာခဲ့သလို အဖော်မပါ တစ်ကိုယ်တည်း ခရီးဆက်ရအုံးမှာနော်။

သင်ဆက်ရမဲ့ခရီးကို စဉ်းစားမိရဲ့လား။ တွေ့ကြုံရမဲ့ သုခ၊ ဒုက္ခတွေကို ကြိုတင်သိရဲ့လား။

ဖြစ်ချင်ရာ ဖြစ်ပါစေတော့ကွာဆိုပြီး လူပျော့လူညံ့တွေလို လက်လျှော့ပြီးနေတော့မှာလား။

ဘယ်နေ့မှာ၊ ဘယ်နေရာကို၊ ဘယ်လိုသွားရမယ်ဆိုတာ မသိနိုင်တဲ့ ခရီးရှည်ကြီးကို ချီတက်ဖို့ ခုကတည်းက နည်းနည်းပါးပါး ကြိုတင်ပြင်ဆင်မှုလေးတွေ စလုပ်ထားနိုင်ရင် မကောင်းဘူးလား။

ကိုယ်ဆက်ရမဲ့ခရီးကို ဘာမှမသိထားတဲ့လူ၊ ဘာမှမပြင်ဆင်ထားတဲ့လူနဲ့စာရင် ပြင်ဆင်ထားနိုင်သလောက် သင့်အတွက် အကျိုးမရှိပေဘူးလား။ တွေ့နိုင်တဲ့ ဒုက္ခပေါင်းစုံကို ကြိုတင် ရှောင်ရှားလို့ မရနိုင်ဘူးလား။

သင့်ကိုမတွေ့ရရင် မနေနိုင်တဲ့ ချစ်တဲ့သူတွေ၊ နည်းအမျိုးမျိုးနဲ့ ဝေဖန်တိုက်ခိုက်နေတဲ့ မုန်းတဲ့သူတွေကို ထားရစ်ခဲ့ပြီး သင်ရှာဖွေ

စုဆောင်းထားတဲ့ ဥစ္စာမနေတွေကို ဘာတစ်ခုမျှမယူငင်ဘဲ တစ်ယောက်တည်း ယောင်ချာချာနဲ့ စမ်းတဝါးဝါးနဲ့ ရှေ့ဆက်ရမဲ့ခရီးမှာ သင်တွေ့ရတော့မဲ့ ဒုက္ခအထွေထွေ၊ သုခအဖုံဖုံကို ကြိုတင် သိရအောင် ကြိုတင်ပြင်ဆင်ထားနိုင်အောင် ဤစာအုပ်မှာ ဖေါ်ပြထားပါတယ်။

ဒါတွေက သင့်အတွက်ပြောထာပါ။ သင့်ထက် သင့်မိဘတွေက ပိုလို့ အရေးကြီးပေမည်။

အသက်တစ်ရာရှည်သော သားသမီးတစ်ဦးသည် လက်ယာပခုံးပေါ်မှာ အမိကိုတင်၊ လက်ဝဲပခုံးပေါ်မှာ အဖကိုထမ်း၊ တစ်သက်လုံးလုပ်ကျွေးပြုစုပေးတာတောင် မိဘကျေးဇူးကို ကျေလည်အောင်ဆပ်ရာမရောက်ပေ။

***မိဘကျေးဇူးကို နှစ်တစ်ရာတိုင်အောင် လောကနည်းဖြင့်ပေးဆပ်၍ မကျေနိုင်သော်လည်း ဓမ္မနည်းဖြင့် ကျေအောင်ဆပ်နည်းကား ရှိပေသည်။*** မိဘတွေကို

- ✦ ရတနာသုံးပါးအား အလေးအနက်မထားလျှင် ထားလာအောင်
- ✦ အကုသိုလ်ဒုစရိုက်များကို ရှောင်ကြဉ်လိုစိတ်ဖြစ်လာအောင်
- ✦ ကုသိုလ်ရကြောင်းအလုပ်များကို ပြုလုပ်ချင်စိတ်ဖြစ်လာအောင်
- ✦ ကုသိုလ်၊ အကုသိုလ်အကျိုးဆက်ကို မယုံတစ်ယုံ ဖြစ်နေလျှင် လေးလေးနက်နက် ယုံကြည်လာအောင်
- ✦ တွန့်တိုပြီး လှူဒါန်းလိုစိတ်မရှိလျှင် ရှိလာအောင်

✦ သီလစောင့်ထိန်းလိုစိတ် မရှိလျှင် ရှိလာအောင်

✦ နောက်ဘဝအကြောင်း မစဉ်းစားလျှင် စဉ်းစားတတ်လာအောင်

✦ အပါယ်လေးဘုံလားမည့်သူကို အထက်သုဂတိဘုံများ ရောက်သွားအောင် . . . . .

သားသမီးတွေက ကူညီတည့်မတ် လမ်းကြောင်းပေးနိုင်ပါမူ မိဘကျေးဇူးကို ကျေလည်အောင်ဆပ်ရာ ရောက်ပေသည်ဟု မြတ်စွာဘုရားက ဟောတော်မူခဲ့ပါသည်။

ဤစာအုပ်ငယ်သည် သင့်အတွက်ရော၊ သင့်မိဘအတွက်ရော၊ သင့်မိတ်ဆွေ အသိုင်းအဝိုင်းအတွက်ပါ ရှေ့ဆက်ရမည့် ခရီးရှည်အတွက် အထိုက်အလျောက်အထောက်အပံ့ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။



## ရှေ့ဆက်ရမည့်ခရီး

လူတို့သည် ရခဲလှစွာသော လူ့ဘဝသို့ရောက်ရှိနေကြပြီး ကံ၊ ဉာဏ်၊ ဝီရိယ အကျိုးကြောင့် အသက်ရှင် ရပ်တည်နေကြ၏။

တန်ဖိုးကြီးလှသော သာသနာတော် ထွန်းကားချိန်နှင့် ကြုံကြိုက်နေကြ၏။ ဤကောင်းမှုကုသိုလ်များပြုလုပ်သော် ယခုဘဝနှင့် နောက်ဘဝများ၌ ဤကောင်းကျိုးချမ်းသာများခံစားရမည်။ ထိုမကောင်းမှုအကုသိုလ်များ ကျူးလွန်သော် ယခုရော၊ နောင်ဘဝပါ ထိုမကောင်းသောဒုက္ခများ ရင်ဆိုင်ကြရတော့မည်ဟု ဗုဒ္ဓတရားတော်များကို လမ်းညွှန်ဟောကြားရှင်းပြတော်မူနိုင်သော ဆရာများ၊ ဆရာတော်များ မိမိဝန်းကျင်တွင် များစွာရှိကြ၏။

ထိုသို့သောအခြေအနေတွင် အသက်ရှင်နေရခြင်း၏တန်ဖိုးကို လူတိုင်းအလေးအနက်ထားရမှန်းမသိကြပေ။ ရနေသည့် အခွင့်အရေးကို အသုံးမချကြပေ။ လသာနေတုန်း ဗိုင်းမငင်ကြပေ။ လောဘ၊ ဒေါသ၊ မောဟများ ကြီးစိုးကာ ကာမဂုဏ်ချမ်းသာမှု နောက်သို့သာ တကောက်ကောက်လိုက်နေကြ၏။

ယနေ့သွားလာလှုပ်ရှားနေသော လူသားမှန်သ၍ မနက်ဖန်မှာ အခန့်မသင့်ရင် ငါသေသွားနိုင်တယ်လို့ စဉ်းစားတွေးခေါ်တဲ့သူ မရှိလောက်ပေ။ ဒီနေ့အချိန်မရွေး ငါသေသွားနိုင်တယ်လို့ တရားသဘောနဲ့ ရှုမြင်တဲ့သူဆိုတာတော့ ပို၍ရှားပေလိမ့်မည်။

သို့သော်လည်း ကြိုတင်မျှော်လင့်မထားဘဲ သွားရင်းလာရင်း နေရင်း ထိုင်ရင်း စားရင်း သောက်ရင်း နေ့စဉ်နှင့်အမျှ မရေမတွက် ိုင်သော လူတွေ သေဆုံးနေကြလေသည်။ လူ့လောကကြီးတွင် နေရ ာပျင်းလို့ ဘာမှလုပ်စရာမရှိလို့ အပျင်းပြေသေသွားသော မသာ ရှိပေ။

***မည်သူမဆို ကိုးကွယ်ရာ ဘာသာရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ မည်သည့် ဘာသာဝင်မဆို ဆင်းရဲ ချမ်းသာမရွေး လူမျိုး ာသာမရွေး အရွယ်သုံးပါးမရွေး ကြီးငယ်မဟူ ကျွန်ုပ်တို့ ဤလူ့ဘဝ ာ ကွယ်လွန်သော် ဆက်လျှောက်ရမဲ့ ခရီးလမ်းကြောင်း (၃၁)သွယ် ိပေသည်။ လူသားအားလုံးသည် ဤခရီးလမ်းကြောင်း (၃၁)သွယ်၏ လမ်းဆုံလမ်းခွပေါ်တွင် ရောက်နေကြပေသည်။***

တရားဘာဝနာကို လမ်းဆုံးရောက်အောင် ကျင့်ကြံအားထုတ် ကြသော သူတော်စင်များမှလွဲ၍ ကျန်လူသားအားလုံးသည် ဤ ်သရာခရီးလမ်းကြောင်း (၃၁)သွယ်ကို ဆက်လက်မလျှောက်လို ည်း မရနိုင်ကြပေ။

သေရင်ပြီးတာပဲကွဟု တစ်ယူသန်တဇွတ်ထိုး ထင်မှတ်ယူဆ နေသူများသည် သေခါနီးသေလုဆဲ အချိန်ရောက်လာသော် မျှော်လင့် ထားသော နိမိတ်များ အာရုံများကိုကိုယ်တိုင် မြင်လာရသောအခါ ကြောက်လန့်ထိတ်လန့်စွာဖြင့် နောင်တကြီးစွာရပြီး သေသွားကြရရှာ၏။ ရီးဆက်ရရှာ၏။

သင်ဆက်လျှောက်ရမဲ့ခရီးလမ်း (၃၁)သွယ် ဆိုသည်မှာ

(၁) ကာမဂုဏ်ခံစားခြင်းမရှိကြသော ဗြဟ္မာဘုံ (၂၀)ဘုံ

(၂) ကာမဂုဏ်ခံစားခြင်းရှိကြသော နတ်ဘုံ (၆) ဘုံ

(၃) ကာမဂုဏ်ခံစားခြင်းရှိကြသော လူဘုံ (၁)ဘုံ

(၄) ဒုက္ခမျိုးစုံခံစားနေကြရသော

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ် (၄)ဘုံ တို့ ဖြစ်ပေသည်။

နတ်ဘုံနှင့် ဗြဟ္မာဘုံတို့သည် ဒုက္ခမရှိသော သုခဘုံ (၂၆)ဘုံ ဖြစ်၏။ လူ့ဘုံသည် သုခနှင့် ဒုက္ခရောနေသော ဘုံဖြစ်၏။

အပါယ်လေးဘုံသည် သုခ မရှိသော ဒုက္ခဘုံ (၄)ဘုံ ဖြစ်၏။

မိမိအသက်ရှင်စဉ်ပြုခဲ့သော ကောင်းမှု၊ မကောင်းမှုများ၏ အကျိုးဆက်အရ သေလွန်သော် တစ်ဘုံဘုံသို့ ရောက်ရပေမည်။

သတ္တဝါတို့သည် (၃၁)ဘုံတွင် သံသရာလည်နေကြသည်။ သော်လည်း အများအားဖြင့် လူ့ဘုံမှလူဆင်းရဲများအဖြစ်နှင့်သော် လည်းကောင်း၊ အပါယ်လေးဘုံသားများအဖြစ်နှင့်သော်လည်းကောင်း ကျင်လည်နေကြတာများလေသည်။

***✤ အသက်ရှင်နေစဉ် မည်သို့ကျင့်ကြံပြောဆိုပြုမူလျှင် သေလွန် သော် မည်သည့်သံသရာခရီးကို ဆက်ရတော့မည်ဆိုသည်ကို ခ... လမ်းကြောင်းတစ်ခုချင်း ဆက်လက်ဖော်ပြပါအံ့။ ✤***

သင်ဆက်ရမည့်ခရီး သင်သွားလိုသည့် ခရီးကို ကိုယ်တို... ကြိုတင်ရွေးချယ်နိုင်ပါစေ။ ဖြောင့်ဖြောင့်ဖြူးဖြူးသွားနိုင်ရန် လိုအ... ချက်များ ပြင်ဆင်မှုများကို ယနေ့မှစ၍ ကြိုးစားဆောင်ရွက်နိုင်... ပါစေ။

# နတ်ဘုံ

## ◄◄ နတ်ဆိုသည်မှာ ►►

ကာမဂုဏ် ငါးပါးဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့ဖြင့် မြူးထူးပျော်ပါးကစားတတ်ကြသူများ၊ အမျိုးမျိုးသော ဘုန်းတန်ခိုးဖြင့် ထွန်းလင်းတောက်ပကြသူများဟု ကျမ်းဂန်များက ဖွင့်ဆိုကြပါသည်။

## ◄◄ နတ်နှစ်မျိုး ►►

(၁) ဤလူ့ဘုံကမ္ဘာမြေ၌တည်သောနတ်မျိုး (ဘုမ္မစိုးနတ်) နှင့်
(၂) ကောင်းကင်ဘုံ၌တည်သောနတ်မျိုး (အာကာသစိုးနတ်)
ဟူ၍ နှစ်မျိုးရှိပါသည်။

ဤကမ္ဘာမြေရှိ တော၊ တောင်၊ သစ်ပင်၊ မြေပြင်တို့တွင် နေထိုင်ကြသော လူတွေမမြင်နိုင်သည့် နတ်တွေ အမြောက်အများ ရှိကြပေသည်။

ထိုနတ်များထဲတွင် တန်ခိုးဣဒ္ဓိပါဒ်ပြည့်ဖြိုးသော ဘုမ္မစိုး၊ ရုက္ခစိုးစသည့်နတ်များ ပါဝင်သလို၊ တန်ခိုးဣဒ္ဓိပါဒ် ညံ့ဖျင်းသော ပြိတ္တာများကဲ့သို့ အစာဝအောင် မစားကြရသော လူတွေလောက်တောင် သီလမလုံခြုံသော ရက်စက်ကြမ်းကြုတ်တတ်သော နတ်အညံ့စားများလည်း ပါရှိပေသည်။

ဤစာအုပ်တွင် ဆက်လက်ဖော်ပြမည့်နတ်များမှာ လူတွေအနီး အပါးမှာမနေဘဲ အထက်ကောင်းကင် ဘုံအဆင့်ဆင့်တွင် သီးခြား ဗိမာန်များဖြင့် နေထိုင်ကြသော ကောင်းကင်ဘုံရှိနတ်များသာ ဖြစ်ပါ သည်။

## ◂◂ နတ်ဘုံ (၆)ဘုံ တည်နေရာနှင့် နတ်သက်များ ▸▸

ဤကမ္ဘာမြေ (လူ့ဘုံ)၏ အထက် ယူဇနာပေါင်း (၄၂၀၀၀)မှ စ၍ ပထမနတ်ဘုံ တည်ရှိပါသည်။ (တစ်ယူဇနာ = ၈ မိုင်)

ပထမနတ်ဘုံ၏အထက် ယူဇနာ (၄၂၀၀၀) တွင် ဒုတိယ နတ်ဘုံတည်ရှိပါသည်။ ထိုနည်းအတိုင်း နတ်ဘုံတစ်ဘုံနှင့် တစ်ဘုံ သည် အမြင့် ယူဇနာ (၄၂၀၀၀)စီ ကွာခြား၍တည်ရှိကြပေသည်။

(၁) **စာတုမဟာရစ်နတ်ဘုံ (ပထမနတ်ဘုံ)**
နတ်သက်သည် လူ့သက်တမ်းနှစ် (၉)သန်း ရှိပါသည်။
နတ်မင်းကြီး လေးပါး အုပ်စိုးသည်။

(၂) **တာဝတိံသာ နတ်ဘုံ (ဒုတိယ နတ်ဘုံ)**
လူ့သက်တမ်း (၃)ကုဋေ (၆)သန်း ရှိပါသည်။
သိကြားမင်း အုပ်စိုးသည်။

(၃) **ယာမာ နတ်ဘုံ (တတိယ နတ်ဘုံ)**
လူ့သက်တမ်း (၁၄)ကုဋေ (၄)သန်း ရှိပါသည်။
သုယာမ နတ်မင်း အုပ်စိုးသည်။

(၄) **တုသိတာ နတ်ဘုံ (စတုတ္ထနတ်ဘုံ)**

လူ့သက်တမ်း (၅၇)ကုဋေ (၆)သန်း ရှိပါသည်။

သန္တုဿိတ နတ်မင်း အုပ်စိုးသည်။

(၅) **နိမ္မာနရတိ နတ်ဘုံ (ပဥ္စမ နတ်ဘုံ)**

လူ့သက်တမ်း (၂၃၀)ကုဋေ (၄)သန်း ရှိပါသည်။

သနိမ္မိတ နတ်မင်း အုပ်စိုး၏။

(၆) **ပရနိမ္မိတ ဝသဝတ္တီ နတ်ဘုံ (အထက်ဆုံး နတ်ဘုံ)**

လူ့သက်တမ်း (၉၂၁)ကုဋေ (၆) သန်း ရှိ၏။

ဝသဝတ္တီ နတ်မင်း အုပ်စိုးသည်။

နတ်ဘုံ တစ်ဘုံနှင့် တစ်ဘုံသည် နတ်သက်တမ်း လေးဆစီ ကွာခြားပါသည်။ လေးဆ ပို၍ ပို၍ အသက်ရှည်ကြပါသည်။

လူ့ပြည်မှ ဒါနနှင့် သီလကုသိုလ်ရှင်တို့ သေလွန်သော် သွားရောက်စံစားရာ သုခဘုံများဖြစ်ပေသည်။ အထက်ဘုံ၌ရှိသော နတ်သည် အောက်ဘုံ၌ရှိသော နတ်ထက် စည်းစိမ်ချမ်းသာပို၍ သာလွန်ပေသည်။

စာတုမဟာရာဇ် နတ်ဘုံနှင့် တာဝတိံသာနတ်ဘုံ နှစ်ဘုံသည် မြင်းမိုရ်တောင်ပေါ်တွင် တည်ရှိကြသဖြင့် မြေကြီးနှင့်မကင်းဟု ယူဆဖွယ် ရှိသော်လည်း နတ်ဘုံ (၆)ဘုံထဲတွင် ပါဝင်ကြပါသည်။

ကျန်နတ်ဘုံ (၄)ဘုံသည် မဟာပထဝီမြေကြီးနှင့် လုံးဝကပ်ငြိနေခြင်းမရှိဘဲ ကောင်းကင်ဘုံ၌ အသီးသီး ရပ်တည်နေကြပါသည်။

## ◂◂ သေရင် နတ်ပြည်ရောက်မည့်လူများ ▸▸

လူ့ပြည်တွင်နေစဉ် အောက်ပါ ကုသိုလ်ကောင်းမှုများ ပြုလုပ်သူ များသည် သေလွန်သော် နတ်ပြည်သို့ရောက်သွားကြသော သာဓက များ မြောက်များစွာရှိပါသည်။

(၁) ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို အစဉ် အမြဲ ကိုးကွယ်ဆည်းကပ်သူများ (သရဏဂုံတည်သူများ) ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် များကို အာရုံပြု၍

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ . . . . .
တတိယမ္ပိ . . . . . ဟူ၍
စွဲစွဲမြဲမြဲ ခံယူဆောက်တည်ပြီး သရဏဂုံ အထုံရနေသူများ

(၂) သီလ စောင့်ထိန်းသူများ

(၃) မိဘကို ရိုသေစွာ ကျွေးမွေးပြုစုသူများ

(၄) မိမိတို့၏ လင်ယောကျ်ား၊ ယောက္ခမတို့ကို ကြည်လင်သော စိတ်ဖြင့် ရိုသေစွာ ကျွေးမွေးပြုစုသူများ

(၅) အများအတွက် လမ်းခင်း၊ တံတားခင်းသူများ၊ သစ်ပင်၊ ဥယျာဉ် စိုက်ပျိုးသူများ

(၆) ရေအိုးစင် လှူသူများ၊ ရေတွင်း၊ ရေကန် လှူသူများ

(၇) စေတီ၊ ပုထိုး၊ ကျောင်း၊ ဇရပ်၊ သိမ် လှူသူများ (ကျောင်းဒကာ၊ ဘုရားဒကာများ)

(၈) ရဟန်းသံဃာတော်များကို ပစ္စည်းလေးပါး (ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး) ပေးလှူသူများနှင့် အခြားသင့်လျော်ရာ ပစ္စည်းတို့ကို နည်းများမဟူ ပေးလှူသူများ (ရဟန်းဒကာများ)

(၉) မှန်သောစကားကို ပြောခြင်း၊ အမျက်မထွက်ခြင်း၊ တောင်းလာသော်နည်းများမဟူ ပေးလှူခြင်၊ အကြောင်းသုံးပါးနှင့် ပြည့်စုံသူများ

(၁၀) သူတစ်ပါးပြုသော ကုသိုလ်ကောင်းမှုကို နှစ်သက်၊ ဝမ်းမြောက်စွာ လိုက်လိုက်လှဲလှဲ (သာခု) သုံးကြိမ် ခေါ် ဆိုသူများ (အလှူပြုသူက အမျှမပေးဝေဘဲခေါ် ဆိုလျှင် အကျိုးမများပါ။)

(၁၁) အသက်ရှင်နေစဉ်က မည်သည့်ကုသိုလ်ကောင်းမှုကိုမျှ ဖြစ်ဖြစ်မြောက်မြောက်မပြုခဲ့ပါလျက် သေခါနီးကာလတွင်မှ ဘုရားရှင်ကို ဖူးမြော်ကြည်ညိုသည့် ကုသိုလ်စိတ်ဖြင့် သေဆုံးသူများ (ရှိသော်လည်း အလွန်ဖြစ်ခဲပါသည်။)

အထူးသတိပြုရန်မှာ

အထက်ပါကောင်းမှုကုသိုလ်များကို ပြုလုပ်ထားသူများသည် ငါသေရင် နတ်ပြည်ကို ကျိန်းသေရောက်မှာပဲဟု ပုံသေ တထစ်ချ တွက်ဆထား၍ မရနိုင်ပါ။

အပါယ်တံခါးလုံးဝပိတ်သော သောတာပန်ပုဂ္ဂိုလ်များမှတပါး ကျန်လူသားတို့သည် သေလွန်သော် အပါယ်(၄)ဘုံသို့ လားရောက်နိုင် ပါသေးသည်။

ဒါနကုသိုလ်၊ သီလကုသိုလ်တွေ မည်မျှပင်လုပ်ခဲ့ပါစေ သေခါနီး လေးတွင် ကြမ်းတမ်းသော ရိုင်းစိုင်းသော၊ ပြုစုသော (ဒေါသစိတ် ဖြင့် သေခဲ့သော် ငရဲသို့ ရောက်သွားနိုင်ပါသည်။

သားမယားကို စွဲလမ်းသောစိတ်၊ ပစ္စည်းဥစ္စာကို စွဲလမ်းသော စိတ်၊ ကျန်ရစ်ခဲ့မည့်ပစ္စည်းကို သူတစ်ပါး ယူငင်သုံးစွဲမှာ စိုးသောစိတ် (တဏှာလောဘစိတ်) ဖြင့် သေခဲ့သော် ပြိတ္တာဘုံသို့ ရောက်၍ တ သရဲ ဖြစ်သွားနိုင်ပါသည်။

မိမိပြုခဲ့သော ဒါန၊ သီလ၊ ကုသိုလ်တို့ကို နှလုံးသွင်းက ကုသိုလ်စိတ်ဖြင့် သေမှသာ နတ်ပြည်သို့ ရောက်နိုင်ပါကြောင်း သတိ ပါလေ။

◄◄ နတ်တို့ရဲ့စည်းစိမ်ချမ်းသာနှင့် နတ်တို့ရဲ့သဘာဝ ►►

နတ်ဘုံတစ်ဘုံချင်းအလိုက် ခွဲခြား၍ မရေးတော့ဘဲ နတ် (၆)ဘုံ စလုံးအတွက် ခြုံငုံ၍ စုပေါင်း ဖော်ပြထားပါသည်။

## နတ်ဘုံဘုံသို့စတင်ရောက်ရှိခြင်း

နတ်သမီးများသည် လူ၊ မိန်းမများကဲ့သို့ ပဋိသန္ဓေဆောင် ကလေးမွေးမှုမရှိကြသဖြင့်

(၁) သား၊ သမီးဖြစ်ထိုက်သော နတ်သား၊ နတ်သမီးတို့သည် နတ်တို့၏ရင်ခွင်တွင် အလိုလျောက် ဘွားခနဲ ပေါ်လာကြကုန်၏။
(၂) မယားဖြစ်ထိုက်သော နတ်သမီးများသည် အိပ်ရာထက်တွင် အလိုလျောက် ဖြစ်လာကြကုန်၏။
(၃) ပန်းနံ့သာလိမ်းကျံမှု၊ တန်ဆာဆင်ပေးမှုပြုရသော နတ်သမီးတို့သည် အိပ်ရာနံဘေးတွင် အလိုလျောက် ဖြစ်လာကြကုန်၏။
(၄) အမှုကြီးငယ်ပြုရသော နတ်သား၊ နတ်သမီးတို့မှာ ဗိမာန်အတွင်း၌ အလိုလျောက် ဖြစ်လာကြကုန်၏။
(၅) နတ်ဘုံ ဗိမာန်များအကြား ဗိမာန်မရှိသော နတ်သား၊ နတ်သမီးအသစ်များဖြစ်ပေါ်လာခဲ့သော် နီးကပ်နေသော ဗိမာန်ရှင်နတ်သားက ထိုနတ်သား၊ နတ်သမီး အသစ်များအား ပိုင်လေသည်။

အငြင်းပွားခဲ့သော် သကြားမင်းက ဆုံးဖြတ်ပေးရ၏။

### ဘာသာစကား

နတ်အားလုံးသည် ပါဠိဘာသာစကားဖြင့် စကားပြောကြသည်။

## နတ်တို့ရဲ့ ကမ္ဘာမြေ

နတ်ပြည်မှ မြေသားသည် လူ့ပြည်မှာကဲ့သို့ ဖုန်မှုန့်ပါသော မြေမျိုး မဟုတ်ပေ။

ဖန်မြေ၊ မှန်မြေများ ဖြစ်ကြ၏။

## နေစရာ ဗိမာန်

နတ်တို့သည် နေစရာ ဗိမာန်ကို တည်ဆောက်ရန် မလိုပေ။ လူ့ပြည်မှာကဲ့သို့ စိတ်ကြိုက်မြေနေရာနှင့် အိမ်ပုံစံကို ငွေပေးဝယ်၍ လည်း မရပေ။

နတ်ပြည်သို့ရောက်သည့်အချိန်မှစ၍ မိမိတို့ လူ့ဘဝကပြု သည့် ရှေးကုသိုလ်ကံ အတိုင်းအတာအရ အလိုလိုဖြစ်ပေါ်လာ ကြရသော ဆန်းကြယ်လှသည့် ဘုံဗိမာန်များတွင် နေထိုင်ကြရပါ သည်။

## နတ်သား နတ်သမီးအသစ်ကို သူပိုင်ငါပိုင် အငြင်းပွားကြသော်

နတ်ဘုံ ဗိမာန်များအကြား ဗိမာန်မရှိသော နတ်သား၊ နတ်သမီး အသစ်များ ဖြစ်ပေါ်လာပြီး ဗိမာန်ရှင်နတ်သားတို့က သူပိုင် ငါပိုင် အငြင်းပွားကြသော် သိကြားမင်းက အောက်ပါအတိုင်း ဖြေရှင်း၍ ဆုံးဖြတ်ပေးပါသည်။

(၁) နတ်သား၊ နတ်သမီးအသစ် ဖြစ်ပေါ်ရာနေရာနှင့် ပိုနီးသော ဗိမာန်ရှင် နတ်သားအား အပိုင်ပေးပါသည်။

(၂) အကယ်၍ ဗိမာန်နှစ်ခု၏ အလယ်တည့်တည့်၌ ဖြစ်ပေါ်လာ လျှင် နတ်အသစ်၏မျက်နှာမူရာ ဗိမာန်ရှင်အား အပိုင်ပေး ပါသည်။

(၃) အကယ်၍ မည်သည့်ဗိမာန်ဘက်ကိုမျှ မျက်နှာမမူခဲ့လျှင် ထို နတ်သားသစ်၊ နတ်သမီးအသစ်ကို သိကြားမင်းက သိမ်းပိုက် လေသည်။

## နတ်သက် တစ်ရက်

(၁) လူတို့နေထိုင်ရာ ကမ္ဘာမြေမှ အထက်သို့ရောက်လေ အချိန်ပို၍ ရှည်ကြာလေလေ ဖြစ်၏။ လပေါ်တွင် တစ်နေ့နှင့် တစ်ညသည် ကမ္ဘာပေါ်၌ တစ်လနှင့် ညီမျှပေသည်။

(၂) နတ်ဘုံများသည် လူ့ဘုံ၏အထက်တွင် ရှိကြသဖြင့် နတ်တို့၏ သက်တမ်းသည် လူတို့ထက်များစွာ ရှည်ကြာလေသည်။

(၃) အောက်ဆုံးနတ်ဘုံ (စာတုမဟာရာဇ်နတ်ဘုံ)၏ နတ်သက် (တစ်ရက်)သည် လူ့အသက် (နှစ်ငါးဆယ်) နှင့် ညီမျှလေသည်။

(၄) အထက်ဆုံးနတ်ဘုံ (ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံ) ၏ နတ်သက် (တစ်ရက်)သည် လူ့အသက် (နှစ်တစ်သောင်း)နှင့် ညီမျှ လေသည်။

## နတ်တို့၏ အစားအစာ

(၁) နတ်တို့သည် အစားအစာအတွက် လူများကဲ့သို့ ပူပင်ကြောင့်ကြ ရန် မလိုပေ။ လုံ့လပြု၍ ချက်ပြုတ်ရန် မလိုပေ။

(၂) စားလိုသော အချိန်တွင် နတ်ဩဇာခေါ် နတ်သုဓာအဆီအနှစ် များသည် အလိုအလျောက် ဖြစ်ပေါ်လာရပေသည်။

(၃) နတ်သုဓာသည် လူတို့စားသုံးသော ကာဗွန်ဓါတ်ပါသည့် အစာ မျိုးမဟုတ်ပေ။ အလွန်အစွမ်းထက်သော အရသာရှိသော နူးညံ့ သော အပိုစွန့်ပစ်ရမည့် ဘေးထွက်ပစ္စည်းမပါသော ဩဇာရသ ဓာတ်အဆီအနှစ်တစ်မျိုးဖြစ်ပါသည်။

(၄) နတ်သုဓာသည် နတ်တို့၏ လျှာဖျားတင်ကာမျှဖြင့် ဆံပင်၊ ခြေဖျားအထိ တစ်ကိုယ်လုံး ပျံ့နှံ့သွားလေသည်။

(၅) နတ်သုဓာသည် တစ်ကြိမ်စားလျှင် လူတို့အချိန်အားဖြင့် တစ်လ၊ နှစ်လအထိ နေနိုင်ပေသည်။ ထိုနတ်သုဓာကြောင့် ရင်ပူခြင်း၊ ရေငတ်ခြင်း၊ မအီမလည်ဖြစ်ခြင်း၊ ခန္ဓာကိုယ်ပင်ပန်းခြင်းတို့ မဖြစ်ပေါ်ပေ။

(၆) နတ်တို့၏ ကုသိုလ်ကံ အစွမ်းသတ္တိကြောင့် ဖြစ်လာရသော နတ်သုဓာသည် အလွန်နူးညံ့သိမ်မွေ့လှသောကြောင့် ရဟန္တာအရှင်မြတ်တို့၏ တေဇောဓာတ် ဝမ်းမီးကပင် ထိုနတ်သုဓာကို ကြေညက်အောင် အစာမချက်နိုင်ကြပေ။ (ကျွန်ရ ရဟန်းနှင့် ဘုရားရှင်တို့မူ သမာပတ်အစွမ်းကြောင့် အစာချေနိုင်ကြပါသည်။)

(၇) နတ်သမီးများသည် မိမိတို့၏ သားငယ်သမီးငယ်များကို လူတို့ကဲ့သို့ နို့တိုက် ကျွေးမွေးရန်လည်း မလိုပေ။

## နတ်တို့၏ အညစ်အကြေး

(၁) စားလိုက်သော နတ်သုဓာကို အားကောင်းသော တေဇောဓာတ် ဝမ်းမီးက ကုန်စင်အောင် အစာချက်ပစ်လိုက်သဖြင့် လူများကဲ့သို့ ကျင်ကြီး၊ ကျင်ငယ် စွန့်ရန် မလိုပေ။

(၂) တံတွေး၊ နှပ်၊ နားဖာချေး စသည့် အညစ်အကြေးများ မရှိပေ၊ လူတို့ကဲ့သို့ ခန္ဓာကိုယ်မှ ချွေးမထွက်ပေ။

(၃) မကောင်းသော အနံ့အသက်များလည်း မရှိပေ။

## နတ်တို့၏ ခန္ဓာရုပ်

(၁) နတ်တို့၏ ခန္ဓာကိုယ်မှာ လူတို့ကဲ့သို့ ပိန်ခြင်း၊ ဝခြင်း၊ ပုခြင်း၊ ရှည်ခြင်း၊ မဲခြင်း၊ ဖြူခြင်း၊ ခြားနားမှုမျိုး မရှိကြဘဲ အားလုံးသည် သုံးဂါဝုတ်ရှိကြပေသည်။ (၄ဂါဝုတ်=၁ယူဇနာ)

(၂) လူတို့ခန္ဓာကိုယ်ကဲ့သို့ ရုပ်ကြမ်းများ မဟုတ်ကြပါ။ အလွန်နူးညံ့သော ရုပ်တို့ဖြင့် တည်ဆောက်ထားသည့် ခန္ဓာကိုယ်များဖြစ်ကြ၏။ ထို့ကြောင့် နတ်တို့ကို လူတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။

(၃) နတ်တို့၏ အစာချေဖျက်နိုင်သော ပါစကဝမ်းမီးသည် လူသားတို့ထက် အဆပေါင်းများစွာ အားကောင်းသည်။

## လူတွေနဲ့မတူတဲ့ ထူးခြားချက်

(၁) နတ်သား၊ နတ်သမီးတို့သည် လူတွေကဲ့သို့ မျက်တောင်ခပ်ခြင်း အလျဉ်းမရှိပေ။

(၂) လူများကဲ့သို့ မုတ်ဆိတ်၊ ကျင်စွယ် မရှိပေ။

(၃) လူများမှာ ကဲ့သို့ ပူခြင်း၊ အိုက်စပ်ခြင်း၊ ချမ်းခြင်းတို့ မရှိပေ။

## နတ်ဝတ်တန်ဆာနှင့် ကိုယ်ရောင်ကိုယ်ဝါ

(၁) နတ်သား၊ နတ်သမီးတစ်ဦးစီ၏ နတ်ဝတ်တန်ဆာများသည် လှည်းအစီး (၆၀)တိုက် ရှိ၏။

(၂) နတ်တို့၏ ခန္ဓာကိုယ်၊ အဝတ်တန်ဆာ၊ ဘုံဗိမာန်တို့မှထွက်သော အရောင်အဆင်းမှာ (၁၂)ယူဇနာအထိ ထွန်းလင်းတောက်ပ၏။

(၃) တန်ခိုးကြီးသော နတ်တို့၏ ကိုယ်ရောင်၊ ကိုယ်ဝါမှာ ယူဇနာ(၁၀၀)တိုင်အောင် ရောက်၏။ တန်ခိုးကြီးသော နတ်တို့လာလျှင် ဘီလူး၊ သရဲတို့ ထွက်ပြေးလေသည်။

## နတ်မျက်စိနှင့် နတ်နား

နတ်တို့သည် အဝေးရပ်၌ရှိသော အကာအကွယ်၊ အတားအဆီးနောက်၌ရှိသော အဆင်းအာရုံနှင့် အသံအာရုံတို့ကို မြင်နိုင်ကြားနိုင်ကြပေသည်။

သို့သော် ရဟန္တာတို့၏ ခန္ဓာကိုယ်ကို ဖောက်ထွင်း၍ မမြင်နိုင်ပေ။

## နတ်တို့၏ ကာမဂုဏ်

(၁) နတ်သား၊ နတ်သမီးတို့သည် လိင်ကွဲပြားမှုရှိကြပြီး လူတို့ကဲ့သို့ ချစ်ကြိုက်မှုပြုကြပါသည်။

(၂) လူတို့ကဲ့သို့ပင် ကာမဂုဏ် ခံစားကြသည်။ လူတို့၏ ကာမဂုဏ်ချမ်းသာမှာ မြက်ဖျား၌ရှိသော ရေစက်မျှသာရှိပြီး နတ်တို့၏ ကာမဂုဏ်ချမ်းသာမှာ သမုဒ္ဒရာရေတမျှရှိသည်ဟုဆိုပါသည်။

(၃) နတ်တို့သည် လူတို့ကဲ့သို့ ဖိုမယှဉ်တွဲကာ ကာမချမ်းသာ ခံစားကြသော်လည်း သုတ်သွေးထွက်ခြင်း မရှိကြပေ။ သွေးသားလှုပ်ရှားထိတွေ့ရုံမျှဖြင့် ကာမဂုဏ်ကိစ္စပြီး၏။

(၄) နတ်သမီးများသည်လည်း လူမိန်းမများကဲ့သို့ ဓမ္မတာ သွေးထွက်မှု၊ ကိုယ်ဝန်ဆောင်မှုများ မရှိကြပေ။ (စာတုမဟာရာဇ်နတ်မျိုးဖြစ်သော ဘုမ္မစိုးနတ်သမီးတို့ကား ဓမ္မတာသွေးဆင်းမှု ရှိကြပါသည်။)

(၅) စားဝတ်နေရေးအတွက် လုံ့လပြုရခြင်း၊ ပူပန်ကြောင့်ကြရခြင်း မလိုသောကြောင့် အာရုံငါးပါးနှင့် ကာမဂုဏ်စည်းစိမ်ကို အချိန်ပြည့်၊ အားပါးတရ အပြည့်အဝ ခံစားပျော်ပါးကြလေသည်။

## နတ်သမီးတွေရဲ့အထိအတွေ့

နတ်သား၊ နတ်သမီးတို့၏ ခန္ဓာကိုယ်သည် လူတို့မမြင်နိုင်လောက်အောင်နူးညံ့လှ၏။ ရုပ်ကြမ်းဖန်ဆင်းပြမှသာ မြင်နိုင်သည်။ ထိုဖန်ဆင်းပြသော ရုပ်ကြမ်းသည်ပင်လျှင် လူတို့နှင့် တွေ့ထိသော် မေ့သွားလောက်အောင် နူးညံ့သေး၏။

ရှေးအခါက ဈာန်အဘိညာဉ်ရနေသော တောကြီးထဲမှ ရသေ့တစ်ပါးကို နတ်သမီးတစ်ဦးက ဖျက်ဆီးလိုသောသဘောဖြင့်မြူဆွယ်၍ ပွေ့ဖက်လိုက်ရာ ရသေ့သည် နတ်သမီးနှင့် ထိမိသော အတွေ့ကာမဂုဏ် ကြောင့် နတ်သမီးရဲ့ရင်ခွင်ထဲဝယ် သုံးနှစ်တိုင်တိုင်မေ့မြောသွားဖူးသတဲ့။

## နတ်တေးဂီတ

လူ့ပြည်တွင် လူအများပျော်ရွှင်မှု ဖြေဖျော်မှုအတွက် တေးဂီတ တီးဝိုင်းများရှိသကဲ့သို့ နတ်ပြည်တွင် နတ်တူရိယာ၊ နတ်အဆိုတော်၊ နတ်ကချေသည်၊ နတ်အငြိမ့်မင်းသမီး၊ နတ်တေးဂီတတို့ဖြင့်လည်း နတ်သား၊ နတ်သမီးတို့သည် စည်းစိမ်ခံစားကြလေသည်။

## နတ်အချင်းချင်း မြင်နိုင် မမြင်နိုင်

အောက်နတ်သည် အထက်နတ်ကို မမြင်နိုင်ပေ။ အထက်နတ်တို့ကသာ အောက်နတ်ကို မြင်နိုင်၏။

မြတ်စွာဘုရား၏ တရားပွဲတွင် လာရောက်တရားနာယူကြသော လူ၊ နတ်၊ ဗြဟ္မာတို့သည် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် တစ်ဦးကိုတစ်ဦး မြင်နိုင်ကြရပေသည်။

## ကျေးငှက်၊ တိရစ္ဆာန်

(၁) နတ်ပြည်တွင် လူ့ပြည်မှာကဲ့သို့ တိရစ္ဆာန်များ မရှိပေ။

(၂) နတ်ပြည်ရှိ ရေကန်ကြီးများ၊ ဥယျာဉ်ကြီးများတွင် ပျံသန်းပျော်မြူးနေကြသော ကျေးငှက် သတ္တဝါတို့သည် နတ်သား၊ နတ်သမီးတို့က ခေတ္တ ဖန်ဆင်း ပျော်မြူးနေကြခြင်းသာ ဖြစ်ပေသည်။

(၃) ဧရာဝဏ်ဆင်၊ သိန္ဓောမြင်းစသည့်တို့မှာလည်း နတ်မင်းကြီးများ စီးရန် နတ်သားများက ခေတ္တဖန်ဆင်းပေးထားခြင်းဖြစ်ပါသည်။

## နတ်အချင်းချင်း စည်းစိမ်ချမ်းသာ မတူညီခြင်း

(၁) အထက်နတ်ဘုံသည် အောက်နတ်ဘုံထက် နတ်စည်းစိမ်၊ နတ်တန်ခိုးတို့ သာလွန်ပေသည်။

(၂) နတ်အချင်းချင်းလည်း ယခင်လူ့ဘဝက ပြုခဲ့သော ကုသိုလ်စွမ်းအားအလိုက် ကွာခြားမှု ရှိကြပါသည်။ အချို့နတ်များသည် အခြံအရံ စည်းစိမ်တန်ခိုးကြီးမားကြသော်လည်း အချို့မှာ စည်းစိမ်၊ ချမ်းသာ နည်းပါးကြပေသည်။

(၃) လူ့ပြည်မှာနေခဲ့စဉ် ရတနာသုံးပါးကို အမြဲ ဦးထိပ်ထားခဲ့သူတွေ၊ သရဏဂုံတည်ခဲ့သူတွေ သေလွန်လို့ နတ်ပြည်ရောက်ရင် အခြားသော နတ်တွေထက် (၁၀)ပါးသော အကြောင်း ဖြစ်ကြသည့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြွေအရံ များခြင်း၊ အစိုးရခြင်း (၅)ပါးနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော အာရုံ (၅)ပါးတို့တွင် သာလွန်ကြရပေသည်။

## သာသနာတွင်း အလှူနှင့် သာသနာပ အလှူ

သာသနာတွင်း၌ ရဟန်း၊ သံဃာတော်တို့အား ဆွမ်းတစ်ခဲမျှလှူခဲ့ခြင်းသည် သာသနာပ၌ သိန်းပေါင်းများစွာ လှူခဲ့သည်ထက် ပို၍ အကျိုးကြီးမား၏။

## နတ်ပြည်က ဘုရားလောင်း နတ်သား

ဤကမ္ဘာတွင် ဘုရားရှင် လေးဆူပွင့်တော်မူပြီးဖြစ်၏။ ဘုရား တစ်ဆူပွင့်ရန် ကျန်ပေသည်။ (အရိမေတ္တေယျ) ဘုရားလောင်းသည် ယခုအခါတွင် နတ်ဘုံလေးထပ်မြောက်၌ရှိသော တုသိတာနတ်ပြည် တွင် ရှိနေပါသည်။

ဤတုတိသာနတ်ပြည်၏ ထူးခြားချက်မှာ လူ့ပြည်တွင် ပွင့်တော် မူမည့် ဘုရားလောင်းမှန်သရွေ့ ဘုရားမဖြစ်မီ နောက်ဆုံးဘဝ၌ တုတိသာနတ်ဘုံတွင် နတ်သားဖြစ်ကြစမြဲ ဓမ္မတာဖြစ်၏။

ပွင့်တော်မူပြီးဖြစ်သော (ဂေါတမ)ဘုရားသည် ဘုရားမဖြစ်မီ တုသိတာနတ်ဘုံ၌ပင် (သေတကေတု) မည်သော နတ်သားဖြစ်ခဲ့ပါ သည်။

## နတ်တို့ လူ့ပြည်လာလျှင်

(၁) နတ်တို့၏ ခန္ဓာကိုယ်မှာ ကြီးမားသော်လည်း၊ အလွန်ပင် နူးညံ့ သိမ်မွေ့လှသဖြင့် လူအများ မမြင်နိုင်ကြပေ။ မြေကြီးပေါ်၌ လည်း မရပ်နိုင်ကြချေ။

(၂) နတ်တို့၏ ပကတိခန္ဓာကိုယ်အတိုင်း ကမ္ဘာမြေကြီးပေါ် ရပ်လျှင် မြေပေါ် ချထားသော ထောပတ်ဆီ၊ ထောပတ်ခဲပမာ မြေကြီး အတွင်း စိမ့်၍ဝင်သွား၏။

(၃) ဘုရားရှင်လက်ထက်က မြတ်စွာဘုရားထံ လာရောက်ဖူးမျှော် ကန်တော့သော နတ်တို့သည် ခန္ဓာကိုယ်ကို ရုပ်ကြမ်းဖြစ်အောင် ဖန်ဆင်းပြီးမှ မြေပေါ်၌ ရပ်နိုင်ကြ၏။

## လူ့အနံ့ကို ရွံရှာခြင်း

နတ်တို့သည် လူ့ပြည်သို့ အကြောင်းမဲ့ မလာကြချေ။ အသား၊ ငါး၊ မျိုးစုံ စားသောက်ထားကြသော လူတို့၏ ခန္ဓာကိုယ်အနံ့ကို အလွန် ရွံရှာ ကြလေသည်။

လူတို့၏ အညှီနံ့သည် အထက်ယူဇနာတစ်ရာအထိ ရောက် သည်ဟု ဆိုပါသည်။

သို့သော် သီလဖြူစင်သော သံဃာတော်များ၊ သီလလုံခြုံသော သူတော်စင်များ၏ ကိုယ်နံ့ကိုမူ နတ်သိကြားတို့သည် မစက်ဆုပ်၊ မရွံရှာကြပေ။

## အချို့နတ်သမီးများ

(၁) အချို့နတ်သမီးများသည် နေရန် ဗိမာန် အဆင်သင့်ရှိကြသော် လည်း မိမိတို့ကို ပိုင်ဆိုင်သည့် နတ်သားမရှိကြသောကြောင့် အလိုဆန္ဒမပြည့်ဝမှုများ ရှိကြပေသည်။

(၂) အချို့နတ်သမီးများသည် ဘုန်းကံကြီးမားကြသဖြင့် အခြား နတ်သား၊ နတ်သမီးတို့က လာရောက်၍ ခြံရံကြ၊ ကခုန်ကြ၊ သီဆိုကြ၊ ဖြေဖျော်ကြရလေသည်။

(၃) အချို့နတ်သမီးများသည် အရာသုံးပါး၌ အစိုးရပေသည်။ ထိုအရာ သုံးပါးတို့မှာ

- ❒ အလိုရှိရာ အဆင်းကို တခဏချင်း ရနိုင်၏။
- ❒ အလိုရှိရာ အသံကို တခဏချင်း ရနိုင်၏။
- ❒ အလိုရှိရာ ချမ်းသာကို တခဏချင်း ရနိုင်၏။

## ဘ၀ဟောင်းကို သိခြင်း

အချို့နတ်များသည် မိမိတို့ ဘယ်ဘ၀က ဘယ်သို့သော ကောင်းမှု ကုသိုလ်တို့ကို ပြုခဲ့၍ နတ်ဘုံရောက်လာရသည်ကို သိကြ၏၊ အချို့ကား မသိကြပေ။

## လူမင်း ဘုန်းကြီးက နတ်မင်း မနေသာ

ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကို ဆန္ဒ သလောက် စိတ်တိုင်းကျ ပြုလုပ်၍ ရသည်မှာ ဤလူ့ဘုံတစ်ခုတည်း သာ ရှိပါသည်။

ဘုရားရှင်တို့သည် ဤလူ့ဘုံမှာသာပွင့်တော်မူကြပါသည်၊ ရဟန္တာတို့မည်သည် ဤလူ့ဘုံမှာသာ ရှိကြပါသည်။

ကာမဂုဏ် စည်းစိမ်ချမ်းသာ ခံစားမှုအရာ၌ နတ်တို့သည် လူ တို့ထက် သာလွန်ကြသော်လည်း ပါရမီဘုန်းကံရှိသော လူတို့ကို နတ်တို့ မယှဉ်နိုင်ပေ။ နတ် ဗြဟ္မာတို့က လာရောက်၍ ဖူးမြော် ကန်တော့ကြ ရပေသည်။

## ပျော်စရာအကောင်းဆုံး နတ်ဘုံ

နတ်ပြည်ခြောက်ထပ်တွင် (စတုတ္ထနတ်ဘုံ ဖြစ်သော) တုသိတာ နတ်ဘုံသည် ပျော်မွေ့ဖွယ်အကောင်းဆုံး ဖြစ်ပေသည်။

## နတ်သူတော်ကောင်းများ

(၁) နတ်ပြည်တွင် ဒုက္ခဆင်းရဲခြင်း အလျဉ်းမရှိပေ ထို့ကြောင့် နတ်များသည် တရားသဘောကို သိဖို့မလွယ်ပေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မဆင်မြင်မိကြပေ။

(၂) နတ်အများစုသည် အပျော်အပါးနှင့် ကာမဂုဏ်စည်းစိမ် ချမ်းသာတို့တွင်သာ ယစ်မူးနေကြပေသည်။

(၃) သာမန် နတ်အများစုသည် တရားပွဲများအားထုတ်ရန်မဆို ထားနှင့် ဥပုသ်မကျိုးအောင် စောင့်ထိန်းရန်မလွယ်ပေ။ နတ်သမီးများ ပွတ်သီး ပွတ်သပ်ပြုမှုကြောင့် သီလပျက်ကြရလေသည်။

(၄) နတ်အားလုံးကို ကာမဂုဏ် အပျော်အပါးတို့၌ တစ်ဖက်စွန်းရောက်အောင် ဇိမ်ခံယစ်မူး နေသူများဟု ယူဆသတ်မှတ်၍ မရပါ။ လူသူတော်ကောင်းများ ရှိသလို နတ်သူတော်စင်များလည်း များပြားစွာရှိပေသည်။

(၅) လူ့ပြည်တွင်နေစဉ် သီလ လုံခြုံ၏။ ဥပုသ်သီလစောင့်ထိန်း၏။ တရားဘာဝနာ ပွားများအားထုတ်၏။

ထိုသူများသေလွန်၍ နတ်ပြည်ရောက်သော် ဘုရားလက်ထက်တော်ကတည်းကရှိနေကြသော သူတော်စင် အရိယာနတ်များနှင့် အပေါင်းအဖော်ပြုလုပ်နိုင်ကြသော နတ်သူတော်ကောင်းများ ဖြစ်ကြရ၏။

(၆) လူ့ဘ၀တွင် သောတာပန်၊ သကဒါဂါမ်၊ အရိယာဖြစ်ပြီးနောက် သေ၍ နတ်ပြည်ရောက်သောနတ်များနှင့် နတ်ပြည်ရောက်မှ တစ်မဂ်တစ်ဖိုလ်ရကြသော နတ်များသည်လည်း အရိယာနတ် သူတော်ကောင်းများ ဖြစ်ကြပေသည်။

(၇) ဘုရားတစ်ဆူပွင့်တော်မူလျှင် လူ့ဘုံမှလူတွေထက် နတ်ဘုံက နတ်တွေက ကျွတ်တမ်း၀င်သူ ပိုများသည်ဟု ဆိုပါသည်။

(၈) ဓမ္မစကြာသုတ်ကို မြတ်စွာဘုရားဟောတော်မူစဉ်က တရားထူး ရသူများမှာ လူသားထဲမှ (၅)ဦးသာ ရှိပြီး နတ်ဗြဟ္မာတို့ထဲမှ (၁၈)ကုဋေ ရှိသည်ဟု ဆိုပါသည်။

ထို့တူ မင်္ဂလသုတ်၊ မဟာသမယသုတ်၊ အဘိဓမ္မာဒေသနာ တော်တို့ ဟောတော်မူစဉ် ကုဋေပေါင်းများစွာ နတ်ဗြဟ္မာတို့ အကျွတ်တရားရကြသည်ဟုဆိုပါသည်။

(၉) ကာမဂုဏ်ကို စက်ဆုပ်သော ရဟန္တာပုဂ္ဂိုလ်တို့ နတ်ပြည် ရောက်သော် ကြာရှည်စွာ မနေဘဲ ပရိနိဗ္ဗာန်စံ၀င်ကြပေသည်။ ထို့အတူ အနာဂါမ်နတ်တို့မှာလည်း ဗြဟ္မာပြည်သို့ စုတေ ပြောင်းရွှေ့သွားကြပေသည်။

## စိတ်အလိုရှိတိုင်း ဖန်ဆင်းနိုင်ခြင်း

(၁) နတ်ဘုံ ခြောက်ဘုံအနက် ပဥ္စမမြောက် နတ်ဘုံဖြစ်သော (နိမ္မာ နရတီနတ်ဘုံ) တွင် စည်းစိမ်ဉစ္စာ ချမ်းသာအမျိုးမျိုးကို (ကိုယ်တိုင်) အလိုရှိသလို ဖန်ဆင်းပျော်ပါးနိုင်ပေသည်။

(၂) အထက်ဆုံး နတ်ဘုံဖြစ်သော (ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံ) တွင် စည်းစိမ် ဥစ္စာချမ်းသာ အမျိုးမျိုးကို (အစေအပါးတို့က) အလိုက်သိစွာ ဖန်ဆင်းပေးပြီး အလိုရှိတိုင်း စံစားပျော်မွေ့နိုင်ကြပေသည်။

(၃) ဤနတ်ဘုံနှစ်ဘုံတွင် ဇနီးမောင်နှံဟူ၍ သတ်သတ်မှတ်မှတ် မရှိကြပေ။ မိမိတို့ အလိုရှိရာ ဖန်ဆင်း၍ ပျော်သလို နေကြလေသည်။

## နတ်တို့ ချစ်ခင်စောင့်ရှောက်သော လူသားများ

(၁) နတ်တို့သည် လူတို့ထံမှ မေတ္တာပို့ အမျှဝေမှုကို လိုလားတောင့်တကြ၏။ ပရိတ်တော်များရွတ်ဖတ်ပူဇော်တိုင်း၊ကောင်းမှုကုသိုလ် အလှူဒါနများပြုလုပ်တိုင်း (စာတုမဟာရာဇ် နတ်ဘုံမှ အစ ဗြဟ္မာနှစ်ဆယ်အဆုံး)နတ်၊ ဗြဟ္မာများအားလုံးကိုတရားနာပင့်ဖိတ်ရန်နှင့်အမျှဝေကြရန် မြတ်စွာဘုရားကိုယ်တော်တိုင် လမ်းညွှန်တော်မူခဲ့ပါသည်။

(၂) မေတ္တာပို့ အမျှဝေသူများကို နတ်၊ ဗြဟ္မာများသည် အထူးချစ်ခင်ကြ၏။ စောင့်ရှောက်ကြ၏။ အလေးထားကြ၏။ မိခင်သည် ရင်၌ဖြစ်သော သားကို စောင့်ရှောက်သကဲ့သို့တည်း။

## နတ်သဘင် အစည်းအဝေး

(၁) ရဟန်းသံဃာတော်တို့ အေးချမ်းစွာ တရားအားထုတ်နိုင်ရန် စောင့်ရှောက်ပေးရေးကိစ္စ။
လူ့ပြည်တွင် သရဏဂုံသုံးပါးတည်သူများ၊ ငါးပါးသီလမြဲသူများ၊ ဥပုသ်သီတင်းစောင့်သူများ၊ မိဘတို့ကို ပြုစုကျွေးသူများ၊ ကုသိုလ်တရား ဆယ်ပါးပွားများသူများ၊ ကောင်းမှုပြုသူများ စာရင်းကို မှတ်တမ်းတင်ရေးကိစ္စတို့အတွက် နတ်မင်းကြီးများ နှင့် နတ်အပေါင်းတို့သည် တစ်လလျှင် ရှစ်ကြိမ်တိုင်အောင် နတ်သဘင်အစည်းအဝေး ကျင်းပလေ့ရှိသည်ဟုဆိုပါသည်။

(၂) အစည်းအဝေးတွင် လူ့ပြည်မှ ကောင်းမှုပြုသူများစာရင်းကို သိကြားမင်းကိုယ်တိုင် ဝမ်းမြောက်ဝမ်းသာစွာ ဖတ်ကြားပေး သည်ဟု ဆိုပါသည်။

(၃) ထိုသို့ ဖတ်ကြားပြီး ဗြဟ္မာပြည်မှ ဗြဟ္မာမင်း၊ နတ်တို့အရှင် သိကြားမင်းတို့သည် တရားဟောလေ့ ရှိပါသည်။ တစ်ခါတစ် တရားဟောကောင်းသော နတ်သားတစ်ပါးပါးက ဟောပေ သည်။

(၄) နတ်သဘင်အစည်းအဝေးတွင် နတ်တို့၏ ကိုယ်ရောင်ကိုယ်ဝ များ အဆင်တန်ဆာ ရတနာရောင်များ၊ ပန်ဆင်ထားသော ပန်းအရောင်များဖြင့် ဓမ္မာရုံကြီးတစ်ခုလုံးတွင် ရွှမငြီးအောင် လင်းထိန်တောက်ပနေပေသည်။ ပင်လယ်ကသစ်ပင်မှ ပန်းရန် များလည်း မွှေးထုံသင်းပျံ့လျက်ရှိပေသည်။

## လူ့ပြည်မှာပွင့်ဦးမည့် ဘုရားရှင်ကို ဖူးမျှော်ရန် စောင့်နေသော နတ်များ

ဤလူ့ဘုံတွင် ဘုရားတစ်ဆူပွင့်တော်မူရန် ကျန်ရှိပါသေးသည်။ လူ့ဘုံရှိ သက်ရှိလူသားများသည် ပွင့်တော်မူဦးမည့် (အရိမေတ္တေယျ) ဘုရားရှင်အား ဖူးမျှော်လိုကြသော်လည်း စောင့်စား၍ မရနိုင်ကြပါ။ လူသက်တမ်းသည် အလွန်ဆုံး နှစ်တစ်ရာခန့်သာ ရှိနိုင်ပေမည်။

နတ်တို့၏ သက်တမ်းသည် လူ့အသက်အားဖြင့် နှစ်ပေါင်းကုဋေများစွာ ရှည်ကြာတတ်သောကြောင့်၊ လူ့ပြည်မှာ ပွင့်တော်မူဦးမည့် ဘုရားရှင်ကို မိလိုမိငြား ဖူးရလိုဖူးရငြား မျှော်လင့်ကြီးစွာဖြင့် စောင့်စားလျက် ရှိကြကုန်သော နတ်၊ ဗြဟ္မာများစွာ ရှိကြလေသည်။

ဘုရားပွင့်တော်မူမည့် အချိန်နှင့် ကြုံကြိုက်ခဲ့သော် ဘုရားရှင်အား လာရောက်ဖူးမျှော် ကန်တော့ကာ တရားနာယူကြပြီး တစ်မဂ်၊ တစ်ဖိုလ်ရရန် မျှော်မှန်းကြလေသည်။

## အိုခြင်း နာခြင်း

နတ်ဘုံသို့ စရောက်သည့်အချိန်မှ စုတေသည်အထိ နတ်သားတို့မှာ အသက် (၂၀)အရွယ်၊ နတ်သမီးတို့မှာ အသက် (၁၆)နှစ် အရွယ် အမြဲ နုပျို လှပနေပေသည်။

လူများမှာကဲ့သို့ အိုမင်းရင့်ရော်ခြင်း၊ ဆံဖြူသွားကျိုး၊ မျက်စိမှုန်၊ အရေတွန့်ခြင်းတို့ မရှိကြပေ။ တစ်သက်လုံး အလှမပျက်ကြပေ။ (သေဆုံးကာနီး အချိန်ပိုင်းကလေးခဏသာ အဆင်းမလှ ဖောက်ပြန်ကြကုန်၏။)

## နတ်သက်မပြည့်မီ သေဆုံးခြင်း

(၁) ဒေါသကြီးတတ်သော နတ်များသည်လည်းကောင်း၊

(၂) အပျော်လွန်နေသောနတ်များသည် အစာစားရန် မေ့နေတတ်
ကြသဖြင့်သော်လည်းကောင်း၊ သက်တမ်းစေ့မနေရဘဲ သေကြ
ရလေသည်။
ထိုသို့ ဖြစ်ရခြင်းမှာ အလွန်အားကောင်းသော တေဇောဓာတ်
ဝမ်းမီးက အလွန်နူးညံ့သော ခန္ဓာကိုယ်ကို လောင်ကျွမ်းပ
လိုက်သောကြောင့် ဖြစ်ပေသည်။

(၃) ကောင်းမှုကုသိုလ် နည်းနည်းလုပ်ထားပြီး နတ်ပြည်ရောက်
သွားသူများသည် ကောင်းမှုကုသိုလ်ရဲ့ အကျိုးပေးမှု ကုန်ခမ်း
သွားသောအခါ သက်တမ်းမပြည့်မီ စုတေကြရလေသည်
ကောင်းမှုကုသိုလ်များများပြုထားမှသာ နတ်ဘုံတွင် အသက်
ထက်ဆုံး တည်နေနိုင်ပေသည်။

## စုတေကာနီး နိမိတ် (၅)မျိုး

နတ်များစုတေကာနီး လူတို့အချိန်အားဖြင့် (၇)ရက်အလိုတွ
ရှေ့ပြေးနိမိတ် (၅)မျိုး ထင်လေ့ရှိ၏။

(၁) နတ်ဘုံသို့ စတင်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် အဆ
တန်ဆာတစ်ခုအဖြစ်ဖြင့် ဦးခေါင်းတွင်ပါလာသော နတ်ပ
တို့သည် အစဉ်လန်းဆန်းလတ်ဆတ်နေရာမှ စုတေကာနီးတွ
ညှိုးနွမ်းလာပေသည်။

(၂) နတ်သက်တမ်းတစ်လျှောက်တွင် အမြဲသစ်လွင်တောက်ပနေသော နတ်ဝတ်တန်ဆာများမှာ ထူးထူးခြားခြား ညှိုးနွမ်းလာကြ၏။

(၃) နတ်တို့၏ခန္ဓာကိုယ်မှ ချွေးထွက်ရိုး ထုံးစံမရှိသော်လည်း စုတေကာနီးတွင် ချိုင်းကြားမှ ချွေးသီးချွေးပေါက်များ ယိုစီးလာတတ်၏။

(၄) နတ်သက်တမ်းတစ်လျှောက်လုံး ခန္ဓာကိုယ်သည်အမြဲနုပျိုလှပဝင်းလက်လျက်ရှိရာမှ စုတေကာနီးတွင် ခြောက်သွေ့ညစ်နွမ်းပင်ပန်းညှိုးလျလာပြီး ရုပ်အဆင်းဖောက်ပြန်လာပေသည်။

(၅) မိမိတို့၏ အတိတ်ကံကြောင့် နတ်ဗိမာန်များတွင် နတ်စည်းစိမ်စံစားလျက် မွေ့လျော်ပျော်ပိုက်နေကြရာမှ စုတေကာနီး၌မူ ဆက်၍နေလိုစိတ် ပျော်မွေ့လိုစိတ် နည်းပါးလာ၏။ ပျင်းရိငြီးငွေ့လာကြ၏။

ဤသည်တို့ကား နတ်တို့စုတေကာနီး ဖြစ်ပေါ်လေ့ရှိသော ပုဗ္ဗနိမိတ် ငါးမျိုးဖြစ်၏။

## နတ်တို့ စုတေကာနီးသော်

(၁) ဘုန်းတန်ခိုးကြီးမားသော နတ်တို့သာ သေရတော့မည်ကို ရက်အနည်းငယ်ကြိုတင်၍သိကြ၏။ တန်ခိုးငယ်သော နတ်တို့မှာကြိုတင် မသိနိုင်ကြပေ။

(၂) နတ်တို့စုဝေးသော် (၃၁)ဘုံမှ မည်သည့်ဘုံသို့ သံသရာခရီး ဆက်ရမည်ကို မသိကြသောကြောင့် သေကာနီးတွင် လူတို့ကဲ့သို့ပင် ကြောက်ရွံ့ တုန်လှုပ်တတ်ကြပေသည်။

(၃) အချို့သော နတ်တို့သည် သေကာနီးနတ်များကို အလွန်ပျော်မွေ့ဖွယ်ကောင်းသော နန္ဒဝန်ဥယျာဉ်သို့ ခေါ်ဆောင်လာကြပြီး ကြောက်ရွံ့ထိတ်လန့်မှုများကို ပျောက်စေ၏။ လူ့ပြည်သို့ ပြန်၍ ကောင်းမှုကုသိုလ်များပြုပြီး ပြန်လာခဲ့ကြရန် နှစ်သိမ့်တရားချ၏။

(၄) ကုသိုလ်ကံကြီးမားသော နတ်တို့က ဤသို့ဆင်ခြင်၏။ ငါတို့သည် လူ့ဘဝတွင် ရှိစဉ်ကတည်းကလည်း အလှူဒါနများ ပေးလှူခဲ့ကြသည်။ ယခု နတ်ဘုံရောက်နေခိုက်တွင်လည်း သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို တတ်အားသ၍ ဆောက်တည်ခဲ့ကြပြီးပြီ။ ဤနတ်ဘဝမှ စုတေလျှင် သုဂတိဘုံသို့ ရောက်ကြပေဦးမည်ဟု ဆင်ခြင်ကာ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျဉ်းမရှိကြပေ။

## သေကာနီး မှာကြားသော သုံးခွန်းသော စကား

နတ်များစုတေကာနီးဝယ် ပညာရှိနတ်များက သုံးခွန်းသော စကားကို မှာကြား၍ နှစ်သိမ့်ကြကြောင်း ဘုရားရှင်က မိန့်ကြားတော်မူခဲ့ပါသည်။

(၁) အိုအသင်နတ်သား၊ နတ်ပြည်မှ လူ့ဘုံသုဂတိသို့ သွားကြပါလေ။

(၂) လူ့ဘုံရောက်သော် ကောင်းစွာရအပ်သော အမြတ်ဆုံး လာဘ်လာဘဖြစ်သည့် သဒ္ဓါတရားကို ရအောင် ပြုကြပါလေ။

(၃) ကောင်းစွာပြုအပ်သောလာဘ်လာဘကိုရရှိပြီးသော် ကောင်းစွာတည်တံ့သူဖြစ်ပါလေ။

နတ်ပြည်သို့ နောက်ထပ်တဖန် ပြန်လာခဲ့ကြပါလေဟု။

ဆိုလိုရင်းမှာ လူ့ပြည်သို့သွား၍ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို တတ်အားသမျှ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခြင်း ဖြစ်ပေသည်။

## နတ်တို့သည် ငိုကြွေးတတ်ပါသလား

နတ်ဘုံ (၆)ထပ်မှ အနာဂါမ်နတ်များ၊ သူတော်စင်နတ်များမှအပ ကျန်နတ်အများစုသည် လောဘ၊ ဒေါသ မကင်းကြသေးသဖြင့် အကြောင်းပေါ်လာသည့်အခါ ငိုကြွေးတတ်ကြပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုကာနီး၌ နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားရှင်အား နောက်ဆုံးဖူးမြော်ရန် ရောက်ရှိလာကြပြီး၊ ငိုကြွေးမြည်တမ်းကြ၏။ ဆံပင်များကို ဖြန့်၍လည်းကောင်း၊ လက်မောင်းများကို မြှောက်၍လည်းကောင်း၊ လူးကာ၊ လိမ့်ကာဖြင့်လည်းကောင်း ငိုကြွေးကြလေသည်။

## နတ်တို့ စုတေခြင်း

နတ်တို့သေဆုံးလျှင် လူများကဲ့သို့ အသုဘအလောင်း မကျန်ရစ်ကြပေ။ ဆီမီးတောက်ငြိမ်းသကဲ့သို့ ခန္ဓာကိုယ်ချုပ်ငြိမ်း ပျောက်ကွယ်သွားကြပေသည်။

## ထူးခြားသော နေရာဒေသအချို့

### (၁) နန္ဒဝန်ဥယျာဉ်ကြီး

ပုထုဇဉ်တို့ မြင်တွေ့ခံစား၍ မငြီး၊ အံ့ဩ၍ မကုန်နိုင်လောက် အောင် ပန်းပင်၊ သစ်ပင်၊ သုံးဆောင်ဖွယ် အဖြာဖြာတို့ဖြင့် ခမ်းနား တင့်တယ်လှပသည်။

ဥယျာဉ်ကြီးထဲတွင် အရွယ်အမျိုးမျိုး၊ အဆင်းအမျိုးမျိုး၊ အသံ အမျိုးမျိုး၊ သဏ္ဌာန်အမျိုးမျိုး၊ ကိုယ်ရောင်ကိုယ်ဝါ အမျိုးမျိုးရှိသော နတ်ကချေသည်တို့ကလည်း ကခုန် တီးမှုတ် သီဆိုဖျော်ဖြေလျက်ရှိ ကြ၏။

ဥယျာဉ်ကြီးအလယ်တွင် ကြည်လင်သောရေများဖြင့် ပြည့်နေ သော ကန်တော်ကြီးများ ရှိပြီး၊ ဘေးပတ်လည်တွင် ရတနာထိုင်ခုံများ ပေါ်၌ နတ်မောင်မယ်များ ကြည်နူးနေကြ၏။

စုတေကာနီး ပူဆွေးနေကြသည့် နတ်သား၊ နတ်သမီးများပင် နန္ဒဝန်ဥယျာဉ်အတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သေရတော့ မည့်အရေးကို မတွေးမိနိုင်လောက်အောင် ပျော်မွေ့ဖွယ်ကို ဆောင် သည်ဟု ဆိုပါသည်။

### (၂) ဝေဇယန္တာပြာသာဒ်

တာဝတိံသာ နတ်ဘုံအလယ်တွင် ရှိ၏။ ယူဇနာသုံးရာမြင့် သော တံခွန်တိုင်နှင့် ယူဇနာ ခုနစ်ရာမြင့်သော ဘုံနန်းပြာသာဒ်တို့ ရှိကြ၏။ ယူဇနာတစ်ထောင် (မိုင်ရှစ်ထောင်) အမြင့်ဆောင်သော

ဘုံနန်းပြာသာဒ်ကြီးဖြစ်ပေသည်။ ပတ္တမြား၊ ရွှေ၊ သန္တာ၊ ရတနာ ခုနစ်ပါးတို့ဖြင့် စီခြယ်ထား၏။

(၃) **ပင်လယ်ကသစ်ပင်**

တာဝတိံသာနတ်ဘုံ၊ ပုဏ္ဏရိက ဥယျာဉ်၌ တည်ရှိသည်။ ပင်စည်လုံးပတ် (၁၅)ယူဇနာ ထက်ဝန်းကျင် (၃၀၀) ယူဇနာ ရှိသည်။

ကသစ်ပန်းပွင့်သောအခါ သစ်ပင်မှ အလင်းရောင်သည် ယူဇနာ (၅၀)တိုင်အောင် ပျံ့နှံ့သည်။ ပန်းရနံ့မှာ ယူဇနာ (၁၀၀) တိုင်အောင် သင်းပျံ့သည်။

ကသစ်ပန်းပွင့်သော် နတ်တို့က လာရောက် စောင့်ရှောက်ပေးကြ၏။

(၄) **ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ**

တာဝတိံသာ နတ်ဘုံတွင်ရှိသည်။ အလျား ယူဇနာ (၆၀)၊ အနံ ယူဇနာ (၅၀)၊ အောက် ယူဇနာ (၁၅)ရှိသော ကမ္ဗလာနီ အဆင်းကဲ့သို့ နီမြန်းသော အဆင်းရှိ၏။

အလွန်နူးညံ့သောကြောင့် ထိုကျောက်ဖျာပေါ်၌ သိကြားမင်း ထိုင်သော် ကိုယ်တစ်ဝက်ထိ နစ်မြုပ်၏။

အောက်ပါအကြောင်းသုံးမျိုးကြောင့် ကျောက်ဖျာ ပူပြင်းတင်းမာလာတတ်ပါသည်။

(က) လူ့ပြည်မှာ သီလရှိသောသူတော်ကောင်းတို့အား ကူညီစောင့်ရှောက်ရန် လိုအပ်လျှင်

(ခ) သိကြားမင်း၏ သက်တမ်းကုန်ဆုံးကာနီးလျှင်
(ဂ) တန်ခိုးကြီးသောပုဂ္ဂိုလ်များက သိကြားမင်း၏နေရာကို လိုလား တောင့်တလျှင် တို့ဖြစ်ပါသည်။

(၅) **ဧရာဝဏ်ဆင်ကြီး**

သိကြားမင်း ဥယျာဉ်ကစားရန် ထွက်သောအခါ စီးနိုင်ရန် အတွက် ဧရာဝဏ်အမည်ရှိနတ်သားက မိမိ၏ခန္ဓာကိုယ်ကို အသွင် ပြောင်းကာ ဧရာဝဏ်အမည်ရှိ ဆင်ကြီးကို ဖန်ဆင်းပေးလေသည်။

ထိုဆင်ကြီးတွင် နတ်မင်းကြီး (၃၃)ပါးစီးရန်၊ ဆင်ဦးကင်း (၃၃)လုံး ပါရှိ၏။

နတ်မင်းကြီးများအလယ်တွင် သိကြားမင်းစီးရန် ယူဇနာ (၃၀)ရှိ ဆင်ဦးကင်းကို ဖန်ဆင်း၏။ ထိုဆင်ဦးကင်းအထက်တွင် (၁၂) ယူဇနာ ကျယ်သောမဏ္ဍပ်ရှိ၏။ ထိုမဏ္ဍပ်၌ (၁)ယူဇနာရှိ တံခွန်တိုင်ရှိ၏၊ တံခွန်တိုင်၌ ရွှေခြူကွန်ရွက်တို့ဖြင့် ဆွဲထား၏။ လေညင်းတိုက်သော အခါ နတ်တူရိယာသံတို့ ထွက်လေသည်။

ဆင်ဦးကင်းတစ်ခုစီတွင် အလျား ယူဇနာ (၅၀) ရှိ အစွယ် (၇)ချောင်းစီပါရှိ၏။ အစွယ်တစ်ချောင်းစီတွင် ပဒုမ္မာကြာ (၇)ပွင့်စီ ရှိသော ရေကန် (၇)ခုစီပါ၏။

ပဒုမ္မာကြာပွင့်တစ်ခုစီတွင် နတ်သမီး(၇)ယောက်စီကခုန်ကြ၏၊ ဤသို့ကြီးကျယ်လှစွာသော စည်းစိမ်ကိုခံစားလျက် သိကြားမင်းသည် ဥယျာဉ်ကစားရာမှ ပြန်လာပြီးသော် ဧရာဝဏ်ဆင်ကြီးသည် နဂို ပကတိအတိုင်း ဧရာဝဏ်နတ်သားပြန်ဖြစ်သွားလေသည်။

### (၆) စူဠာမဏိ စေတီတော်

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် ဦးသျှောင်နှင့်တကွ ဦးစွန်ကိုကိုင်ပြီး (ငါဟာ ဘုရားဖြစ်မယ်ဆိုရင် ကောင်းကင်မှာတည် ပါစေ၊ မဖြစ်ရင် မြေပေါ်မှာ ကျပါစေလို့) အဓိဋ္ဌာန်ကာ ကောင်းကင် သို့ပစ်လိုက်ပါသည်။ ထိုအခါ တစ်ယူဇနာမြင့်သော အထက်အရပ် သို့သွားကာ ကောင်းကင်မှာ တည်နေပေသည်။

သိကြားမင်းက နတ်မျက်စိနဲ့ကြည့်ပြီး ရတနာကလပ်နဲ့ ထို ဆံတော်များကိုခံယူကာ တာဝတိံသာနတ်ပြည်မှာ သုံးယူဇနာမြင့်တဲ့ စူဠာမဏိစေတီတော်ကို ရတနာခုနစ်ပါးနဲ့ အပြီးတည်ထားပေသည်။

နတ်သား၊ နတ်သမီးတို့သည် ပန်း၊ ဆီမီးများ ကပ်၍ ကုသိုလ်ယူ ကြလေသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် လူ့ပြည်မှ လူအများ သည် တာဝတိံသာနတ်ဘုံရှိ စူဠာမဏိစေတီတော်ကို ရည်မှန်း၍ ဆီမီး များ ထွန်းညှိပူဇော်ကြလေသည်။

### (၇) ပန်းရှူးပွဲတော်ကြီး

တာဝတိံသာနတ်ဘုံတွင် (စိတ္တလတာ) ဥယျာဉ်တော်ကြီးရှိ၏။ ရတနာတံတိုင်း၊ ရတနာတံခါးတို့ဖြင့် ကာရံထား၏။ ဥယျာဉ်တွင်းရှိ မြရည်လိမ်းထားသလို စိမ်းစိမ်းစိုစိုပန်းပင်များရှိကြ၏။

ထိုဥယျာဉ်ကြီးထဲတွင် လူ့သက်တမ်းအားဖြင့် အနှစ်တစ်ထောင် ကြာမှ တစ်ကြိမ်သာပွင့်သော (အာသာဝသီ နွယ်နီနတ်ပန်း) ပန်းရှူး ပွဲတော်ကြီးကို ချိမ့်ချိမ့်သဲသဲ ကျင်းပပျော်မြူးကြ၏။

## ◂◂ နတ်ဘုံသို့ရောက်ရန် ဆုတောင်း အပ်၊ မအပ် ▸▸

လူ့ပြည်မှ သေလွန်၍ (အပါယ်လေးဘုံ)သို့ ရောက်ကာ၊ ဒုက္ခရေယာဉ်ကြောမှာ နစ်မြုပ်ပြီး မျှောရသည်ထက် (နတ်ဘုံ)သို့ ရောက်ကာ သုခရေယာဉ်ကြောမှာ ပေါ်ပြီး မျှောနေရတာက အများကြီး သာလွန်ကောင်းမွန်ပေသည်။ ပေါ်မျှောမျှောနေစဉ် သူတော်ကောင်းများနှင့်တွေ့ကာ သူတော်တရားကို နာကြားရလျှင် နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို သိရှိအားထုတ်နိုင်ပေမည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားက ပါရမီမပြည့်ဝသေးတဲ့ ပုထုဇဉ်လူသားတို့အတွက် ကုသိုလ်တရားပွားများချင်စိတ် ဖြစ်ပေါ်လာအောင် ကုသိုလ်ကောင်းပြုရင် ရရှိမည့် လာဘ်လာဘတည်းဟူသော နတ်ပြည်နတ်ရွာ သုဂတိဘုံအကြောင်း ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။

သို့သော် ကုသိုလ်ကောင်းမှုပြုပြီးတိုင်း နတ်စည်းစိမ်များကို အားကျကာ နတ်ပြည်သို့ ရောက်ရပါလို၏ဟု မရည်ရွယ်သင့်ပေ။ ဆုမတောင်းသင့်ပေ။ သူတော်စင်များလည်း မကြိုက်၊ ဘုရားရှင်လည်း မကြိုက်ပေ။

ကုသိုလ်ပြုပြီးတိုင်း နိဗ္ဗာန်သို့ အချိန်တိုတိုနှင့်ရောက်ရန်အတွက် အထောက်အပံ့ဖြစ်ရပါ၏ဟုသာ ဆုတောင်းသင့်ပါသည်။

မန္တလေးရထားစီးသွားသူသည် တောင်ငူကိုလည်း ဖြတ်သွားရ၏။ ပျဉ်းမနားကိုလည်း ဖြတ်သွားရ၏။ ထိုမြို့များကို ရပ်နား ဖြတ်ကျော်ပြီးမှ လမ်းဆုံး မန္တလေးသို့ ရောက်ပေမည်။

ထို့တူ ကောင်းမှု ကုသိုလ်များအမြဲပြု၍ နိဗ္ဗာန်ကို မျှော်လင့်ချက်ထားသူသည် လူ၊ နတ်၊ ဗြဟ္မာ၊ သုဂတိဘုံများကို ရောက်ရှိ၊ ရပ်နား၊ ဖြစ်ကျော်ရမည်သာ ဖြစ်ပေသတည်း။

## ◂◂ နတ်ဘုံနှင့် လူ့ဘုံ ▸▸

နတ်ဘုံသည် သံသရာတစ်လျှောက်လုံးက စုဆောင်းလာခဲ့သော ကုသိုလ်စုဘူးကိုဖောက်၍ ကံအကျိုးကြောင့် ရလာသော နတ်စည်းစိမ်ချမ်းသာများကို စိတ်တိုင်းကျ စံစားပြီး သုံးဖြုန်းနေသည်နှင့်တူ၏။

တောသူဌေးတစ်ဦးသည် တောဒွကုပ်ကုပ်ကပ်ကပ်ချွေတာ၍စုဆောင်းထားသော ငွေထုပ်ကို ပိုက်ကာ မြို့ပေါ်တက်၍ ဟိုတယ်တွင်တည်းခိုပြီး မိန်းမချောချောများနှင့် ပျော်ပါးကာ ငွေကုန်သည်အထိစည်းစိမ်ခံစားပစ်လိုက်သကဲ့သို့တည်း။

နတ်ဘုံသည် ကံတည်းဟူသော မိတ်ဆွေက ချမ်းသာတွေ ဆက်ပေးလျက်ရှိသောကြောင့် ဘာမျှ မပူပင်ရ မကြောင့်ကြရသော ကံဘုံသက်သက်သာဖြစ်၏။

သို့သော် နတ်တို့သည် ရနေသော စည်းစိမ်ချမ်းသာကို ပို၍တိုးတက်အောင် ပို၍တာရှည်တည်တန့်အောင် မတတ်နိုင်ကြချေ။ဆက်ရမည့် နောင်သံသရာခရီးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ ပါရမီတိုးပွားအောင် ကုသိုလ်တိုးပွားအောင် ကြိုးစားမှုများ မပြုနိုင်ရှာကြချေ။

လူ့ဘုံကား သုခ၊ ဒုက္ခ နှစ်မျိုးစလုံး ရောနေသော်လည်း သောဒုက္ခကို သက်သာအောင်လည်း ပြုနိုင်၏။ လုံးလုံးလွတ်က အောင်လည်းပြုနိုင်၏။ ရရှိသော သုခကိုလည်း တည်တန့်အော ပြုနိုင်၏။ တိုးတက်အောင် ပြုနိုင်၏။

လူဘဝချမ်းသာမှာ နတ်တို့ကဲ့သို့ မကြီးစားဘဲ အရံသင့် ဖြစ် ကြသည် မဟုတ်ပေ။ မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယတို့ပေါ်တွင် မူတ နေ၏။

လူ့ဘုံကား သားနှင့် မယားနှင့် ကာမဂုဏ်စည်းစိမ်လ ခံစားနိုင်၏။ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်အမျိုးမျိုးကို စိတ်တိုင်း ပြုလုပ်ပြီး သံသရာခရီးတွင် သုံးစွဲရန် ကြိုက်သလောက် ရိက္ခာစု နိုင်သော ရခဲလှစွာသော ဘုံဌာနဖြစ်ပေသည်။

လူတို့ကား ကံ၊ ဝီရိယနှစ်မျိုး အကျိုးမှီလျက် အသက်မွေး သူများဖြစ်ပေသည်။ နတ်တို့ကား ကံအကျိုးသက်သက်မှီလျ အသက်မွေးကြသူတို့ဖြစ်ပေသည်။

ထို့ကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီးက ဆိုမိန့်ခဲ့ဖူးပါသ

- လောကီအာရုံ ကာမဂုဏ်တွေ လိုချင်ကြရင် နတ်ပြည်သွား
- တရားလိုချင်ရင် လူ့ပြည်လာကြ ဟု။

◀◀ နတ်တို့စုတေသော် ရောက်မည့်ဘုံများ ▶▶

(၁) ဆက်လက်၍ တရားကျင့်ကြံရန် ဂုဏ်ရှယ်၍ ဗြဟ္မာဘုံသို့ အတက်ခရီး ဆန်တက်သွားသည်လည်း ရှိတတ်၏။

(၂) နတ်ဘုံတစ်ဘုံမှ အခြားနတ်ဘုံ တစ်ဘုံသို့ ကူးပြောင်းရောက်ရှိသွားသည်လည်းရှိတတ်၏။

(၃) သံသရာအတွက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များ ထပ်မံပြုလုပ်ရန် လူ့ဘုံသို့ ရောက်ရှိသွားသည်လည်း ရှိတတ်၏။

(၄) ကုသိုလ်ကံစွမ်းအားကုန်သွားပြီး အကုသိုလ်ကံအကျိုးပေးချိန် ရောက်သဖြင့် အပါယ် (၄)ဘုံသို့ သက်ဆင်းသွားခြင်းလည်း ရှိတတ်ပေသည်။

နတ်သမီး (၅၀၀)တို့သည် နတ်ဘုံရှိ ဥယျာဉ်အတွင်းဝယ် ပန်းများခူး၍ ပျော်မြူးနေကြစဉ် စုတေသွားကြပြီး အားလုံး မဟာအဝီစိ ငရဲသို့ ကျရောက်သွားကြဖူးပါသည်။

(၅) နတ်သား၊ နတ်သမီးတို့ သေလွန်သော် နတ်ပြည်သို့ ပြန်ရောက်သူ အလွန်ရှားပေသည်။

## ◂◂ နတ်တွေက ရှိခိုးရတဲ့ လူတွေဖြစ်ရအောင် ▸▸

- ✦ နတ်တို့၏အရှင် (သိကြားမင်း)သည် လူ့ပြည်မှ လူသားများကို လှမ်းမျှော်၍ ရှိခိုးပူဇော်၏။
- ✦ ထိုအကြောင်းကို (မာတလိ)နတ်သားက မေးရာ သိကြားမင်းက ဤသို့ဖြေ၏။
- ✦ "အချင်း မာတလိ လူ့ပြည်မှာ ကုသိုလ်ရှင် လူသားတွေရှိကြ တယ်။ သူတို့ဟာ နေ့စဉ်နှင့်အမျှ ဒါနကုသိုလ်၊ သီလကုသိုလ် ဘာဝနာကုသိုလ်တွေပြုလုပ်နေကြတယ်။ သံသရာခရီးအတွက် အဖိုးတန်လှတဲ့ မျိုးစေ့တွေကို စိုက်ပျိုးနေကြတယ်။ ထိုလူ့ပြည် က ကုသိုလ်ရှင်တွေကို ငါရှိခိုး၏"
- ✦ " အကြင်သူသည် ကောင်းမှုကိုပြု၏။ သီလရှိ၏။ ရတနာသုံးပါး ကိုဆည်းကပ်၏။ တရားနှင့်အညီ သား၊ မယားကို ကျွေးမွေး၏ ထိုသူတို့ကို ငါရှိခိုး၏။"
- ✦ " အကြင်သူသည် မိဘကို ပြုစုလုပ်ကျွေး၏။ ပူဇော်ထိုက်သူကို ပူဇော်၏။ သက်ကြီး၊ ဝါကြီးတို့ကို ရိုသေ၏။ လင့်ဝတ်ငါးပါး မယားဝတ်ငါးပါးနှင့်အညီကျင့်ကြံ၏။ အပြောအဆိုသိမ်မွေ့၏ ကုန်းတိုက်ခြင်းလည်းမရှိ မနာလိုဝန်တိုခြင်းလည်းမရှိ၊ မှန်သော စကားကိုသာဆို၏။ အမျက်ထွက်ခြင်းလည်းမရှိ၊ ထိုသူတို့အား ငါရှိခိုး၏။"

မာတလိ နတ်သားကလည်း ဤသို့လျှောက်ထားလေသည်။
အရှင်သိကြားမင်း ကျွန်ုပ်သည်လည်း အရှင်သိကြားမင်းကဲ့သို့ပင် ထိုသူတို့အားရှိခိုးပါ၏။ ဦးညွှတ်ပါ၏။

## ◂◂ အလိုရှိရာ နတ်ဘုံသို့ ရောက်နိုင်သူများ ◂◂

သီလရှိသော ပုဂ္ဂိုလ်များ၊ သီလလုံခြုံသော လူများသည် စင်ကြယ်သန့်ရှင်းသည့်စိတ်ဖြင့် ကောင်းမှုကုသိုလ်ပြုပြီးတိုင်း မိမိတို့ဖြစ်လိုရာ နတ်ဘုံများတွင် တောင့်တသည့်အတိုင်း ပြည့်စုံနိုင်သည်ဟု ဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။

## ◂◂ စာပေပိဋကတ်၊ ကျမ်းဂန်တတ်ကျွမ်းသူများ နတ်ပြည်ရောက်သော် ▸▸

လူ့ပြည်တွင် ဗုဒ္ဓစာပေ၊ ပိဋကတ်ကျမ်းဂန်များကို သင်ယူထားခြင်း၊ အာဂုံဆောင်ခြင်း၊ သင်ကြားပို့ချပေးခြင်း စသည်တို့ကို အားထုတ်ပြုလုပ်သူသည် လူ့ဘဝ၌ မင်္ဂဖိုလ်မရဘဲ ပုထုဇဉ်အဖြစ်ဖြင့်သာ သေလွန်၍ နတ်ဘုံရောက်သော်

(၁) နတ်ဖြစ်လျှင် ဖြစ်ချင်း တရားထူးကို ရနိုင်ခြင်း။

(၂) တန်ခိုးရှင် ဓမ္မကထိက (ရဟန်း၊ ရဟန္တာ) တစ်ပါးပါးက နတ်ပြည်သို့ကြွ၍ ဟောသော တရားကို နာကြားရ၍ တရားထူး ရနိုင်ခြင်း။

(၃) ဓမ္မကထိက (နတ်သားတစ်ဦးဦး) ၏ တရားကို နာကြားရ၍ တရားထူး ရနိုင်ခြင်း။

(၄) နတ်သားအချင်းချင်း သတိပေးမှုကြောင့် လူ့ပြည်တုန်းက ရခဲ့၊ ကျင့်ခဲ့ဖူးသည့် တရားတော်များကို သတိရကာ တရားထူးကို ရနိုင်ခြင်း။

ဟူသော အကျိုးတရား (၄)ပါးအနက် တစ်ပါးပါးကို မချွတ်ကေန် အမှန်ရပေမည်။

## ◄◄ တိရစ္ဆာန်များ သေလွန်သော် နတ်ဘုံရောက်နိုင်၊ မရောက်နိုင် ◄◄

တိရစ္ဆာန်များပင် ဖြစ်စေကာမူ သူတော်ကောင်း၊ မိတ်ဆွေကောင်းများနှင့် အတူနေရပြီး ရတနာသုံးပါးကို ကြည်ညိုသောစိတ်ဖြင့် အာရုံပြုသော စိတ်ဖြင့် သေလွန်သွားခဲ့သော် နတ်ပြည်သို့ရောက်သော သာဓကများစွာ ရှိပါသည်။ အချို့ကို ကောက်နုတ်ဖော်ပြသော်

(၁) **ကဏ္ဍကမြင်း**

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် တောထွက်ရန် ကဏ္ဍကမြင်းကို စီး၍ သွား၏။ အနော်မာမြစ်သို့ရောက်သော် စီးတော်မြင်းအား ပြန်စေ၏။

ထိုအခါ မြင်း၏စိတ်၌ ဘုရားလောင်းကို ငါပို့ဆောင်ပြီးပြီ ငါ၏ ကိုယ်မှာ အကျိုးရှိသော ခန္ဓာကိုယ်ဖြစ်လေပြီဟု တွေးကာ ်းမြောက်သောစိတ်ဖြစ်၏။

ငါ့သခင်အား ပြန်လည်ဖူးမျှော်ရန် အခွင့်အလမ်းမရှိတော့ပြီဟု ွးမိပြီးခွဲခွာရသောစိတ်ဖြင့် နှလုံးကွဲကာသေပွဲဝင်ရ၏။ တာဝတိံသာ ်ပြည်တွင် ကြီးကျယ်ခမ်းနားသော အခြံအရံများဖြင့် (ကဏ္ဍက) ်သား ဖြစ်ရလေသည်။

## ) လင်းနို့ငါးရာ

ကဿပဘုရားလက်ထက်တော်အခါက လင်းနို့ငယ်ငါးရာသည် ဟန်းများ နေ့စဉ် ရွတ်ဆိုပူဇော်သောတရားတော်အသံကို နားထောင် ာ ကြည်နူးကြ၏။ ကုသိုလ်၊ အကုသိုလ် ခွဲပြားမသိသော်လည်း ရားသံများကို အာရုံယူကြ၏။

သေသော် နတ်ပြည်၌ နတ်သားငါးရာဖြစ်ကြ၏။ ထို့နောက် ူပြည်၌ လူပြန်ဖြစ်ကာ ရဟန်းငါးရာ ဖြစ်ပြန်၏။

## ) ဖား နတ်သား

ဘုရားရှင်လက်ထက်တော်က ညနေချမ်းအချိန်တွင် (အဂ္ဂရာ ည်သော) ရေကန်ကြီးအနီး၌ ပရိသတ်တို့အား ဘုရားရှင်သည် တရား ဟောတော်မူ၏။

ထိုအခိုက် ဖားကြီးတစ်ကောင်သည် ရေကန်မှ တက်လာ၍ ရားသံတွင် ကြည်လင်သောစိတ်ဖြစ်နေ၏။ ထိုခဏ၌ နွားကျောင်း သား တစ်ယောက်၏ တုတ်သည် ဖား၏ဦးခေါင်းကို ထောက်မိပြီး၊ ားကြီး သေဆုံးသွားရ၏။ ဖားကြီးသည် တာဝတိံသာနတ်ပြည်၌ ရွှေ ်မာန်နှင့်နေရသော နတ်သားဖြစ်သွား၏။

◂◂ ရတနာသုံးပါးသည်သာ ကိုးကွယ်အားထားရာ ▸▸

- ✦ ငွေရှိသူတွေကိုးကွယ်လို့။
- ✦ အာဏာရှိသူတွေ ကိုးကွယ်လို့။
- ✦ ဆွေစဉ်မျိုးဆက်ကိုးကွယ်ခဲ့လို့။

ရိုးရာနတ်တွေကို ဦးထိပ်တင်ပြီး ပူဇော်ပသ ရှိခိုးကန်တော့နေ
သူများသည်

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးသည်သာ
ကိုးကွယ်အားထားရာဟု လမ်းညွှန်တော်မူခဲ့သော ဘုရားရှင်၏ အဆုံး
အမကို မလိုက်နာရာ မလေးစားရာ ရောက်ပေသည်။

အထက်ဘုံရှိနတ်ကြီးများသည် သီလရှိသော ရဟန်း သံဃာ
တော်များက ပင့်ဖိတ်မှသာ သစ္စာကတိ တည်ကြည်သော လူများက
ပင့်ဖိတ်မှသာ သာသနာတော် အရေးကိစ္စများတွင် လူ့ဘုံ လူ့လောက
သို့ ကြွရောက်လေ့ရှိကြပါသည်။ အကြောင်းမဲ့ လာလေ့မရှိကြပါ။
ပင့်ဖိတ်တိုင်း လာလေ့မရှိကြပါ။

ပယောဂဆရာ၊ အောက်လမ်းဆရာ၊ နတ်ကတော်တို့က ကြိုက်
တတ်ရာရာဖြင့် ကျွေးမွေးပသပြီး မချစ်မနှစ်သက်သူတို့ကို အစွမ်းကုန်
နှောင့်ယှက်ရန် ခိုင်းစေအမိန့်ပေးတိုင်း လိုက်လုပ်တတ်သည့်နတ်များ
နတ်ပွဲများတွင် ပူးကပ်ကခုန် သောက်စားလေ့ရှိသောနတ်များ။

သီလမရှိသောဆရာတို့၏ ဆေးဝါးအစီအမံများကို ကြောက်၍
ခိုင်းတိုင်းလိုက်လုပ်ရသော နတ်များသည်

အထက်ဘုံမှ နတ်ကြီးများ မဟုတ်ကြပါ။ အသုရကာယ်ဟု ခေါ်သော အဆင့်နိမ့်သည့် အောက်တန်းစားနတ်များသာဖြစ်ပါသည်။

လောကတွင် နိမ့်သူကသာမြင့်သူကို ပူဇော်ကိုးကွယ်ရှိခိုးထိုက်ပါသည်။ မြင့်သူက နိမ့်သူကို ပူဇော်ကိုးကွယ်ရှိခိုးခဲ့ရင် နှစ်ဦးစလုံးအတွက် သံသရာမှာ အကျိုးယုတ်စေပါသည်။ ထို့ကြောင့် ဒါနကုသိုလ်တွေ၊ သီလကုသိုလ်တွေအသင့်အတင့်ရှိနေတဲ့လူတွေဟာ အောက်နတ်တွေကို ရှိမခိုးထိုက်ပေ။

နတ်တွေကို အထွဋ်အမြတ်အဖြစ်နဲ့ရှိခိုးပူဇော်နေသူများသည် (သရဏဂုံ) ညစ်နွမ်းတတ်ကြောင်း၊ (သရဏဂုံ) ပျက်တတ်ကြောင်း သတိပြုနိုင်ကြပါစေ။

ကုသိုလ်ကောင်းမှုလုပ်ပြီးတိုင်း ကုသိုလ်ရဲ့အကျိုးဘာဂကို အမျှအတန်းပေးဝေခြင်းကသာ အမှန်တကယ် အကျိုးရှိတဲ့ပူဇော်ခြင်းသာဖြစ်ပါသည်။

နတ်များကို ပူဇော်ပသရှိခိုးကန်တော့နေသူများသည် အချိန်မနှောင်းသေးပါ။ ရဟန်းပညာရှိ လူပညာရှိများကို မေးမြန်းချဉ်းကပ်ပြီး ရခဲလှသောလူ့ဘဝကိုရရှိစဉ် ကိုးကွယ်မှုစစ်မှန်စေရန် အချိန်မှီကြိုးပမ်းအားထုတ်နိုင်ကြပါစေ။

# ဗြဟ္မာဘုံ

## ◂◂ ဗြဟ္မာဟူသည် ▸▸

အလွန်မွန်မြတ်ကုန်သော ဈာန်အစရှိသော ဂုဏ်တို့ဖြင့် ကြီးပွားကုန်သော နတ်ဘုံအထက်ရှိ ပုဂ္ဂိုလ်တို့ကို ဗြဟ္မာ ဟူ၍ ခေါ်ပါသည်။

ကာမဘုံရှိ လူသားတို့တွင် ကာမဂုဏ်ဝတ္ထုပစ္စည်းများများရှိလေ သူကြွယ်သူဌေးဟု အထင်ခံရလေဖြစ်၏။ ဗြဟ္မာတို့တွင် ကာမဂုဏ်ဝတ္ထုမွဲနိုင်သမျှမွဲ၍ ဈာန်တရားကြွယ်ဝလေလေ အဆင့်မြင့်လေလေ ဖြစ်၏။

## ◂◂ ဗြဟ္မာဘုံ တည်နေရာ ▸▸

အမြင့်ဆုံးနတ်ဘုံ၏အထက် ယူဇနာပေါင်း (၅)သန်း(၅)သိန်း (၈)ထောင်ကျော်တွင် ပထမဈာန် ဗြဟ္မာ(၃)ဘုံ စတင်တည်ရှိပါသည်။

ပထမဈာန် (၃)ဘုံ၏ အထက်ယူဇနာ (၅)သန်း (၅)သိန်း (၈)ထောင်ကျော်တွင် ဒုတိယဈာန်ဗြဟ္မာ (၃)ဘုံ ဆက်လက် တည်ရှိပါသည်။

ဤသို့ဖြင့် ကျန်ဗြဟ္မာဘုံများသည် တစ်ထပ်နှင့်တစ်ထပ် ယူဇနာ (၅)သန်း (၅)သိန်း (၈)ထောင်စီ ကွာခြားကြပါသည်။

ပြဟ္မာဘုံများသည် နတ်ဘုံများထက် အဆများစွာ အေးငြိမ်းသည်။ (ဝယူဇနာ - ၈ မိုင်)

## ◂◂ ပြဟ္မာဘုံ (၂၀) ▸▸

ပြဟ္မာဘုံ စုစုပေါင်း (၂၀) ရှိသည်။
ရုပ်နာမ် နှစ်ပါးစုံ ပြဟ္မာဘုံ (၁၅)ဘုံ (ရူပပြဟ္မာဘုံ)
ရုပ်သက်သက်သာရှိသော ပြဟ္မာဘုံ (၁)ဘုံ
(အသညသတ် ပြဟ္မာဘုံ)
နာမ်သက်သက်သာရှိ ပြဟ္မာဘုံ (၄)ဘုံ
(အရူပပြဟ္မာဘုံ) တို့ ဖြစ်ကြပေသည်။

## ◂◂ ပြဟ္မာတို့၏ စည်းစိမ်ချမ်းသာ ▸▸

(၁) ပြဟ္မာဘုံရှိ ဥယျာဉ်၊ ဗိမာန်စသည်တို့မှာ နတ်ဘုံ နတ်နန်းတို့ထက်ပင် ခမ်းနားကြီးကျယ်ပါသည်။

(၂) ပြဟ္မာဘုံရှိ မြေသားသည် နတ်ဘုံများမှာကဲ့သို့ ဖန်မြေ၊ မှန်မြေဖြစ်၏။ ဖုန်မှုန့်အညစ်အကြေး ကင်းစင်၏။

(၃) ပြဟ္မာတို့တွင် ယောကျ်ား၊ မိန်းမအင်္ဂါများ မရှိကြချေ။ အားလုံးယောကျ်ားပုံသဏ္ဌာန်များသာ ဖြစ်ကြ၏။

(၄) ဖြဟ္မာတို့သည် ကာမဂုဏ်ခံစားခြင်း လုံးဝမရှိကြပေ။ ကာမဂုဏ် အညစ်အကြေး ကင်းစင်၏။

(၅) ဖြဟ္မာဘုံတွင် သားသမီးမရှိ၊ ဇနီးမောင်နှံဟူ၍ မရှိကြပေ။

(၆) ဖြဟ္မာများသည် ယောဂီသူတော်စင်များနေသကဲ့သို့ ကမ္ဘာ့ဌာန် ပွားများအားထုတ်လျက် ဈာန်ဝင်စားကာ အေးချမ်းစွာ နေကြ ပေသည်။

(၇) ဖြဟ္မာတို့သည် အစာအဟာရစားသုံးခြင်း မရှိကြပါ။ တရားပီတိ ဈာန်ဝင်စားမှုပီတိဖြင့်နေကြ၏။ စိတ်အေးချမ်းမှုဖြင့်နေကြ၏

(၈) ဖြဟ္မာများသည်

သူတစ်ပါးအကျိုးကို လိုလားသော (မေတ္တာစိတ်)

သူတစ်ပါးကို သနားတတ်သော (ဂရုဏာစိတ်)

သူတစ်ပါးကြီးပွား ချမ်းသာမှုကို ဝမ်းမြောက်တတ်သော (မုဒိတာ စိတ်)

သနားစရာ ဝမ်းသာစရာတွေ့လျှင် ကံအတိုင်း ဖြစ်ကြတာပဲ

သဘောထားတတ်သော (ဥပေက္ခာစိတ်)

ဟူသော ဖြဟ္မစိုရ်တရား (၄)ပါး ကို ပွားများလျက် အေးချမ်း နေကြ၏။

(၉) ဖြဟ္မာများသည် (၃၁)ဘုံထဲတွင် တန်ခိုးအကြီးဆုံး အသ အရှည်ဆုံး ဖြစ်ကြသည်။

(၁၀) ဖြဟ္မာကြီးများသည် လူ့ဘုံနှင့် အလွန်ဝေးကွာလှသောကြော လည်းကောင်း၊ လူ့လောကနှင့် အဆက်အသွယ် လုံးဝပြတ်

တတ်ပါသည်။ လူတို့၏အရေးတွင် ပတ်သက်ခြင်းမရှိကြပါ။

(၁၁) ဘုရားပွင့်တော်မူစဉ် မြတ်စွာဘုရားထံ တရားနာယူရန် လူ့ပြည်သို့ ဆင်းလာကြသော ဗြဟ္မာများသည် သတ္တဝါမျိုးစုံကို စားသောက်ထားကြသော လူတို့၏ အညီအနံ့ကို မခံနိုင်ကြသောကြောင့် လူခြေတိတ်ချိန် ညပိုင်းမှသာ လူ့ပြည်သို့ လာလေ့ရှိတတ်ပါသည်။

## ◂◂ ဗြဟ္မာသက်တမ်း ▸▸

ဗြဟ္မာများသည် (၃၁)ဘုံထဲတွင် အသက်အရှည်ဆုံးဖြစ်သည်။

ဗြဟ္မာတို့၏ သက်တမ်းမှာ ရှည်ကြာလှသောကြောင့် နှစ်ဖြင့်ရေတွက်ခြင်း မပြုဘဲ (အန္တရကပ်)၊ (အသင်္ချေယျကပ်)၊ (မဟာကပ်) စသည့် သက်တမ်းတို့ဖြင့်သာ ရေတွက်ကြပါသည်။

မှတ်ရန်

(၁) လူ့သက်တမ်း အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းထိ ဆုတ်ယုတ်ပြီး တစ်ဖန် ဆယ်နှစ်တမ်းမှ အသက်အသင်္ချေယျတမ်းထိ ပြန်ရောက်ရန် ကြာသောကာလကို (အန္တရကပ်) တစ်ကပ်ဟု ခေါ်သည်။

(၂) အန္တရကပ်(၆၄)ကပ် = အသင်္ချေယျကပ်တစ်ကပ် = တစ်ကမ္ဘာ

(၃) အသင်္ချေယျကပ် (၄)ကပ် = မဟာကပ်

(၄) ဗြဟ္မာတို့၏ သက်တမ်းသည် ရောက်ရှိသော ဘုံကိုလိုက်၍ အနည်းဆုံး (အသင်္ချေယျကပ်) သုံးပုံတစ်ပုံ မှ အများဆုံး (မဟာကပ်) ရှစ်သောင်းလေးထောင်အထိ အသက်ရှည်ကြ ပါသည်။

## ◂◂ ဗြဟ္မာဘုံကို ရောက်မည့်လူများ ▸▸

ဗြဟ္မာဘုံကို ရောက်ရန်မှာ အလှူဒါနပြုရုံ၊ သီလဆောက်တည် ရုံဖြင့် မလုံလောက်ပါ။

တရားဘာဝနာကို ထိထိရောက်ရောက် ကျင့်ကြံ ပွားများ အားထုတ်သူများသာ မိမိတို့ရရှိလာမည့် ဈာန်အမျိုးအစားပေါ် မူတည် ၍ ကွယ်လွန်သော် ဗြဟ္မာဘုံအမျိုးမျိုးသို့ ရောက်ပေမည်။

ဈာန် ဆိုသည်မှာ ဈာန်အင်္ဂါငါးခုဖြစ်သော

(၁) စိတ်နှင့်အာရုံကို ဆွဲစပ်ပေးသောသဘော = ဝိတက်

(၂) အာရုံပေါ်မှာ စိတ်ကြာကြာနေအောင် ဖန်တီးပေးသော = ဝိစာ သဘော

(၃) နှစ်သက်မှုသဘော = ပီတိ

(၄) ချမ်းသာအေးမြခြင်းသဘော = သုခ

(၅) အာရုံ၌စိုက်၍ တည်ကြည်နေသော သဘော = ဧကဂ္ဂတာ ဟူသော စေတသိတ် (၅)ခုအပေါင်းကို ဈာန်ဟု ခေါ်ပါသည်

ချာန် သည် (နီဝရဏတရား) ငါးပါးဖြစ်သော

(၁) ကာမဂုဏ်ကို တပ်မက်ခြင်း = လောဘ

(၂) အမျက်ထွက်ခြင်း = ဒေါသ

(၃) ထိုင်းမှိုင်းလေးလံခြင်း = ထိန၊ မိဒ္ဓ

(၄) စိတ်မငြိမ်ခြင်း၊ စိုးရိမ်ခြင်း = ဥဒ္ဒစ္စ၊ ကုက္ကုစ္စ

(၅) အမှန်တရားကို မသိခြင်း = မောဟ

တို့ကို ငြိမ်းဝပ်သွားစေနိုင်သော တရားဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကိလေသာ အညစ်အကြေးများ ကင်းစင်နေသော စိတ်ဖြစ်ပါသည်။

## ◂◂ ရောက်နိုင်သော ဗြဟ္မာဘုံအဆင့်ဆင့် ▸▸

### ၁။ ပထမဈာန် (၃) ဘုံ

လူပြည်၌နေစဉ် ဖွဲ့လုံ့လသန်သန်ဖြင့် မနေမနား တရားအားထုတ်ခြင်း၊ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ခြင်း၊ ကသိုဏ်းရှုခြင်းစသည့် သမထဘာဝနာ ပြုဖန်များလျှင် ထူးဆန်းသောစိတ်တစ်မျိုး ဖြစ်ပေါ်လာတတ်၏။

ယင်းစိတ်တွင် (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) ငါးမျိုး ပါဝင်၏။

ထိုစိတ်ကို ပထမဈာန်ဟု ခေါ်ပါသည်။ ပထမဈာန်ရသော လူများ ကွယ်လွန်သော် ပထမဈာန် (၃)ဘုံတွင် ဗြဟ္မာဖြစ်ကုန်၏။

ထိုဖြပ္ပာဘုံများသည် နတ်ဘုံ၏အထက် ယူဇနာ (၅)သန်း (၅)သိန်း၊ (၈)ထောင်အမြင့်တွင် တပြေးညီ တည်ရှိပါသည်။

## ၂။ ဒုတိယဈာန် (၃) ဘုံ

ရရှိပြီးသော ပထမဈာန်ကို ဆင်ခြင်သုံးသပ်၍ ဆက်ကြိုးစား သော် (ဝိတက်မပါသောစိတ်)၊ (ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ လေးမျိုးသာပါသောစိတ်) ဒုတိယဈာန်ကို ရရှိပေသည်။

ထိုလူများ သေလွန်သော် ဒုတိယဈာန် (၃)ဘုံတွင် ဖြပ္ပာဖြစ် ကုန်၏။

ပထမဈာန် (၃)ဘုံ၏ အထက် ယူဇနာ (၅)သန်း (၅)သိန်း (၈)ထောင်အကွာတွင် တပြေးညီ တည်ရှိပါသည်။

## ၃။ တတိယဈာန် (၃)ဘုံ

ဆက်၍ကြိုးစားသော် (ဝိတက်နှင့် ဝိစာရမပါသောစိတ်)၊ (ပီတိ သုခ၊ ဧကဂ္ဂတာ သုံးမျိုးသာပါသောစိတ်) တတိယဈာန်ကို ရရှိ သည်။

ထိုလူများသေလွန်သော် တတိယဈာန် (၃)ဘုံတွင် ဖြပ္ပာ ဖြစ် ကုန်၏။ ဒုတိယဈာန် (၃)ဘုံ၏အထက် ယူဇနာ (၅)သန်း (၅)သိန်း (၈) ထောင်အကွာတွင် တပြေးညီ တည်ရှိပါသည်။

၄။ **စတုတ္ထဈာန် (၇) ဘုံ**

ဆက်၍ကြိုးစားသော် (ဝိတက်၊ ဝိစာရနှင့် ပီတိမပါသောစိတ်)၊ (သုခနှင့် ဧကဂ္ဂတာ နှစ်ခုသာပါသောစိတ်) စတုတ္ထဈာန်ကို ရရှိပေသည်။

စတုတ္ထဈာန်ရ (လူပုဂ္ဂိုလ်များ) ကွယ်လွန်သော် (ဝေဟပ္ဖိုလ်ဘုံ)နှင့် (အသညသတ်ဘုံ) (၂)ဘုံတွင် ဗြဟ္မာဖြစ်ကုန်၏။ ထို (၂)ဘုံသည် တတိယဈာန် ဗြဟ္မာဘုံများ၏အထက် ယူဇနာ (၅)သန်း (၅)သိန်း (၈)ထောင်အကွာတွင် တပြေးညီတည်ရှိပါသည်။

အသညသတ် ဗြဟ္မာဘုံသည် ရုပ်သာရှိ၍ သိစိတ်၊ သိနာမ်မရှိကြပေ။ ဘာကိုမျှမသိကြသော ရွှေရုပ်တုကြီးများသဖွယ် အချို့က ရပ်လျက်၊ အချို့က ထိုင်လျက်၊ အချို့က လဲလျောင်းလျက် ရှိကြကုန်၏။

စတုတ္ထဈာန်ရ (အနာဂါမ် အရိယာ ပုဂ္ဂိုလ်တို့) ကွယ်လွန်သော် (သုဒ္ဓါဝါသ ငါးဘုံ) တွင် ဗြဟ္မာဖြစ်ကုန်၏။ ထို (၅)ဘုံသည် (ဝေဟပ္ဖိုလ်ဘုံ) နှင့် (အသညသတ်ဘုံ) (၂)ဘုံတို့၏ အထက်တွင် တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ (၅)သန်း (၅)သိန်း (၈) ထောင်စီ ကွာခြားပြီးတည်နေကြ၏။

ထို (သုဒ္ဓါဝါသ) ဗြဟ္မာဘုံ (၅)ဘုံသည် သာမာန်လူများ လုံးဝမရောက်နိုင်ပေ။ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်နှစ်မျိုးသာ ရောက်နိုင်ပါသည်။

(သုဒ္ဓါဝါသ) (၅)ဘုံနှင့် (အသညသတ်)ဘုံတို့မှအပ ကျန် ဗြဟ္မာ (၁၀)ဘုံသည် သာမန်လူများ ကြိုးစားလျှင်ရနိုင်ပေသည်။

***(ဝေဟပ္ဖိုလ်) ဗြဟ္မာဘုံသည် ပုထုဇဉ် သာမန်လူများ ရောက်နိုင်သော အမြင့်ဆုံး ဗြဟ္မာဘုံဖြစ်ပါသည်။***

(၅) **ပဉ္စမစျာန် (၄) ဘုံ**

စတုတ္ထစျာန်ရပြီး ပုဂ္ဂိုလ်သည် ဆက်၍ကြိုးစားသော် (ဥပေက္ခာ နှင့် ဧကဂ္ဂတာ နှစ်ခုသာပါရှိသော) ပဉ္စမစျာန်ကို ရရှိ၏။

ထိုပုဂ္ဂိုလ်များ ကွယ်လွန်သော် ပဉ္စမစျာန် (၄)ဘုံတွင် ဖြဟ္မာ ဖြစ်ကုန်၏။ ထို (၄)ဘုံသည် (သုဒ္ဓါဝါသ) (၅)ဘုံ၏ အထက်တွင် ရှိကြ၏။ ယူဇနာ (၅)သန်း (၅)သိန်း (၈)ထောင်စီကွာခြားလျက် ထက် အောက် အဆင့်ဆင့် တည်ရှိကြကုန်၏။

ထို(၄)ဘုံကို ရုပ်မရှိ၊ နာမ်သာရှိသော (အရူပ) ဗြဟ္မာဘုံဟု ခေါ်၏။ ကမ္ဘာပေါင်းများစွာတိုင်အောင် ရုပ်ခန္ဓာကိုယ်မပါဘဲ စိတ် ဝိညာဉ်ချည်းသာ တည်ရှိလေသည်။

**◂◂ နာမ်မရှိဘဲ ရုပ်သာရှိသော ဗြဟ္မာဘုံတွင် ဗြဟ္မာဖြစ်ရခြင်းမှာ ▸▸**

လူတစ်ဦးသည် သမထ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ် ၍ စတုတ္ထစျာန်ရလာသော် ဤသို့တွေး၏။

လူတို့တွင် ရုပ်နဲ့နာမ်နှစ်ခုရှိရာ နာမ်က (စိတ်က)ခိုင်းစေသမျှ ရုပ်ကြီးက လိုက်လုပ်ပေးနေရတယ်။ ဗိုက်ဆာရင် စားပေးရ၊ အိပ် ချင်ရင် အိပ်ပေးရ၊ လှချင်ရင် ပြင်ဆင်ပေးရနဲ့ နာမ်အပေါ်မှာ အပြ မြင် မုန်းတီးစိတ်ဝင်ကာ ထိုစိတ်ဖြင့်ပင် သေလွန်သော် သူ၏ဆ

အတိုင်း နာမ်မရှိ သော ရုပ်သာရှိသော (အသညသတ်) ဗြဟ္မာဘုံတွင်
ကျ ဖြစ်ရပေသည်။

ဘုရားပွင့်သော်မှ ဘုရားလည်းမဖူးနိုင်၊ တရားလည်း မနာ
နိုင်ပေ။ မဖြစ်သင့်သော ရပ်ပြစ် (၈)ပါးထဲတွင် ပါဝင်ပေသည်။

## ◂◂ နာမ်သာရှိပြီး ရုပ်မရှိသော ဗြဟ္မာဘုံတွင် ဗြဟ္မာဖြစ်ရခြင်းမှာ ▸▸

လူတစ်ဦးသည် သမထ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်
၍ ပဥ္စမဈာန်ရလာသော် ဤသို့တွေး၏။

လူတို့တွင် ရုပ်နဲ့နာမ်နှစ်ခုရှိရာ ဒီရုပ်ကြီးရှိနေလို့ စားသောက်
ပေးရ၊ ပါပေးရ၊ ပေါက်ပေးရ၊ ရေချိုးပေးရ၊ ဖျားနာရင်လည်း ဆေးကု
ပေးရနဲ့ ရုပ်အပေါ်မှာ အပြစ်မြင်၍ မုန်းတီးစိတ်ဝင်ကာ ထိုစိတ်ဖြင့်
င် သေလွန်သော် သူ၏ဆန္ဒအတိုင်း ရုပ်မရှိသော နာမ်သာရှိသော
(အရူပဗြဟ္မာဘုံ) လေးဘုံသို့ ရောက်ရ၏။

အပြစ်ရှိသောအရပ် ရပ်ပြစ် (၈)ပါးထဲတွင် ပါဝင်ပေသည်။ ဤ
ဘုံမှတဆင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်ပါ။

## ◀◀ မိန်းမများရောက်နိုင်သော ဗြဟ္မာဘုံ ▶▶

ဘုရားရှင်က မဖြစ်နိုင်သော တရားအများစုတွင် မိန်းမ... သည် ဘုရားမဖြစ်စကောင်း၊ စကြာဝတေးမင်း မဖြစ်စကော... သိကြားမင်း မဖြစ်စကောင်း၊ မာရ်နတ်မင်း မဖြစ်စကောင်းနှင့် ဗြ... ကြီး မဖြစ်စကောင်းဟု ဟောကြားထားပေသည်။

မိန်းမများသည် သမထ ကမ္မဋ္ဌာန်း ပွားများအားထုတ်၍ ... ရခဲ့လျှင် ဗြဟ္မာဘုံသို့ရောက်နိုင်သော်လည်း မိန်းမသားဘဝသ... (ဘာဝ) အင်အားနည်းသည့်အတွက် (ဣဒ္ဓိပါဒ်) မထက်မြက်သေ... ကြောင့် အထက်အထက် ဗြဟ္မာကြီးများ မဖြစ်နိုင်ဘဲ ပထမဈ... သုံးဘုံမှ အောက်ဆုံးဘုံတွင်သာ ဖြစ်နိုင်ပေသည်။

လူ့ဘဝက မိန်းမဖြစ်သော်ငြားလည်း ဗြဟ္မာဘုံသို့ ရောက်သေ... မိန်းမအသွင်မဟုတ်တော့ဘဲ ယောကျ်ားအသွင် ဖြစ်သွားပေသည်...

## ◀◀ ဗြဟ္မာများစုတေသော် ▶▶

ဗြဟ္မာများစုတေသော် အပါယ်(၄)ဘုံသို့ တိုက်ရိုက် မ... ရောက်ပါ။

လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း၊ ဗြဟ္မာသေ... လည်းကောင်း ဖြစ်ကြရ၏။

ထိုမှတဆင့် အပါယ် (၄)ဘုံသို့ ရောက်နိုင်ပါသေးသည်။

# တိရစ္ဆာန်ဘုံ

## ◂◂ တိရစ္ဆာန်ဆိုသည်မှာ ▸▸

ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး၊ ကြောင် အကောင်ကြီးကြီးတွေ အစ ကြမ်းပိုး၊ ခြင်၊ သန်း အကောင်သေးသေးတွေအဆုံး သာမန် ကြက်စိနဲ့ မမြင်ရသောပိုးမွှားများပါမကျန် အဲ့ဒီလိုအကောင်တွေကို တိရစ္ဆာန်လို့ခေါ်ပါသည်။ ကုန်းနေ၊ ရေနေ၊ လေနေ တိရစ္ဆာန်အမျိုးမျိုး ရှိပါသည်။



## ◂◂ တိရစ္ဆာန်ဘုံ ▸▸

ဘုံသီးခြားမရှိပါ။

လူ့ဘုံတွင်လူများနှင့်ရောနှောနေထိုင်ကြပါသည်။

မြေထဲ၊ ရေထဲ၊ လေထဲနှင့် သတ္တဝါများ၏ ကိုယ်ခန္ဓာများထဲတွင် နေထိုင်ကြပါသည်။

တိရစ္ဆာန်အရေအတွက်သည် လူသားများအရေအတွက်ထက် အဆများစွာ သာလွန်ပါသည်။



## ◂◂ ဘယ်လိုလူတွေသေရင် တိရစ္ဆာန်ဖြစ်တတ်သလဲ ▸▸

(၁) မောဟဆိုသည်မှာ အမှန်ကိုမသိခြင်း၊ တွေဝေခြင်းကို ခေါ်သည်။

မောဟစရိုက်ရှိသူသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတတ်၏။ အမှုကိစ္စများကိုလည်း ရှုပ်ရှုပ်ပွေပွေလုပ်တတ်၏။ အစားအသောက်တွင် တင်းတိမ်ရောင့်ရဲမှုနည်း၏၊ ဇိဇာကြော တတ်၏။

ကိုယ်ပိုင်အသိပညာနည်းပါးသဖြင့် အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုးကို ခွဲခြားသိနိုင်စွမ်းမရှိတတ်ပေ။ အပေါင်း အဖော်မှ မြှောက်ပေးလျှင်ပြုလုပ်တတ်၏။ ထိုင်းထိုင်းမှိုင်းမှိုင်း နေတတ်ပြီး စိတ်ပျံ့လွင့်မှုများတတ်၏။

မောဟစိတ်နှင့်တွေဝေ၍သေလျှင် တိရစ္ဆာန် ဖြစ်တတ်လေ သည်။

(၂) တိရစ္ဆာန်ဖြစ်သွားသူများ၊ အပါယ်(၄)ဘုံရောက်နေသူများသည် လူ့ဘဝတွင်ရှိစဉ်က ဒါနမပြုခဲ့ကြသူများမဟုတ်ကြပေ။ အနည်း နှင့်အများ လှူဒါန်းမှုပြုခဲ့ကြသူများဖြစ်ကြ၏။

ဒါနရှိပါလျက် သီလပျက်မှုကြောင့် တိရစ္ဆာန်ဘဝရောက် သူများဖြစ်ကြ၏။ အထူးသဖြင့် ငါးပါးသီလမလုံခြုံသူများ ဖြစ် ပေသည်။

(၃) လူ့ဘဝတွင်ရှိစဉ်က သတ္တဝါများအပေါ် ညှင်းဆဲသတ်ဖြတ်ခြင်းစသည့် ဝဋ်လိုက်စေတတ်သော လုပ်ဆောင်ချက်များကြောင့်လည်း သေလွန်သော် တိရစ္ဆာန်ဘဝ ရောက်ရတတ်၏။ မိမိပြုခဲ့သော အကုသိုလ်ဝဋ်ကို တိရစ္ဆာန်ဘဝဖြင့် ပြန်လည်၍ ပေးဆပ်ရတတ်၏။

(၄) လူသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်စိတ်တွေနဲ့ သေသွားသူတွေဟာလည်း မိမိတို့စွဲလန်းရာဝန်းကျင်မှာ တိရစ္ဆာန်ဖြစ်ရတတ်ပါသည်။ သေပြီးနောက် တိရစ္ဆာန်ဘဝသို့ တန်း၍ ကူးပြောင်းသွားကြပြီး လူ့ဘဝက ခင်မင်တွယ်တာခဲ့သော အိမ်သားများနှင့် ချစ်ခင်စွာတစ်သက်တာ နေထိုင်သွားတတ်ကြ၏။

(၅) ပေးကမ်းလှူဒါန်းရန် နှမြောတွန့်တိုသူများ။

(၆) မှားသော အယူရှိသူများ သေလွန်သော် တိရစ္ဆာန် ဖြစ်ရတတ်ပါသည်။

✦ ***မောဟတည်းဟူသော တွေဝေစိတ်၊ အမှန်မသိစိတ်ကို ပါယ်ဖျောက်နိုင်မှသာ တိရစ္ဆာန်ဘဝသို့ မရောက်ရန် စိတ်ချရပါမည်။***

## ◂◂ ဆင် နှင့် ပုရွက်ဆိတ် ▸▸

ပြုခဲ့သော အကုသိုလ်ကံများကြောင့် တိရစ္ဆာန်ဘဝသို့ ရောက် ရ၏။

သို့သော် ပြုခဲ့သောကုသိုလ်ကံအဟုန်က ကိုယ်ကာယ ကြီးထွား အောင်၊ သူများနှိပ်စက်၍မလွယ်အောင် ထောက်ပံ့ပေး၏။ ထို့ကြောင့် ကြီးမားသော ကိုယ်ခန္ဓာ ဖြင့် ဆင်လာဖြစ်၏။ တိရစ္ဆာန်ပါဘဲ ဒါပေမယ့် ဆင်ကြီး။

ပြုခဲ့သော အကုသိုလ်ကံများကြောင့် တိရစ္ဆာန်ဘဝသို့ ရောက် ရ၏။ သို့သော် ပြုခဲ့သော ကုသိုလ်ကံအစွမ်း၊ ကုသိုလ်အခံက အလွန် နည်းပါးသောကြောင့် သူတစ်ပါးနှိပ်စက်ရလွယ်သော သေးငယ်သော ပိုးကောင်ဖြစ်ရလေသည်။ တိရစ္ဆာန်ပါဘဲ၊ ဒါပေမယ့် ပုရွက်ဆိတ်ကလေး ခြင်ကလေး။

သတ္တဝါအမျိုးမျိုး ဘဝအမျိုးမျိုးကို မည်သည့်တန်ခိုးရှင်ကမျှ ဖန်တီးပေးနေခြင်းမဟုတ်ဘဲ၊ မိမိပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံ များကသာ ဆန်းကြယ်စွာဖန်တီးနေကြလေသည်။

## ◄◄ တိရစ္ဆာန်တို့ရဲ့ဒုက္ခ ►►

လူတို့သည် တိရစ္ဆာန်တို့၏ ဒုက္ခအဝဝကို အတော်များများ တွေ့မြင်ဖူးကြ၏။

မပြောပလောက်သောအရေးအတွက်အနည်းစုမှအပ တိရစ္ဆာန် တို့သည် ဆင်းရဲစွာနေကြရ၏။ ကောင်းကောင်းမွန်မွန်လည်း မစား ကြရ။ ဝအောင်လည်း မစားကြရ။ အရိုက်အနှက် အပစ်အခတ် အသတ်အဖြတ်လည်း ခံကြရ၏။ အင်အားကြီးသူက ငယ်သူကို ရက်ရက်စက်စက် အနိုင်ကျင့်သတ်ဖြတ် စားသောက်ကြ၏။

လူတို့၏ အခိုင်းအစေခံ တိရစ္ဆာန်တို့မှာ ခိုင်းစေသူတို့၏ မညှာတာမှုကြောင့် အရိုက်အနှက် အညှဉ်းအဆဲကိုပါ ခံကြရရှာ၏။ ထိုတိရစ္ဆာန်များသည် မသေမီကာလ၌ တွေ့ကြုံရသော ဒုက္ခတို့မှ လွတ်မြောက်အောင် မရှောင်နိုင်ကြသည့်ပြင် နောက်ဆုံး အသတ်ခံ ဘဝသို့ ရောက်သောအခါ လည်စင်း၍ပင် အတင်းအသေခံကြရရှာ ပေသည်။

သို့သော် တိရစ္ဆာန်တို့သည် မိမိတို့ရဲ့ဘဝတွင် ပျော်မွေ့နေတတ် ကြပေသည်။

တစ်ခါက မစင်ပုံကြီးထဲရှိ ပိုးလောက်တစ်ကောင်အား စားရန် ငှက်တစ်ကောင်က ကြံစည်၏။ မစားခင် ဤသို့ပြော၏။

အို ပိုးလောက် အလွန်ရွံရှာဖွယ်ကောင်းတဲ့ မစင်ပုံထဲက သင့်ရဲ့ ဘဝကို ကယ်တဲ့အနေနဲ့ ကျွန်ုပ် သင့်ကို စားလိုက်မယ်။ ဒါမှသင် ယခုထက် မြင့်မြတ်သော ဘဝသစ်တစ်ခုကို ရောက်သွားလိမ့်မယ်။

ပိုးလောက်က ငှက်ငယ်ကို ပြန်ပြောရှာတယ်။

အိုငှက်ငယ် ကျွန်ုပ်ဟာ သင့်လိုအစာရှာဖို့လည်း မပူရ၊ စား မကုန် သောက်မကုန် ပေါများလိုက်တဲ့အစာတွေ သင်မြင်တဲ့အတိုင်း ဘဲ။ နေဖို့ထိုင်ဖို့လည်းမပူရ အပေါင်းအဖော် အခြွေအရံတွေကလည်း များပါပေ့။ ကျွန်ုပ်ကိုကယ်တင်ရန်မလိုပါ။

သင်သာ ကျွန်ုပ်ရဲ့ စည်းစိမ်ချမ်းသာကို မနာလို မဖြစ်ပါနဲ့တဲ့။

တိရစ္ဆာန်ဘဝဟာ တကယ်ကို သနားစရာပါ။ တောသု တောင်သားများနှင့် အများဆုံးရင်းနှီးကျွမ်းဝင်မှု ရှိသော နွားတွေရဲ့ ဘဝကို တစေ့တစောင်း လေ့လာကြည့်ရအောင်။

ကလေးတစ်ယောက်ကို မွေးတဲ့အမေက နို့မတိုက်နိုင်ရင် နွားနို့ ကို ကြိုပြီးတိုက်ကြတယ်။ နို့မှုန့်ကို ဖျော်ပြီးတိုက်ကြတယ်။ လူမမာ တွေက နွားနို့သောက်ပြီး အသက်ဆက်ကြတယ်။ ဒါ့ကြောင့် နွားမတွေ ဟာ သူသားတွေရဲ့ အသက်သခင်ကျေးဇူးရှင်အမေတွေဖြစ်ကြတယ် လို့ အချို့က ယူဆကြတယ်။

မြန်မာတွေ နေ့စဉ်စားနေကြတဲ့ ထမင်းဟာ စပါးက ရတာပါ။ တစ်ပြည်လုံးရဲ့ဝမ်းစာ စပါးဟာ နွားတွေက လုပ်ပေးကြတာပါ။ ပဲ ဝါ၊ နှမ်း၊ ပြောင်း ဆိုတာတွေကလည်း ယာထဲမှာ စိုက်ဖို့ နွားတွေကပဲ ထွန်ပေးကြတာပါ။ ကျေးရွာမှာနေတဲ့လူတွေ မသယ်နိုင်တာတွေ လူတွေမလုပ်နိုင်တာတွေ မှန်သမျှ နွားတွေ မပါရတာ မရှိပါဘူး။

ကိုယ့်ကို ကျေးဇူးပြုနေတဲ့ နွားတွေကိုတောင် လူတွေက သတ် စားရက်ကြလို့ လူကိုရော၊ နွားကိုရော မဟာဂရုဏာရှေ့ထားပြီး

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က ဂေါမံသ မေတ္တာစာ ခေါ် နွားမေတ္တာစာကို ရေးသားတော်မူခဲ့ပါသည်။

***ထိုနွားမေတ္တာစာမှကောက်နုတ်ချက်အချို့ကိုဖော်ပြရပါလျှင်***

- ဂေါမံသ (နွားသား) ဟင်းလျာကို မြိန်ယှက်စွာ စားရမှ အဆီအသားဖွံ့ဖြိုး ဉာဏ်ပညာတိုးသည်ဟု နှလုံးဆိုး စကားတတ်ကပ်လျှင်သာ ကပ်ရမည်။ သုတ်နိပါတ် ကျမ်းတွင် နာဖျားရန်အကြောင်းဟု ထုံးဟောင်းကို တွေ့ရသည်။
- သူတို့ဘေး၊ သူတို့ဘိုး တစ်မျိုးလုံး တစ်နွယ်လုံး သူတို့တိုင် မဆုံး တို့တတွေ ပုခုံးမှာ မီးဟုန်းဟုန်းထမတတ် တို့လုံ့လ တို့စွမ်းအင်နှင့် တို့ပင်ပန်းခံနိုင်လို့ ဆန်စပါး၊ ပြောင်း၊ နှမ်း၊ ဘူး၊ ပဲမျိုးစုံကို မြေပြင်လုံး မောက်ဖြိုးအောင် တို့တတွေ လုပ်ကျွေးကြတယ်။
- တို့ရှာပေးတဲ့ ဘဏ္ဍာနှင့် လိုရာတိုင်း ပြည့်စုံ ကုံလုံကြ အသီးသီး ကျောင်းကြီးဆောက် ဘုရားကြီးတည် တစ်တိုင်းလုံး ကြွယ်သည်မှာ ဘယ်သူက အရင်းဟု စဉ်းစားဖွယ် မရှိ ထင်အလင်းသိပါလျက် သတိပင်မပေါ် ကျေးဇူးကို မမျှော် စိတ်အချော်တိမ်းပါး မိတ်အဖော်စိမ်းကားလျက် တို့အသား တို့အသဲ တို့အဆီရွှဲရွှဲကို ထမင်းပွဲအလယ် အနင့်သားတယ်ပြီးလျှင် ရယ်ကာနှင့် ပြုံးကာ အရသာကို ခံစား၍ လင်မယားတွေ မှိုကြသည့်အနေမှာ မြိန်နိုင်ပေ့

သူတို့ကိုယ် မျိုးရက်ပေ့ သူတို့ခံတွင်း တို့လုပ်သည့် ထမင်းကို တို့ဟင်းလျာအသားနှင့် စားကြသည့် ဖြစ်အင်ကို အသည်းနာလိုက်ပါဘိ။

- ■ အစမ္ပလူသားနဲ့ စီးပွားတူ ချမ်းသာဘက် မှီခိုသည့်အတွက်ကြောင့် တက်တက်ကြီးအကုန်မှား ငါးပါးမှောက်၊ ခြောက်ပါးမှောက်။
- ■ အသက်တိုင်ရှိစဉ်လည်း မချို့တဲ့အောင်စေစား တို့ကိုယ်ကောင် အသားကို ဟင်းတစ်ပါးသတ်လို့လုပ် လူဘီလူးတွေရဲ့ အစာဟင်းလျာဘို့အပြီး။
- ■ သေရလျှင်လည်း လတ်တလော ရှင်စဉ်ကလည်း ဖတ်ဖတ်မော၊ မဟာဒုက္ခ ဘယ်အခါတွင်မှ သက်သာရာမရအောင် တို့ကြမ္မာကို အသည်းထိ နာလိုက်ပါဘိ ညာတကာအရင်းမိတ်ဆွေရင်းတို့။

အိုမိတ်ဆွေအပေါင်း သူတော်ကောင်းတို့ တိရစ္ဆာန်တွေအပေါ် ကိုယ်ချင်းစာစိတ် မေတ္တာစိတ် ထားရှိနိုင်ကြပါစေ။

သေရင် တိရစ္ဆာန်မဖြစ်ရအောင်လည်း နေထိုင်ပြောဆို ကျင့်ကြံနိုင်ကြပါစေ။

## ◂◂ တိရစ္ဆာန်တွေကို ရက်ရက်စက်စက် သတ်ရက်သူများ သတိပြုရန် ▸▸

ပသေနဒီ ကောသလမင်းကြီးရဲ့ မိဖုရားကြီး မလ္လိကာ ဟာ ဘဝတစ်ခုမှာ ဧည့်သည်များကို ကျွေးမွေးရန် အိမ်၌မွေးထားသော ဆိတ်ကလေးကို လည်လှီးသတ်၍ ချက်ကျွေးခဲ့၏။

ထိုအကုသိုလ်ကံကြောင့်သေသောအခါ ငရဲကျ၏။ ငရဲမှာ နှစ်ပေါင်းများစွာ ခံရ၏။ ငရဲမှလွတ်လာသောအခါ ဆိတ်ကလေးကိုယ်၌ရှိသော အမွေးအရေအတွက်မျှ တိရစ္ဆာန် အမျိုးမျိုးဖြစ်ရ၏။ ဖြစ်သည့်ဘဝတိုင်း၌ ဆိတ်ကလေးကို သတ်ခဲ့သည့်အတိုင်း လည်လှီးဖြတ်၍ အသတ်ခံရ၏။

ကံကံ၏အကျိုးအရ မကောင်းမှု ပြုလျှင် မကောင်းကျိုးကို အပြန်ပြန် ခံရပေမည်။ မည်သည့်တန်ခိုးရှင်ကမျှ ခြေဖျက်ပေး၍ မရနိုင်ပါ။



## ◂◂ တိရစ္ဆာန်တွေ သေရင် ▸▸

တိရစ္ဆာန်တို့သည် အကြောင်းအကျိုးကို မသိ၊ ပြုအပ်မပြုအပ်ကို မသိ၊ အယုတ်အမြတ်ကို မသိ၊ ကုသိုလ် အကုသိုလ်ကို မသိ၊ လောဘအကြိုက် မောဟအကြိုက်၊ ဒေါသအကြိုက်တွေကိုသာ စိတ်ပါလက်ပါ ပြုကျင့်တတ်၏။

လူ့ဘဝတုန်းက အနည်းငယ်သော မကောင်းမှုကံပြုမိ၍ တိရစ္ဆာန်ဖြစ်ရ၏။ တိရစ္ဆာန်ဖြစ်ပြန်တော့ အားကြီးသော မကောင်းမှုကံတွေကို ထပ်ပြန်တလဲလဲ ပြုမိနေသဖြင့်၊ ထိုမကောင်းမှုကံများ ကြောင့် တိရစ္ဆာန်များသေသော် အပါယ်လေးဘုံထဲမှာသာ တစ်ဘဝပြီး တစ်ဘဝကျင်လည်နေကြရပေသည်။

မိုက်မဲလို့ပဲဖြစ်ဖြစ်၊ မျက်စိလည် လမ်းမှားပြီးဖြစ်ဖြစ် လူတွေ သေလို့ တိရစ္ဆာန်ဖြစ်ခဲ့ရင် လူပြန်ဖြစ်ရန် အလွန် ခဲယဉ်းပေသည်။

တိရစ္ဆာန်များသေဆုံးလျှင် ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးပေးအရ အပါယ်(၄)ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ (၆)ဘုံ စုစုပေါင်း ကာမ(၁၁)ဘုံမှ တစ်ဘုံဘုံသို့ လားရောက်နိုင်ပါသည်။

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေကို စိတ်တိုင်းကျ လုပ်လို့ရသော လူတွေသေသော်မှ အများစုသည် အပါယ်(၄)ဘုံသို့ ရောက်ကြသေးတာ အိပ်မယ်၊ စားမယ်၊ ကာမဂုဏ်ခံစားမယ်ဆိုတဲ့ အသိဉာဏ်လောက်သာရှိကြသော တိရစ္ဆာန်များသေရင် သုဂတိဘုံသို့ ရောက်ဖို့ရန် အလွန့်အလွန် မလွယ်ကူပေ။

# ပြိတ္တာဘုံ

## ◂◂ ပြိတ္တာဆိုသည်မှာ ▸▸

တစ္ဆေ၊ သရဲ၊ သဘက်၊ မှင်စာ၊ ဖုတ်ကောင်၊ ကျတ်ကောင်၊ မြေဖုတ်ဘီလူး၊ ဥစ္စာစောင့်စသည်တို့သည် ပြိတ္တာများဖြစ်ကြသည်။

စားစရာမရှိ ဝတ်စရာမရှိ နေစရာမရှိ ဆင်းရဲကြီးစွာဖြင့် မနေမနား သွားလာနေရသူများ ဖြစ်ကြပေသည်။

ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့သည် လူတို့အမြင်တွင် ကြီးအောင်၊ သေးအောင်၊ ဖြူအောင်၊ မဲအောင်၊ ပုအောင်၊ ရှည်အောင်သော်လည်းကောင်း၊ ခွေးယောင်၊ မြင်းယောင်၊ အိမ်သဏ္ဌာန်၊ ဇရပ်သဏ္ဌာန်သော်လည်းကောင်း မြင်စေနိုင်ပါသည်။

လူတို့မတွေးနိုင်သော အမြင်ဆန်း၊ အဖြစ်ဆန်းများကို ပြသနိုင်ပေသည်။ ထို့ကြောင့် ၎င်းတို့ကို နာနာဘာဝ ဟုခေါ်ဆိုကြသည်။ အထူးထူးသော အမျိုးမျိုးသောအဖြစ်တို့ကို ပြသတတ်သူများဟု အဓိပ္ပါယ်ရပါသည်။

## ◂◂ ပြိတ္တာဘုံ ▸▸

ပြိတ္တာဘုံဟူ၍သီးခြားမရှိပါ။
ငရဲကြီး(၈)ထပ်၏ အထက်ရှိလူ့ဘုံတွင်တည်ရှိပါသည်။
လူ့ဘုံတွင် လူတို့ဝန်းကျင်၌ နေထိုင်ကြပါသည်။

## ◂◂ သေရင် ပြိတ္တာ ဖြစ်မည့်သူများ ▸▸

(၁) ပစ္စည်းဥစ္စာစုံမက်သော လောဘ၊ သားမယား၊ မိသားစုကို စွဲလန်းသော လောဘတို့ဖြင့် စွဲလန်းမှု သံယောဇဉ်ကို မဖြတ်နိုင် သူများ။
(၂) ပေးကမ်းလှူဒါန်းရန် တွန့်တိုသူများ၊ ဝန်တိုနှမြောတတ်သူများ။
(၃) သူတစ်ပါးပေးကမ်းလှူဒါန်းသည်ကို ပိတ်ပင်တားမြစ်ခဲ့သူများ။
(၄) ရဟန်း၊ သံဃာများအတွက် လှူဒါန်းရန် စားသောက်ဖွယ်ရာ များကို ဦးဦးဖျားဖျားယူစားတတ်သူများ။
(၅) ရတနာသုံးပါးကို ပြစ်မှားသူများ၊ အမိအဖ၊ ဆရာသမားနှင့် သီလရှိသူတို့ကို ပြစ်မှားသူများ။
(၆) သူတစ်ပါးအစားအစာထဲတွင် ရွံရှာဖွယ်များ ထည့်ကျွေးတတ် သူများ။
(၇) ရေတွင်း၊ ရေကန်၊ ရေချမ်းစင်တို့ကို ဖျက်ဆီးခဲ့ဖူးသူများ။
(၈) သက်ကြီးရွယ်အိုတို့ကို မလေးမစား ပြက်တီပြက်ချော်ပြုခဲ့ဖူး သူများနှင့် သူတစ်ပါးကြောက်အောင်ခြောက်လှန့်ခဲ့ဖူးသူများ။

၉) မုဒိမ်းမှု ကျူးလွန်ခဲ့သူများ။

၁၀) ဆောက်လုပ်လှူဒါန်းထားသော ကျောင်း၊ ဇရပ်၊ သိမ် စသည်တို့ကို ဖျက်ဆီးခဲ့သူများ၊ သံဃိက ပစ္စည်းများကို ပိုင်စိုးပိုင်နင်း စားသုံးခဲ့သူများ။

၁၁) ရတနာသုံးပါးကို အလေးအနက်မထားဘဲ ပေါ့ပေါ့ဆဆနေကာ အပျော်အပါးလိုက်စားတတ်သူများ။

၁၂) ကုသိုလ်ကောင်းမှုကို တစ်ဘက်ကပြုပြီး အခြားတစ်ဘက်က အကျင့်ပျက်နေသူများ။

၁၃) ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသည့် နာကျင်မှုဝေဒနာကြီးကို ခံစားကာ ညည်းညူအော်ဟစ်ရုန်းကန်နေသူများ

သေလျှင် ပြိတ္တာအမျိုးမျိုး ဖြစ်တတ်ပေသည်။

ဒါနကုသိုလ် အထောက်အလျောက်ရှိကြသော်လည်း အဓိကအားဖြင့် ပစ္စည်းဥစ္စာနှင့် သားမယားတို့ကို ခင်တွယ်မှု၊ စွဲလန်းမှု၊ ...မက်မှု၊ တဏှာလောဘစိတ်သည် ပြိတ္တာဖြစ်ရခြင်း၏ အဓိကအကြောင်းတရားဖြစ်ပေသည်။

✦ *တဏှာလောဘစိတ်ကိုဖျောက်နိုင်မှသာ ပြိတ္တာဘဝသို့ မရောက်ရန် စိတ်ချရ၏။*

## ◂◂ စွဲလန်းစိတ်ကြောင့် ဖြစ်ရတဲ့ပြိတ္တာများ ▸▸

ဆွေမျိုးသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်တွေနဲ့ သေသွားတဲ့ သူများသည် မိမိတို့စွဲလန်းရာ ကာမဂုဏ်အာရုံရှိရာ ဝန်းကျင်မှာ တဖြ သရဲဖြစ်နေတတ်ပါသည်။

မိမိလှူထားတဲ့ ကျောင်းကန်ဘုရားကို ကုသိုလ်အနေနဲ့ အာ မပြုဘဲ ပစ္စည်းစွဲနဲ့သေသွားတဲ့ ကျောင်းဒကာ ကျောင်းအမတွေဟ ကိုယ်ဆောက်လုပ်ထားတဲ့ကျောင်းမှာ ကျောင်းစောင့်ပြိတ္တာ သွားဖြ ရပါသည်။

ပစ္စည်းကိုစွဲပြီး သေလို့ရှိရင် အဲဒီပစ္စည်းရဲ့ဝန်းကျင်မှာ ဉစ္စာ စောင့်ရတဲ့ ပြိတ္တာဖြစ်နေရပါသည်။ တစ်ခါတစ်ရံပစ္စည်းနားမှာ မြွေ ကင်းတို့ အယောင်ဆောင်ပြီးခြောက်လှန့်တဲ့သဘော လုပ်တတ် သည်။

အိမ်တွေ၊ သစ်ပင်တွေ ရပ်ထဲရွာထဲတွေမှာ ခြောက်လှန့်တယ် ဆိုတာတွေသည် ကာမဂုဏ်အာရုံ နေရာဌာနတွေကို စွဲပြီးတော့ သေသွားကြတဲ့ပြိတ္တာများဖြစ်ကြပါသည်။

လူအများစုသည် သေကာနီးမှာ မချိမဆန့်ခံစားနေရတဲ့ ရော ဝေဒနာကို စိတ်စွဲပြီး နာကျင်ကိုက်ခဲနေတဲ့ ခန္ဓာကိုယ်ကြီးကို စိတ်စွဲပြီ သေသွားကြရာက အလောင်းစောင့် အရိုးစောင့်ပြိတ္တာ သရဲတွေ ဖြ နေရပါသည်။ သုဿာန်တွေမှာ ခြောက်တယ်၊ လှန့်တယ်ဆိုတာတွေ ဟာ သူတို့ပါပဲ။

တချို့ကြတော့ အလောင်းစောင့် ပြိတ္တာမဖြစ်ဘဲ အလောင်းမှာ နေတဲ့ အသားတွေအသွေးတွေကို စားတဲ့ပိုးလောက်တို့ တီကောင်တို့ ရှဥ့်တို့ဖြစ်နေတတ်ပါသည်။

ဇနီးမယားကိုချစ်လွန်းတဲ့စိတ်နဲ့ စွဲလန်းပြီးသေသွားခဲ့ရင်လည်း နီးမနောက်တကောက်ကောက်လိုက်နေတဲ့ ပြိတ္တာကြီးဖြစ်တတ်သလို နီးမရဲ့အိပ်ယာဘေးနားမှာ မြွေတို့ ကြွမ်းပိုးတို့ သန်းတို့ဖြစ်နေတတ် ပါသည်။

လူတွေလောက်အသိဉာဏ်မရှိကြတဲ့၊ လူတွေလောက်တွယ်တာ က်မောစရာပစ္စည်းဥစ္စာမချမ်းသာကြတဲ့ တိရစ္ဆာန်တွေတောင် သေခါ းမှာ စွဲလန်းစိတ်ရှိတတ်ကြကြောင်း ဘုရားဟော ဇာတ်တော်တစ်ခု ထဲမှာ မြတ်စွာဘုရားက ဟောကြားခဲ့ဖူးပါသည်။

ငါးကြီးတစ်ကောင် တံစို့ထိုး မီးကင်ခံရခါနီးမှာ ငိုကြွေးနေ တယ်။ (မီးလောင်ခံရမှာကိုလည်း မကြောက်ပါဘူး၊ တံစို့ထိုးခံရမှာ ကိုလည်း မကြောက်ပါဘူး)တဲ့။ (ချစ်သူ ငါးမလေးနဲ့ ခွဲခွာရမှာမို့ ရင်ထဲမှာ မီးလောင်နေတယ်။ ရင်ထဲမှာနာနေတယ်) တဲ့။

ဆယ်ကျော်သက်အရွယ်များအတွက် အားကျစရာ စိတ်ကူးယဉ် ရာ စကားဖြစ်နိုင်သော်လည်း၊ သေခါနီးလူများအတွက် စွဲလန်းစိတ်၊ ာမဂုဏ်အချစ်ကြောင့် ပြိတ္တာဘုံသို့ရောက်တတ်သည်ကို အထူး သတိပြုပါလေ။

နောက်ဆုံးထွက်သက်အထိ ချစ်သွားမယ်ဟု ဆိုတတ်သော အချစ်ကြီးတတ်သူများသည် ငါသေရင် ပြိတ္တာဘုံကနေ၊ သရဲ၊ တစ္ဆေ

ကြီးဘဝကနေ နင့်ကို ဆက်ချစ်နေမယ်လို့ပြောသည့် အဓိပ္ပါယ်ဆော
နေပေသည်။

စွဲလန်းမှု သံယောဇဉ်သည် တစ်ဖက်သားအပေါ်မှာ ဘာအကျ
မှု မဖြစ်စေသော်လည်း မိမိကို ကောင်းကောင်းကြီး ဒုက္ခပေးတ
ကြောင်း သိရှိနိုင်ကြပါစေ။

## ◂◂ ပြိတ္တာအမျိုးအစားများ ▸▸

အဓိကအားဖြင့် ပြိတ္တာ(၄)မျိုးရှိပါသည်

(၁) မိမိအစွမ်းအစဖြင့် မည်မည်ရရ မစားရ မသောက်ရ
လူပြည်ကဆွေမျိုးတွေ အလှူဒါနပြုလုပ်သမျှ အမျှအတ
ဝေမှသာ စားရသောက်ရသောပြိတ္တာ (ပရဒတ္တူပဇီဝိတပြိတ္တာ

(၂) မည်သည့်အစာမျှ မစားရဘဲ အမြဲတမ်း ငတ်မွတ်နေသေ
ပြိတ္တာ (ခုပ္ပိပါသိကပြိတ္တာ)

(၃) အမြဲတမ်းမီးလောင်ကျွမ်းခံနေရပြီး အစာမစားရ ရေမသောက်
ဒုက္ခအမြဲတမ်းခံနေရသောပြိတ္တာ (နိဇ္ဈာမတဏှိတ ပြိတ္တာ)

(၄) ကိုယ်ခန္ဓာအလွန်ကြီးမားပြီး အပ်နဖါးပေါက်မျှ ပါးစပ်ရှိသေ
အသူရကာယ်ပြိတ္တာ (ကာလကဉ္စိက ပြိတ္တာ)

အချို့ကျမ်းတွင် ပြိတ္တာ(၁၂)မျိုး (၁၆)မျိုးရှိကြောင်း ပြ
ကြပါသည်။ အဓိကအားဖြင့် အထက်ပါ(၄)မျိုး၌ အကျုံးဝင်ပါသည်

လူတို့မြင်တွေ့ရသော တစ္ဆေ၊ သရဲ ...... စသည်တို့မှာ ပါတ်(၁)၌ပြထားသော (ပရဒတ္တူပဇီဝိတ)ပြိတ္တာမျိုးဖြစ်ပါသည်။

ဆွေမျိုးတွေက ပေးလှူတာကိုသိလို့ ဝမ်းမြောက်စွာ သာဓုခေါ်သ် ချက်ချင်းအကျိုးရသောပြိတ္တာသည် ဤပထမ အမျိုးအစား စ်ခုသာဖြစ်၏။

ကျန်သုံးမျိုးသည် ပြုခဲ့သော အကုသိုလ်ကံကုန်မှသာ ဘဝ ပြောင်းနိုင်၏။ လူတို့ပြုလုပ်သောကုသိုလ်ကို သာဓုမခေါ်နိုင်ကြပါ။

## ◂◂ ပြိတ္တာတို့ နေထိုင်ရာနေရာ ▸▸

အလင်းထက်အမှောင်ကို ကြိုက်နှစ်သက်ကြ၏။ လူများသော နေရာထက် လူနေနည်းသောနေရာများတွင် နေတတ်ကြ၏။

လူများနေထိုင်ရာ အဆောက်အဦးထက် လူမနေသော အဆောက်အဦး ကျောင်းပျက် ဇရပ်ပျက်များတွင်နေတတ်ကြ၏။

တောတောင်၊ ချောက်ကမ်းပါး၊ သုသာန်၊ သချိုင်း၊ သစ်ပင်၊ ချုံပုတ်တို့တွင်လည်း နေတတ်ကြ၏။ ကျောင်းကန်ဘုရားဝန်းကျင်တွင် လည်းနေတတ်ကြ၏။

ကြီးမားသောအဆောက်အဦးများတွင် လူပေါင်းများစွာ နေထိုင် ကြသကဲ့သို့ သစ်ပင်ကြီးများတွင် ပြိတ္တာ၊ တစ္ဆေ၊ သရဲများ မရေ တွက်နိုင်အောင် နေထိုင်တတ်ကြ၏။ မိမိတို့အတွက်နေရာ သစ်ကိုင်း၊

သစ်ခက် သတ်သတ်မှတ်မှတ်ခွဲခြား၍ နေထိုင်တတ်ကြ၏။ ထိုအပင်
ကြီးများ၏ အမြင့်ဆုံးနေရာတွင် ၎င်းတို့ကို အုပ်ချုပ်သူရှိတတ်၏
ရုက္ခစိုး၊ ဘုမ္မစိုးနတ်များဟုခေါ်၏။ စာတုမဟာရာဇ်ဘုံတွင်ပါသော
နတ်မျိုးဖြစ်၏။ သစ်ပင်ကိုမှီ၍ ဖြစ်သောဗိမာန်တွင်နေထိုင်ကြ၏။

ထို့ကြောင့် သစ်ပင်ကြီးများကို ခုတ်လှဲသူများသည် ထိုအပင်နှင့်
ပတ်သက်သမျှသော မမြင်အပ်သည့်သတ္တဝါများအတွက် နေထိုင်ရန်
နေရာ မစီစဉ်ပေးနိုင်လျှင် မိမိအတွက်သော်လည်းကောင်း၊ မိမိ
မိသားစုအတွက်သော်လည်းကောင်း အလွန် အန္တရာယ်ကြီးနိုင်ပေ
သည်။

သစ်ပင်ကြီးများကို မလွှဲသာမရှောင်သာ၍ ခုတ်လှဲတော့မည်
ဆိုလျှင် အမိန့်အာဏာပေးနိုင်သူရှိသင့်ပါသည်။ အစားထိုးနေထိုင်
နိုင်ရန် စီစဉ်ပေးမှုရှိသင့်ပါသည်။ ကြိုကြိုတင်တင်အချိန်ပေးမှုရှိသင့်
ပါသည်။

သစ်ပင်ကြီးများအောက်တွင် မထေမဲ့မြင်ပြုမူခြင်း၊ ကြမ်းကြမ်း
တမ်းတမ်းပြောဆိုခြင်းများသည် တစ်ခါတစ်ရံ မလိုလားအပ်သော
နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်တတ်သည်ကိုလည်း သတိပြု
စေလိုပါသည်။

## ◂◂ ခြောက်လှန့်ခြင်း ▸▸

ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့သည် အခါမလပ် လူများကို ခြောက်လှန့်နှောင့်ယှက်ရန် ကြိုးပမ်းအားထုတ်နေသူများမဟုတ်ကြပါ။သူတစ်ပါးပြောသံကြားသည်ကို စိတ်စွဲကာ မိမိစိတ်က ခြောက်လှန့်နေခြင်းလည်းဖြစ်တတ်သည်။

ကံဇာတာမြင့်နေသည့် လူတစ်ဦးသည် တစ္ဆေ၊ သရဲတို့နှင့်တွေ့ချင်ပါသည်ဟုဆိုသော်လည်း မတွေ့နိုင်၊ မမြင်နိုင်ပါ။

ခြောက်လှန့်သည်ဆိုရာဝယ် ကိုယ်ထင်ပြခြင်း၊ ညည်းညူသံပေးခြင်း၊ အနံ့ပေးခြင်း၊ လူတစ်ဦးဦးထံ ဝင်ရောက်ပူးကပ်ခြင်း စသည်တို့ဖြစ်နိုင်ပါသည်။

ခြောက်လှန့်ရသည့်အကြောင်းလည်းအမျိုးမျိုးရှိနိုင်ပေသည်။

(၁) လူသည်ကံနိမ့်နေ၍ အခြောက်ခံရခြင်း။
(၂) အမျှဝေမှုကို သာဓုခေါ်ချင်၍ခြောက်ခြင်း။
(၃) ချစ်ခင်စွဲလန်းမှုဖြင့်ခြောက်ခြင်း။
(၄) နှုတ်ဆက်လို၍ခြောက်ခြင်း။
(၅) အကူအညီတောင်းလို၍၊ မှာကြားလို၍ခြောက်ခြင်း။
(၆) သူတို့နေရာဌာနသို့ပြင်ပလူလာရောက်ခြင်းကို မနှစ်သက်၍ခြောက်ခြင်း။
(၇) ဥစ္စာပေးလို၍ခြောက်ခြင်း။
(၈) ဘုရားရှိခိုးသံ၊ ပရိတ်ရွတ်သံကြား၍ မနေနိုင်အောင်ပူလောင်ခြင်းကြောင့် မရွတ်ဆိုအောင်ခြောက်ခြင်း။

(၉) အစာစားသောက်လိုသဖြင့် အစားကျွေးရန် ခြောက်
ခြင်း အမျိုးမျိုးရှိနိုင်လေသည်။

အမှန်မှာ တစ္ဆေ၊ သရဲ၊ ပြိတ္တာများသည် လူတို့ကို မကြောက် ကြောက်အောင် ကြံဖန်၍ ခြောက်လှန့်နေကြခြင်း မဟုတ်ကြပါ။

အဓိကအားဖြင့် အကူအညီတောင်းခံလို၍ သူတို့ဒုက္ခရောက် နေကြောင်း ပြောပြလို၍ ကိုယ်ထင်ပြခြင်းသာဖြစ်ပေသည်။

သူတို့၏ အကုသိုလ်ကံကြောင့် ကြောက်လန့်ဖွယ်၊ ရွံရှာဖွယ် ဖြစ်နေကြသော ခန္ဓာကိုယ်ကြီးကို လူတို့က ရုတ်တရက်မြင်လိုက်သော အခါ ကြောက်လန့်ကြခြင်း ဖြစ်ပေသည်။ အမှန်အားဖြင့် သူတို့၏ ဘဝသည် အလွန်သနားစရာကောင်းလှပေသည်။ လူတွေက စာနာစွာ ဖြင့် နားလည်ပေးဖို့လိုပေသည်။

"ယခုဘဝနှင့် အတိတ်ဘဝအဆက်ဆက်က မိမိတို့နှင့် ဆွေမျိုး သားချင်းတော်စပ်ခဲ့ဖူးသော ဆွေမျိုးပြိတ္တာများ ပြိတ္တာဘုံတွင် ရှိသည် သာတည်း" ဟု မြတ်စွာဘုရားရှင်တော်မြတ်က ဟောကြားခဲ့ပါသည်

အကယ်၍ ကံအားလျော်စွာတစ္ဆေအခြောက်ခံရသည်ဆိုပါ ကြောက်လန့်၍ ပြေးခြင်းထက် ပထမဦးဆုံးပြုခဲ့သမျှကုသိုလ်အစု ကို အမျှဝေပါသည်ဟု ပြောပြီး အမျှ အမျှ အမျှ သုံးကြိမ်ဆိုပေး လိုက်ပါ။ ကျေနပ်လက်ခံသွားကြတာများပါသည်။ ပြီးမှ ရွတ်ဆိုလို သော ဘုရားဂါထာများ ရွတ်လိုက ဆက်ရွတ်ပါ။ ပျောက်ကွယ်သွား တာများပါသည်။

သီလလုံခြုံပြီးအာဏာစက်ရှိသူများသည် မိမိရှေ့တွင် ကြောက် မက်ဖွယ် တစ္ဆေ၊ သရဲတွေ့မြင်ပါက အမိန့်ဖြင့် မူလရုပ်သွင်ကို ပြခိုင်း

သော်ရပါသည်။ ဥပမာ မြင်နေရသော တစ္ဆေ၊ သရဲသည် ပျောက်သွားပြီး မူလရုပ်ဖြစ်သော ခလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ ပုံသဏ္ဌာန်ပေါ်လာပေမည်။ သို့သော် လူတိုင်းပြနိုင်စွမ်းမရှိပါ။

## ◂◂ ကိုယ်ထင်ပြခြင်း ▸▸

တွေ့မြင်ဖူးသူသည် တစ်ရာတွင်တစ်ယောက်၊ တစ်ထောင်တွင် တစ်ယောက် ရှိကောင်းရှိနိုင်ပါသည်။

မိမိမတွေ့ဖူးသောကြောင့် ပြိတ္တာ၊ တစ္ဆေ သရဲမရှိဟု တစ်ယူသန် သတ်မှတ်လျှင် ဘာသာရေးအသိဥာဏ် အားနည်းရာ ရောက်ပါမည်။ အယူလွဲမှားရာရောက်ပါမည်။ မြတ်စွာဘုရားဟောကြားခဲ့သည်များကို မယုံကြည်သည့်သဘော လက်မခံသည့်သဘောဖြစ်ပေမည်။

တွေ့မြင်ဖူးသူတို့၏ အဆိုအရ ဦးခေါင်းက ကြီးကြီး၊ မျက်လုံးက ပြူးပြူး၊ အရပ်က ထန်းပင်လောက်၊ လျှာက တစ်တောင်လောက်ဟု ဆိုသူက ဆိုကြပါသည်။ သူတို့၏ အကုသိုလ်ကံကြောင့် သနားစဖွယ် ဖြစ်နေကြခြင်းကို နားလည်ရန် လိုပေသည်။

သရဲ၊ တစ္ဆေကို မယုံကြည်သဖြင့် မကြောက်သဖြင့် ကြည့်လိုမြင်လိုလှသဖြင့် စောင့်ကြည့်နေရင်လည်း တွေ့ချင်မှ တွေ့တတ်ပါမည်။ လူတိုင်းကို ကိုယ်ထင်ပြ၍ မရနိုင်ပါ။

တရား၊ ဘာဝနာ ကျင့်ကြံအားထုတ်၍ အမြင်ဓါတ်ရသူအချို့ ပုဂ္ဂိုလ်များသည် တစ္ဆေ၊ သူရဲကို မြင်နိုင်စွမ်းရှိကြပါသည်။

## ◂◂ အနံ့ပေးခြင်း ▸▸

အမွှေးနံ့ပေးခြင်းနှင့် အပုပ်နံ့ပေးခြင်း နှစ်မျိုးရှိပါသည်။

အမွှေးနံ့ပေးခြင်းမှာ ပြုလုပ်ပေးလိုက်သောကောင်းမှုကုသိုလ်၏ အမျှဝေမှုကို လက်ခံရရှိ သာဓုခေါ်ဆိုနိုင်ခြင်းအဓိပ္ပါယ် ဆောင်ပါသည်။ ဝမ်းမြောက်ဝမ်းသာကြောင်းကို ပြသသည့်သဘော ဖြစ်ပါသည်။ ကျေးဇူးတင်စကားလာပြောနိုင်စွမ်းမရှိသောကြောင့် အမွှေးနံ့ပေးခြင်းဖြစ်ပါသည်။

အပုပ်နံ့ပေးခြင်းကို လူအများကခြောက်လှန့်သည်ဟု ထင်တတ်ကြပါသည်။ မဟုတ်ရပါ။ အကူအညီတောင်းခံလိုသည့် သဘောသာဖြစ်ပါသည်။ သူတို့၏ မကောင်းမှုကံကြောင့် အပုပ်နံ့ဖြစ်ပေါ်ရခြင်းဖြစ်သည်။

အပုပ်နံ့ပေးခြင်းခံရလျှင် ပြုခဲ့သမျှကုသိုလ်ကောင်းမှု အစုစုနှင့် ဆွမ်းအလှူ၊ ရေအလှူ၊ သင်္ကန်းအလှူ၊ ကျောင်း၊ သိမ် အလှူတို့ကို အမျှပေးဝေလိုက်ပါ။ တတ်နိုင်ပါက လှူဒါန်းပေးလိုက်ပါ။ သူတို့နေရာမှာ ငါသာဖြစ်ခဲ့ရင်ဆိုတဲ့ ကိုယ်ချင်းစာစိတ်ထားစေလိုပါသည်။

## ◂◂ အိမ်မက်ပေးခြင်း ▸▸

ကွယ်လွန်သွားပြီး မကျွတ်မလွတ်သော ပြိတ္တာဘုံသို့ ရောက်နေကြသူများသည် ကျန်ရစ်သူများထံ အလှူပြုလုပ်ပေးရန် အိမ်မက်

ပေးတာမျိုးရှိတတ်ပါသည်။ ဒုက္ခရောက်နေသဖြင့် အားကိုးတကြီး အကူအညီတောင်းခြင်းဖြစ်ပေသည်။ အခက်အခဲအမျိုးမျိုးကို ကျော်လွှား၍ ငါ့ကို လာရောက်အိမ်မက်ပေးတယ်၊ ငါတတ်နိုင်သလောက် လှူဒါန်း အမျှဝေပေးမယ်လို့ နားလည်သင့်ပေသည်။

အချို့ကျတော့လည်း အကူအညီတောင်းလိုလျက်နှင့် အိမ်မက်ပေးနိုင်စွမ်းမရှိကြပါ။

သူတို့တွင် လူတို့မသိကြသော အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရတတ်ပါသည်။

အိမ်မက်ပေးရန်အတွက် လာ၍ မရနိုင်ခြင်း၊ လမ်းခရီးတွင် အတားအဆီးများရှိနေတတ်ခြင်း တစ်ဦးဦး၏အခိုင်းအစေ ဖြစ်နေရသဖြင့် ထွက်ခွင့်မရခြင်းတို့ ဖြစ်နေတတ်ပါသည်။

အိမ်မက်ပေးရန်လာသော်လည်း ခြံစောင့်၊ အိမ်စောင့်ပုဂ္ဂိုလ်များက ဝင်ခွင့်မပြုသဖြင့် အိမ်မက်ပေး၍မရခြင်း စသည့်တို့ ကြောင့် အကူအညီတောင်းလိုလျက်နှင့် အိမ်မက်မပေးနိုင်တာမျိုးလည်းရှိတတ်ပါသည်။

ထို့ကြောင့် အလှူပေးဖို့ အကူအညီလိုရင် တစ္ဆေ၊ သရဲ ဖြစ်နေရင် အိမ်မက်ပေးမှာပဲလို့ ပုံသေမတွက်ပါနဲ့။

အိမ်မက်မမက်လို့ ကောင်းမွန်ရာကိုရောက်မှာပဲလို့လည်း ပုံသေမတွက်ပါနဲ့။

မွေးခံထိုက်စေ လှူမျှဝေ၍ဟူသော ဝတ္တရားနှင့်အညီ ကျန်ရစ်သူ သားသမီးများက ကွယ်လွန်သွားပြီးသော မိဘများအပေါ် တာဝန်ကျေရန် လိုအပ်လှပေသည်။

## ◂◂ ပြိတ္တာတို့ရဲ့ သက်တမ်း ▸▸

ကြီးမားသော အကုသိုလ်မရှိဘဲ ပစ္စည်းစွဲလန်းမှု၊ လူစွဲလန်းမှု၊ မိမိရဲ့ခန္ဓာကိုယ်စွဲလန်းမှု စသည်တို့ကြောင့် ဖြစ်ရသော ဝေမာနိက ပြိတ္တာ (တစ္ဆေ၊ သရဲ) တို့သည် (၇) ရက်ပြည့် ရက်လည်အလှူတွင် သာဓုခေါ်ဆိုနိုင်ကြပြီး ကောင်းမွန်ရာဘဝသို့ ကူးပြောင်းသွားတာမျိုး လည်း ရှိတတ်ပါသည်။ သို့သော် အလွန်ရှားပေသည်။

အလှူပြုလုပ်ပေးသူတို့၏ နည်းစနစ်မကျခြင်း၊ တတ်ကျွမ်း နားလည်သူတို့၏ ဦးဆောင်မှုမရှိခြင်း၊ လောကီအလိုကိုလိုက်ပြီး ဂုဏ် ပကာသနကို ဦးစားပေးဆောင်ရွက်ကြခြင်းတို့ကြောင့် ရက်ပိုင်းမျှဖြင့် ကျွတ်လွတ်သွားသူများ အလွန်နည်းပါသည်။ ပြိတ္တာဘဝတွင် လပေါင်း၊ နှစ်ပေါင်းများစွာ ရှည်ကြာတတ်ပါသည်။

ကွယ်လွန်သူများအားရည်စူး၍ အကြိမ်ကြိမ် အလှူဒါန ပြုလုပ် အမျှဝေပေးသော ကျေးဇူးတရားသိတတ်သည့်သားသမီးများ နည်းပါး လာလေ ပြိတ္တာဖြစ်နေရသူမိဘများ သက်တမ်းပို၍ ရှည်ကြာရလေ ဖြစ်ပေသည်။

ဗိမ္ဗိသာရမင်းကြီး၏ ဆွေဟောင်းမျိုးဟောင်းတို့သည် (ကဿပ) ဘုရားရှင်လက်ထက်ကတည်းက ပြိတ္တာဖြစ်နေကြပြီး၊ (ဂေါတမ) ဘုရားရှင်လက်ထက် ရောက်မှ ကျွတ်လွတ်ရပေသည်။

အချို့အချို့သောပြိတ္တာဘုံသို့ ရောက်နေသူတို့သည် ရည်စူး၍ ပြုလုပ်ပေးသော အလှူဒါနကို သာဓုခေါ်ဆို၍ရလျက်နှင့် တမင် သာဓု မခေါ်ကြပေ။ သာဓုသုံးကြိမ်ခေါ်လိုက်လျှင် ဘဝပြောင်းကာ အဝေး တစ်နေရာသို့ရောက်သွားမှာစိုး၍ဖြစ်၏။ ပြိတ္တာဘဝဖြင့် မိမိသံယောဇဉ်

ရှိရာ ဆွေမျိုးသားချင်းဝန်းကျင်၊ တိုက်တာ ပစ္စည်းဝန်ကျင်တို့တွင် ဆက်လက်နေလိုကြသောကြောင့် ဖြစ်ပေသည်။ ထိုပြိတ္တာတို့၏ သက်တမ်းမှာလည်း ရှည်ကြာတတ်၏။

## ◂◂ ပြိတ္တာအမျိုးမျိုးနှင့် ဒုက္ခအဖုံဖုံ ▸▸

လူဖြစ်စဉ်ကပြုခဲ့သော မကောင်းမှုအကုသိုလ်အမျိုးမျိုးကြောင့် ပြိတ္တာအမျိုးမျိုးတို့၏ ခံစားရသော ဒုက္ခအဖုံဖုံကို ဖော်ပြအပ်ပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်က ရှင်မောဂ္ဂလာန်မထေရ်နှင့် ရှင်လက္ခဏတို့အား ဟောကြားရှင်းပြတော်မူခဲ့ခြင်းဖြစ်ပါသည်။

### (၁) အရိုးစုပြိတ္တာ

ဤပြိတ္တာကား နွားကိုသတ်လျက် အသက်မွေးဝမ်းကျောင်းပြုခဲ့သူဖြစ်၏။ သေပြီးနောက် ငရဲကို ရောက်၏။ ငရဲမှ လွတ်ပြီးနောက် ထိုမကောင်းမှုကံအကြွင်းအကျန်ကြောင့် ပြိတ္တာဖြစ်ရ၏။ ထိုပြိတ္တာကို လင်းတ၊ ကျီး၊ စွန်ရဲတို့သည် အစဉ်လိုက်၍ ထိုးဆိတ်နေကြ၏။

### (၂) အသားစိုင်ပြိတ္တာ

ဤပြိတ္တာကား လူ့ဘဝတွင်ငှက်တို့ကို ဖမ်းဆီးသတ်ဖြတ်ကာ အသားစိုင်ပြုလုပ်ရောင်းစားခဲ့သူဖြစ်၏။ ထိုမကောင်းမှုကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီး အသားစိုင်ပြိတ္တာဖြစ်နေရ၏။

(၃) အရေမရှိသော ယောကျ်ားပြိတ္တာ

ဤပြိတ္တာကား လူ့ဘဝက ဆိတ်ကို သတ်၍ရောင်းချခဲ့သူဖြစ်၏။ ထိုမကောင်းမှုကံကြောင့် ငရဲကျ၏။ ငရဲမှလွတ်သော် အရေမရှိသော ယောကျ်ားပြိတ္တာဖြစ်ရ၏။

(၄) သံလျက်အမွေးရှိသော ပြိတ္တာ

ဤပြိတ္တာကား လူ့ဘဝတွင် ဝက်တို့ကို အစာကျွေး၍ မွေးပြီးပြီးလျှင် သံလျက်ဖြင့် ထိုးသတ်၏။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာခံစားရပြီး ငရဲမှလွတ်သော် ပြိတ္တာဖြစ်ရ၏။ ပြိတ္တာ၏ ခန္ဓာကိုယ်ပေါ်သို့ သံလျက်နှင့်တူသော အမွေးများ အဆက်မပြတ်ကျရောက်နေ၏။

(၅) လှံအမွေးရောက်သော ပြိတ္တာ

ဤပြိတ္တာကား လူ့ဘဝက သမင်အရှင်တစ်ကောင်ကို ယူပြီး တောသို့သွား၏။ ထိုသမင်အနီးသို့လာသော သမင်တို့ကို လှံဖြင့် ထိုးသတ်၏။ ရောင်းစား၏။ ထိုအကုသိုလ်ကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီး၊ ငရဲမှလွတ်သော် လှံတို့ ခန္ဓာကိုယ်၌ထိုးဆွ စူးဝင်ခြင်းကို ခံနေရသော ပြိတ္တာဖြစ်ရ၏။

(၆) မြှားအမွေးရောက်သော ပြိတ္တာ

ဤပြိတ္တာကား လူ့ဘဝက မင်းပြစ်မင်းဒဏ် သင့်သူတို့ကို အမျိုးမျိုးညှဉ်းဆဲပြီး မြှားဖြင့်ပစ်သတ်ခဲ့သူဖြစ်၏။ ထိုအကုသိုလ်ကြောင့် ငရဲ၌ နှစ်ပေါင်းများစွာခံရပြီး ငရဲမှလွတ်သော် မြှားတို့ ခန္ဓာကိုယ်ပေါ် ကျရောက် စူးဝင်မှုကိုခံနေရသော ပြိတ္တာဖြစ်ရ၏။

(၇) **အပ်အမွေး ရောက်သော ပြိတ္တာ**

လူဘဝ က နွား၊ မြင်းတို့ကို ဆူးတပ်ထားသော နှင်တံဖြင့် ထိုး၍ ရိုက်နှက်ခိုင်းစေခဲ့၏။ ထိုမကောင်းမှုကြောင့် နှစ်ပေါင်းများစွာ ငရဲကျ၏။ ငရဲမှလွတ်သော် ဆူးနှင်တံတို့ဖြင့်ထိုးဆွခံနေရသောပြိတ္တာ ဖြစ်ရ၏။

(၈) **အပ်တို့သည် ဦးခေါင်းမှဝင်၍ ခံတွင်းမှထွက်သော ပြိတ္တာ**

လူ့ဘဝ က ကုန်းတိုက်စကားပြော၍ လူတို့၏ချစ်ခင်မှုကို ပျက်စီးစေ၏။ သေသော်ငရဲ၌ခံရ၏။ ငရဲမှလွတ်သော် ပြိတ္တာဖြစ်ပြီး အပ်တို့သည် ပြိတ္တာ၏ခေါင်းမှဝင်၍ ခံတွင်းမှထွက်၏။ ခံတွင်းမှဝင်၍ ရင်မှထွက်၏။ ရင်မှထွက်၍ ဝမ်းသို့ဝင်၏။

(၉) **စဉ်းအိုးအရွယ် ဝှေးစေ့ရှိသော ပြိတ္တာ**

*လူ့ဘဝတုန်းက တံစိုးလက်ဆောင်ယူ၍ ကောက်ကျစ်သော တရားဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြ၏။ ဒဏ်တပ်သည့်အခါ သူတစ်ပါး မဆောင်နိုင်သောဒဏ်ကို တပ်၏။ ထိုမကောင်းမှုကြောင့် သေသော် ငရဲ၌ခံရ၏။ ငရဲမှလွတ်သော် ပြိတ္တာဖြစ်ရ၏။ ပြိတ္တာသည် စဉ်းအိုးအရွယ်ရှိ ၎င်း၏ဝှေးစေ့ကို ထမ်းသွားရ၏။ ထိုင်သော် ဝှေးစေ့ပေါ် ထိုင်ရ၏။ ထိုပြိတ္တာကို လင်းတ၊ ကျီး၊ စွန်တို့က မပြတ်လိုက်၍ ထိုးဆိတ်နေ၏။*

(၁၀) မစင်တွင်းထဲ၌နစ်နေသော ပြိတ္တာ

လူ့ဘဝတုန်းက သူတစ်ပါးသားမယားကို ကာမဂုဏ်ဖြင့် ပျော်ပါးနေတတ်၏။ သေသော် ငရဲကျ၏။ ငရဲမှလွတ်သော် ပြိတ္တာဖြစ်၏။ မစင်တွင်းထဲမှာ ဆင်းဆင်းရဲရဲနေရ၏။

(၁၁) မစင်စားရသော ပြိတ္တာ

လူ့ဘဝတုန်းက သံဃာတော်တို့ကို ဆွမ်းစားပင့်ပြီး မစင်အပြည့်ရှိသောကျင်းကိုပြ၍အလိုရှိသလောက်စားကြကုန်ဟုဆိုခဲ့၏။ သေသော် ငရဲ၌ခံရ၏။ ငရဲမှ လွတ်သော် မစင်စားပြိတ္တာဖြစ်ရ၏။

(၁၂) အရေမရှိသော မိန်းမ ပြိတ္တာ

လူ့ဘဝတုန်းက မိမိလင်ယောကျ်ားကွယ်ရာတွင် အခြားယောကျ်ားများနှင့် ဖေါက်ပြန်၏။ ထိုအကုသိုလ်ကြောင့် ငရဲကျ၏။ ငရဲလွတ်သော် ပြိတ္တာဖြစ်၏။ အရေမရှိသော ပြိတ္တာကို စွန်ရဲတို့က လိုက်၍ ထိုးဆိတ်၏။

(၁၃) မကောင်းသောအနံ့ရှိ ပြိတ္တာ

လူ့ဘဝတုန်းက နတ်ကတော် ဖြစ်ခဲ့၏။ ဤဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်သော် ဤမည်သောစီးပွားဖြစ်လတ္တံ့ဟူ၍ လူအပေါင်းတို့အား မှားယွင်းသော မိစ္ဆာအယူကို ယူစေ၏။ သို့အတွက် မကောင်းသော အနံ့ရှိသော ပြိတ္တာဖြစ်ရ၏။

### ၁၄) မီးထင်းပုံ၌ အိပ်ရသော ပြိတ္တာ

လူ့ဘဝတုန်းက အခိုင်းအစေတစ်ဦး၏ ဦးခေါင်းထက်၌ မီးအိုး ာင်းကိုယူ၍ လောင်းချ၏။ ထိုမကောင်းမှုကြောင့် မီးထင်းပုံ၌ အိပ်ရ သာ ပြိတ္တာဖြစ်ရ၏။

### ၁၅) ဦးခေါင်းမပါ ကိုယ်သာရှိသော ပြိတ္တာ

လူ့ဘဝတုန်းကလူသတ်ယောက်ျားဖြစ်ခဲ့ပြီး မင်းအာဏာဖြင့် ဝဇ္ဇဝတ်သားတို့၏ ဦးခေါင်းကို ဖြတ်သတ်ခဲ့၍ ထိုအကုသိုလ်ကံ ကြောင့် ဦးခေါင်းမရှိသော ပြိတ္တာဖြစ်ရပြီး မျက်စိ၊ ပါးစပ် တို့သည် င်၌သာ ဖြစ်ပေါ်ရ၏။

### ၁၆) ရဟန်းပြိတ္တာ

*လူ့ဘဝတုန်းက သဒ္ဓါ၍ လှူအပ်သော ပစ္စည်းလေးပါးကို ုံးဆောင်လျက် ကိုယ်ဖြင့်၊ နှုတ်ဖြင့် စောင့်စည်းအပ်သော သီလတို့ကို စောင့်စည်းဘဲ မြူးထူးပျော်ပါးစားသုံး၍နေခဲ့ကြ၏။ ထိုအကုသိုလ် ံကြောင့် နှစ်ပေါင်းများစွာ ငရဲခံရ၏။ ငရဲမှလွတ်သော် သပိတ်၊ ကန်း၊ ခါးပန်းကြိုးတို့သည် မီးလျှံများ တောက်လောင်နေခြင်းကိုခံနေ သော ရဟန်းပြိတ္တာများ ဖြစ်နေကြရ၏။*

## ◂◂ ကွယ်လွန်သွားသူ ပြိတ္တာဖြစ်နေခဲ့သော် ကောင်းမှုကုသိုလ် ဘယ်လိုလုပ်ပေးသင့်သလဲ ▸▸

✦ **ပထမအရေးအကြီးဆုံးဆောင်ရွက်ရန်**

ကွယ်လွန်သူအား အလှူလုပ်မည့်နေ့တွင် လာရောက် သာ ခေါ်ရန် အကြိမ်ကြိမ်ဖိတ်ခေါ်ပါ။ ကြိုတင်အကြောင်းကြားပါ။ မလှ တတ်လျှင် တတ်ကျွမ်းသူကို အကူအညီတောင်းပါ။

အထူးသိရှိရန်မှာ မကျွတ်မလွတ်သောဘဝကို ရောက်နေ သည့် ကွယ်လွန်သူအများစုသည် သူတို့အတွက် ကောင်းမှုကုသို ပြုလုပ်ပေးတာကို မသိရှာကြပါ။ ထို့ကြောင့် လာရောက်ပြီး သာဓုမခေ နိုင်ကြပါ။ သူတို့သည် သွားချင်ရာသွား၍ ရောက်ချင်ရာရောက် တတ်ကြပါသည်။

✦ **ဒုတိယအရေးအကြီးဆုံးဆောင်ရွက်ရန်**

သီလ၊ သမာဓိပြည့်စုံသော ရဟန်း၊ သံဃာများကို ပင့်ဖိတ်

သို့မှသာ ကွယ်လွန်သူအတွက် ချက်ချင်းအကျိုးခံစားမှုရှိ မည်။

အဆင်ပြေရာသံဃာတော်များကို ပင့်ဖိတ်ပြီး သံဃိက အ အဖြစ် လှူဒါန်းလည်း ရပါသည်။

✦ **တတိယအရေးအကြီးဆုံးဆောင်ရွက်ရန်**

လှူဖွယ်ဝတ္ထုပစ္စည်းသည် ကွယ်လွန်သူအတွက် လိုအပ်နေသေ ပစ္စည်းဖြစ်သင့်သည်။ ကွယ်လွန်သူကို ချက်ချင်းအကျိုးပြုစေမ ပစ္စည်းဖြစ်သင့်သည်။

(ရေ၊ ဆွမ်း+ဆွမ်းဟင်း၊ သင်္ကန်း)

တို့သည် အဓိကဦးစားပေးလှူရမည့်ပစ္စည်းများ ဖြစ်ပါသည်။

ဖျာ၊ နေကထိုင်ခင်း၊ ဖိနပ်၊ ထီး၊ ယပ်နှင့် ကျောင်း၊ သိမ်၊ ဇရပ်တို့ကိုလည်း တတ်အားသ၍ လှူသင့်ပါသည်။

ကွယ်လွန်သူအတွက် တိုက်ရိုက်၊ ချက်ချင်းအကျိုးမပြုသော ငွေကြေးများကိုလှူခြင်းထက် ဒုက္ခရောက်နေသော ကွယ်လွန်သူအတွက် လိုအပ်နေသော ပစ္စည်းများကို ရည်ရွယ်ပြီး လှူခြင်းက ပို၍ အကျိုးရှိပါသည်။

***လှူဖွယ်ဝတ္ထုများကို သန့်ရှင်းသောငွေဖြင့်ဝယ်ယူလှူဒါန်းပါ။***

ဝတ္ထုတစ်ခုချင်းကို သံဃာတော်တို့အား ကပ်လှူဒါန်းပါ။ ကွယ်လွန်သူမည်သူ့အတွက် လှူဒါန်းကြောင်း သေချာစွာ လျှောက်ထားပါ။ ပြီးနောက် ကွယ်လွန်သူ၏အမည်ကို နှုတ်မှခေါ်၍ အမျှဝေပေးပါ။

**ရရှိနိုင်သောအကျိုး**

အလှူပြုလုပ်ပေးသူ စိတ်ထားတတ်လျှင်တတ်သလို ယခုဘဝမှာ နောင်သံသရာပါ လှူဒါန်းသူအတွက် အကျိုးပေးပါသည်။

ကွယ်လွန်သူက သာဓုသုံးကြိမ်ခေါ်ဆိုနိုင်လျှင် မြင့်မြတ်သော အစားအစာများ၊ တောက်ပသစ်လွင်သော အဝတ်တန်ဆာများ၊ နေစရာဗိမာန်များကို ချက်ချင်းရရှိပေသည်။

ကွယ်လွန်သူသည် လူ့ဘဝတွင်ရှိစဉ်က ပြုလုပ်ခဲ့သော ကုသိုလ်ကံများ၏ အကျိုးဆက်အရ သုဂတိဘုံများသို့လည်း ကူးပြောင်းရောက်ရှိသွားပေမည်။

✦ **အထူးသတိပြုရန်**

မိရိုးဖလာထုံးစံအရ ကျန်ရစ်သူတို့က ကွယ်လွန်သူအတွက်
အလှူဒါနတွေကိုလုပ်ပေးကြရာတွင် တတ်ကျွမ်းနားလည် သူများ
မမေးဘဲ အဆင်ပြေသလို ဝတ္တရားကျေရုံ ပြီးစလွယ်ပြုလုပ်တတ်ကြ၏
တတ်နိုင်သူများကလည်း ငွေကြေးကို ပုံအောသုံးပြီး လှူဒါန်းကြ၏

ပြိတ္တာဘုံရောက်နေတဲ့ ကွယ်လွန်သွားသူကလည်း သွားချ
သလိုလျှောက်သွားနေ၏။ ရောက်ချင်ဘဲ့နေရာ ရောက်နေတတ်၏
သူအတွက် ပြုလုပ်ပေးမည့်အလှူကို လုံးဝမသိလိုက်ပေ။ သာဓုမခေါ်
နိုင်ပေ။

ထိုနည်းဖြင့် နှစ်ပေါင်းများစွာတိုင်အောင် ပြိတ္တာဘုံတွ
ကျင်လည်နေရလေသည်။

ကျန်ရစ်သူများ၏ တာဝန်မကျေပွန်မှုဖြစ်ပါသည်။

**◂◂ ခဉ်းစားစရာ ▸▸**

ကွယ်လွန်သွားကြတဲ့ မိဘဘိုးဘွားဆွေမျိုးသားချင်းတွေ
ကျန်ရစ်သူတွေက မေ့မေ့ပျောက်ပျောက်ဖြစ်နေကြပေပြီ။

ကွယ်လွန်သူတွေအတွက် ရည်မှန်းပြီး ကုသိုလ်ကောင်းမှု
ကို ထိထိရောက်ရောက် ဘယ်နှစ်ကြိမ်လုပ်ပေးခဲ့ကြပါသလဲ။

တတ်ကျွမ်းသောပုဂ္ဂိုလ်များကို မမေးမြန်းမတိုင်ပင်ဘဲ လောကီ
လိုကိုလိုက်၍ ဝတ်ကျေတန်းကျေတစ်ကြိမ်နှစ်ကြိမ် လုပ်ပေးရုံနဲ့
ယ်လွန်သူတွေက သာဓုခေါ်နိုင်ကြပါမည်လား။

သာဓုခေါ်ချင်လွန်းလို့ နှစ်ပေါင်းများစွာစောင့်နေရှာတဲ့ ဆွေမျိုး
တ္တာတွေ ပြိတ္တာဘုံမှာရှိနေကြတယ်ဆိုတာ သင်သိရဲ့လား။

သင်တို့ကျွန်ုပ်တို့တစ်နေ့သေရမှာပဲ ငါသေရင် သပိတ်သွတ်
ရာမလိုဘူးကွ၊ သုဂတိဘုံကို ကျိန်းသေရောက်မှာကွလို့ ပြောရဲကြရဲ့
ား။

သင်သေသွားခဲ့သော် ကျန်ရစ်သူတွေက သင့်အပေါ် တာဝန်
ကျေကြပါ့မလား။

ကံကံ၏အကျိုးအရ ကွယ်လွန်သွားကြသူ သင့်ရဲ့ မိဘဘိုးဘွား
တွေအပေါ် သင်တာဝန်ကျေခဲ့မှသာ သင်တစ်နေ့ ကွယ်လွန်သွားရင်
ည်း ကျန်ရစ်သူသားသမီးတွေက သင့်အပေါ် တာဝန်ကျေကြပေ
မ့်မည်။

သို့မဟုတ်ပါက ပြိတ္တာဘုံတွင် နှစ်ပေါင်းများစွာ တစ်ဝဲလည်
ည် . . . . ။

# အသူရကာယ်ဘုံ

အသူရကာယ် ဆိုသည်မှာ ပြိတ္တာအကြီးစားဖြစ်ပေသည်။ ပြိတ္တာထက်ပိုပြီး ဒုက္ခဆင်းရဲခံနေရတဲ့ အကောင်ကြီးများဖြစ်ပေသည်။

ကိုယ်ခန္ဓာအလွန်ကြီးမားပြီး အပ်နဖားပေါက်မျှ ပါးစပ်ရှိ၏။ စားသောက်တဲ့အခါ ဇောက်ထိုးမိုးမျှော်ပြုပြီး စားသောက်ရ၏။ ဘုရား အဆူဆူပွင့်သော်မှ အစာတစ်ကြိမ်စားရရန်မလွယ်ပေ။

## ◂◂ အသူရကာယ်ဘုံ ▸▸

ဘုံသီးခြားမရှိပါ။

ပြိတ္တာဘုံကဲ့သို့ လူ့ဘုံမှာပင် ရှိပါသည်။ သို့သော် လူတွေနှင့် အလွန်ဝေးရာအရပ် တောထဲတောင်ထဲနှင့် သမုဒ္ဒရာ မြစ်ကမ်းတွေမှာ နေတတ်ကြပါသည်။

ပြိတ္တာနှင့်အသူရကာယ်ကို ဘုံတစ်ခုတည်းဟု ယူဆ၍ရပါ သည်။

## အသူရကာယ်များရဲ့ ဒုက္ခ

တစ်ခါက အနက်တစ်ယူဇနာ အကျယ်တစ်ယူဇနာရှိ ဂင်္ဂါမြစ်ကြီး ထဲသို့ အသူရကာယ်ကြီးတစ်ကောင် ရေဆင်းသောက်၏။ ထိုအခါ မြစ် ရေများ အခိုးအလျှံထွက်ပြီး ခန်းခြောက်ကုန်၏။ မြစ်ကြီး၏အောက် ကျောက်ဖြာကြီးသာ တွေ့ရပြီး ရေစီးသံကြားနေရ၏။

ထိုအခိုက် ဆွမ်းခံကြွလာသော ရဟန်းသုံးကျိပ်နှင့် ဆုံတွေ့ပြီး နားသဖြင့် ရေတိုက်ပေးကြ၏။

ပြိတ္တာကြီးကို မြစ်ထဲလှဲအိပ်ခိုင်းပြီး သပိတ်အလုံး (၃၀)နဲ့ စပ်ထဲရေတွေလောင်းထည့်ကြသည်။

တစ်မနက်လုံး လောင်းပေးတာတောင် အာစွတ်စိုရုံလောက်ပဲ ရှုသည်။ ရေငတ်သော အာသာမပြေပေ။

အဲဒီလို အစာမစားရ ရေမသောက်ရနဲ့ နှစ်ပေါင်း မရေမတွက် င်အောင် ဒုက္ခဆင်းရဲခံနေကြရပေသည်။

## ◂◂ သေရင် အသူရကာယ်ဖြစ်မည့်လူများ ▸▸

လူ့ပြည်၌နေစဉ် သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်တို့နှင့် ပြည့်စုံသော ာတော်ကောင်းများနှင့် ရဟန်းသံဃာတို့ကို မလေးမစားပြုသူများ၊ စော်ကားသူများ။

သီလမရှိသော လူယုတ်မာများကို ပေးကမ်းချီးမြှင့် ထောက်ပံ့ သူများ။

သေလွန်သော် အသူရကာယ်ဘုံ၌ ဖြစ်ကြရ၏။

ကျန်ရစ်သူတို့က ကောင်းမှုကုသိုလ်လုပ်ပေးသော်လည်း သာဓု ခေါ်နိုင်ပါ။

သက်တမ်းမှာ အလွန့် အလွန်ရှည်ကြာတတ်ပါသည်။

✦ ***မာနထောင်လွှားမှုကို ပါယ်ဖျောက်နိုင်မှသာ အသူရကာယ် ာဝသို့ မရောက်ရန် စိတ်ချရပေမည်။***

# ငရဲဘုံ

## ◂◂ ငရဲဘုံတည်နေရာ ▸▸

ကမ္ဘာမြေမျက်နှာပြင်ရဲ့အောက် ယူဇနာ (၁၅၀၀၀)အနက်တွင် လူ့ပြည်နှင့်အနီးဆုံးပထမထပ်ငရဲဘုံရှိပေသည်။ (တစ်ယူဇနာ = ၈မိုင်)

ထိုပထမထပ် ငရဲဘုံ၏အောက် ယူဇနာ (၁၅၀၀၀) အနက်တွင် ဒုတိယငရဲဘုံရှိပါသည်။

ဤသို့ဖြင့် ကမ္ဘာမြေကြီးရဲ့အောက်တွင် ငရဲကြီး (၈)ထပ်ရှိပေ သည်။

ရံနေသော ငရဲငယ်ပေါင်း (၂၅၆)ခု ရှိပေသည်။

အပါယ်(၄)ဘုံထဲတွင် ငရဲဘုံသည် ကြောက်စရာအကောင်းဆုံး ဘုံဖြစ်၏။ အချိန်ပြည့် ဆင်းရဲဒုက္ခမျိုးစုံကိုသာ ခံစားနေကြရပြီး ချမ်းသာသုခဟူ၍ လုံးဝမရှိပေ။

## ◂◂ ငရဲဘုံသားတို့၏ဒုက္ခ ▸▸

ငရဲတွင်ခံစားရသော ဒုက္ခကိုနားလည်လွယ်အောင် ဥပမာ ပြအံ့။

ပွတ်ပွတ်ဆူနေသော ဆီပူအိုးထဲသို့ ငါးအရှင်တစ်ကောင် ပစ်ထည့်လိုက်သော် အလွန်ဆုံးမိနစ်ပိုင်းသာမချိမဆန့်ဒုက္ခခံစားရပြီး သေသွားပေမည်။ ငါးသေကို ဆက်ကြော်သော် ငါးကြော်ဖြစ်လာမည်။

ကြက်အရှင်ကို လည်လှီးလိုက်လျှင် မချိမဆံ့ ခဏမျှသာ ဒုက္ခခံရပြီးသေသွားမည်။ သေပြီးမှကြက်သေကို အပိုင်းပိုင်းခုတ်ထစ်ကြ၏။

ငရဲတွင်ခံစားရသော ဒုက္ခသည် ဤသို့မဟုတ်ပေ။ မီးလောင်လည်းမသေ၊ ဆီအိုးပူထဲထည့်လည်းမသေ၊ ဓားတွေလှံတွေနဲ့ခုတ်ပိုင်းလည်းမသေ၊ ငရဲဘုံတွင်ရှိနေသ၍ သေဆုံးခြင်းလုံးဝမရှိဘဲ အခါမလပ် ဒုက္ခမျိုးစုံခံစားနေရလေသည်။

## ◂◂ သက်တမ်း ▸▸

ငရဲသားတို့၏သက်တမ်းမှာ တစ်ဦးနှင့်တစ်ဦးမတူကြပါ။ မိမိပြုခဲ့သောအကုသိုလ်အမျိုးအစားနှင့် အနည်းအများပေါ်တွင် မူတည်ပါသည်။ အချို့မှာ ရက်ပိုင်းမျှသာကြာပြီး အချို့မှာ မရေမတွက်နိုင်အောင် ရှည်ကြာတတ်၏။

## ◂◂ သေရင် ငရဲကျမည့်သူများ ▸▸

(၁) သူတစ်ပါးအသက်ကိုသတ်လေ့ရှိသူများ။

(၂) သူတစ်ပါးပစ္စည်းကိုမပေးဘဲယူလေ့ရှိသူများ။

(၃) ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်လေ့ရှိသူများ။

(၄) မမှန်သောစကားပြောလေ့ရှိသူများ။

(၅) မူးယစ်မေ့လျော့ခြင်းကိုဖြစ်သော သေရည်အရက်ကို သောက်လေ့ရှိသူများ။

(၆) သူတစ်ပါးကျေးဇူး၊ မိဘကျေးဇူးတို့ကို ချေဖျက်သူ၊ ကျေးဇူးကန်းသူများ။

(၇) ရဟန်း၊ သံဃာ၊ မိဘ၊ ဆရာသမားနှင့် သီလစောင့်သူတို့အား ကိုယ်ထိလက်ရောက် စော်ကားသူများ၊ နှုတ်ဖြင့်ကြမ်းတမ်းစွာ ပြောဆိုသူများ။

(၈) ကုသိုလ်ကောင်းမှုပြုရန် စုဆောင်းထားသော အသင်းအဖွဲ့ပိုင်ငွေများကို ကိုယ်ကျိုးအတွက် သုံးပစ်သူများ။

(၉) အပြစ်မဲ့သူ ယောက်ျား၊ မိန်းမတို့ကို နှိပ်စက်၊ ညှဉ်းဆဲခဲ့သူများ။

(၁၀) အဂတိလိုက်စားသူများနှင့် လင်ယောက်ျားအပေါ် မရိုမသေ မလေးမစား၊ နိုင်လိုမင်းထက်ပြုတတ်သော မိန်းမများ။

(၁၁) မှားသော အယူရှိသူများ

(၁၂) သေခါနီး စိတ်ဆိုးစရာ၊ ဒေါသထွက်စရာများကို စဉ်းစားတွေးတောနေသူများ။

(၁၃) လူတို့လှူအပ်သော ပစ္စည်းလေးပါးကို သုံးဆောင်လျက် ကိုယ်၊ နှုတ်မစောင့်စည်းဘဲ မြူးထူးပျော်ပါး စားသုံးနေတတ်သော ရဟန်းများ။
သေသော် ငရဲသို့ ကျရောက်တတ်ပေသည်။

(၁၄) ***အောက်ပါလေးပါးသော အကျင့်တို့နှင့် ပြည့်စုံသူသည် ငရဲကျဖို့ရန် သေချာကြောင်း (သုတ်တော်များတွင်) ပါရှိလေသည်။***
ကိုယ်တိုင်လည်း သူ့အသက်ကိုသတ်၏။ သတ်ဖို့ရန် သူတစ်ပါးကိုလည်း တိုက်တွန်း၏။ သူတစ်ပါးသတ်နေသည်ကို မြင်လျှင်လည်း ဝမ်းသာအားရ ဖြစ်၏။ သတ်ချင်လာအောင်လည်း ပြောဆိုစည်းရုံး၏။

(၁၅) ***ငရဲရောက်မည့် မိန်းမများ***
အကြင်မိန်းမသည် (နံနက်ပိုင်း) အချိန်မှာ ဝန်တိုမှုလွှမ်းကဲသော စိတ်နှင့်နေ၏။ (နေ့လည်ပိုင်း)မှာ သူတစ်ပါးပစ္စည်းဥစ္စာချမ်းသာမှုကို မနာလိုမှုလွှမ်းကဲသော စိတ်နှင့်နေ၏။ (ညပိုင်း)မှာ ကာမဂုဏ်တပ်မက်မှုလွှမ်းကဲသော စိတ်နှင့်နေ၏။ သေလွန်သော် ထိုမိန်းမသည် အပါယ်ငရဲသို့ ကျရောက်မည်ဟု မြတ်စွာဘုရားက ဟောကြားခဲ့ဖူးပါသည်။

✦ ***ဒေါသစိတ်ကို ဖျောက်နိုင်မှသာ ငရဲသို့မရောက်ရန် စိတ်ချရပေမည်။***

## ◄◄ ငရဲရောက်နည်းနှစ်မျိုး ►►

(၁) အကုသိုလ်အလွန်အားကြီးသူတို့သည်သေသည်နှင့်တပြိုင်နက် ငရဲသို့ချက်ချင်းရောက်ရှိခံစားရ၏။

(၂) သေးငယ်သော အကုသိုလ်ကံရှိသူတို့သည် သေသည်နှင့် တပြိုင်နက် ယမမင်းထံရောက်ရှိသွားပြီး စစ်ဆေးမေးမြန်းခြင်း ခံရ၏။

လူပြည်မှာကဲ့သို့ လိမ်ညာထွက်ဆို၍မရပါ။ ရှေ့နေငှား၍မရပါ၊ လာဘ်ပေး၍မရပါ။ အမှန်အတိုင်းစစ်ဆေးခံရလေသည်။ ကျူးလွန်ခဲ့သောမကောင်းမှုနှင့်လျော်ညီသော အပြစ်ကိုချမှတ်ခံရလေသည်။

## ◄◄ ငရဲက အလိုရှိသူများ ►►

ဘုရားရှင်က ဟောတော်မူခဲ့၏။

အကြွင်သူတစ်ဦးသည် မိမိအားအနိုင်ကျင့်နှိပ်စက်ခဲ့သော ရန်သူအား ငါ၏ရန်သူသည် သေလွန်သော် ချမ်းသာကင်းသော ငရဲသို့ ကျရောက်သော်ကောင်းလေစွဟုကျိန်ဆဲ၏။ လိုလား၏။ တောင့်တ၏။

ငရဲသို့ကျရောက်စေတတ်သော ဒုစရိုက် မကောင်းမှု ကျူးလွန်ခဲ့သူ၊ အနိုင်ကျင့်ခဲ့သူကလည်း မိမိ၏စိတ်သန္တာန်၌ အကုသိုလ် ဒုစရိုက်ကို နှစ်သက်နေ၏။ ထိုသူသည် ငရဲကို အလိုရှိသူဖြစ်တော့၏။ ထိုလူယုတ်မာများကို ငရဲကလည်း ကြိုက်၏။ အလိုရှိ၏။

## ◄◄ ငရဲဘုံက မီး ဘယ်လောက်ပူပါလိမ့် ◄◄

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် (မလယ) မထေရ်သည် သူ၏ဆရာ မထေရ်အား ငရဲမီး ဘယ်လောက် ပူပြင်းပါလိမ့်မည်နည်းဟု လျှောက်ထား၏။

ဆရာမထေရ်က ထင်းအစိုလှည်းတစ်စီးတိုက်ကို ကျောက်ဖျာပေါ်တွင် စုပုံစေ၍ မီးရှို့ခိုင်း၏။ မီးမလောင်နိုင်ဘဲရှိ၏။

ဆရာမထေရ်က (အဝီစိ) ငရဲမှ နှမ်းစေ့လောက် မီးခဲမှုန်ကို တန်ခိုးဖြင့် ယူ၍ လက်ဝါးပေါ်တင်ကာ ထင်းပုံထဲပစ်ချပြ၏။ ချက်ချင်းပင် ထင်းအစိုလှည်းတစ်စီးတိုက်လုံး ပြာဖြစ်သွား၏။ ဤမျှ အပူဒဏ်ပြင်းပေသည်။

## ◄◄ ဒုက္ခ မျိုးစုံ ငရဲဘုံ ►►

လူ့ပြည်တွင်နေခဲ့စဉ်က ကျူးလွန်ခဲ့သော မကောင်းမှု အမျိုးအစားကိုလိုက်၍ငရဲသားများဒုက္ခခံရပုံ (အချို့)ကို ဖော်ပြအပ်ပါသည်။

(၁) လူဖြစ်စဉ်က သား၊ ငါး၊ ကျေးငှက်၊ ကျွဲ၊ နွား၊ ဆိတ်တို့ကို သတ်ဖြတ်ခဲ့သောသူများကျရောက်သည့် ငရဲဘုံ၌ ငရဲသားတို့အား မီးတောက်နေသော သံကြိုးဖြင့် လည်ပင်းကိုချည်လျက် လွှ၊ ဓားတို့ဖြင့် အမဲဖျက် သကဲ့သို့ အပိုင်းပိုင်းခုတ်ထစ်ကြ၏။ ထို့နောက် မီးတောက်နေသော သံပြားပေါ်၌ ဖြန့်ခင်းကြ၏။

(၂) လူဖြစ်စဉ်က ရောင်းသူနှင့် ဝယ်သူကြားတွင် အပြောချိုချိုနှင့် အမျိုးမျိုးလိမ်ညာခဲ့ကြသော ကုန်သည်ပွဲစားများ၊ အလေးခိုးကြသည့် မရိုးသားသောဈေးသည်များ ကျရောက်သည့်ငရဲဘုံ၌ ငရဲသားတို့၏လျှာအား မီးတောက်နေသောသံချိတ်ဖြင့် ချိတ်ဆွဲ၍ ချစ်ချစ်တောက်ပူနေသောမြေပြင်တွင် သံငုတ်များဖြင့် ရိုက်ကာ ဖြန့်ထားကြ၏။ ငရဲသားတို့သည် ကုန်းပေါ်တွင် တင်ထားသောငါးကဲ့သို့ ဖျပ်ဖျပ်လူးကာ ငိုကြွေးမြည်တမ်းကြ၏။

(၃) လူဖြစ်စဉ်က ကုသိုလ်ကောင်းမှုလုပ်ရန် စုဆောင်းထားသည့် အသင်းအဖွဲ့ရန်ပုံငွေများ၊ ဘုရားအလှူငွေများကို စာရင်းလိမ်ပြလျက် မိမိကိုယ်ကျိုးသုံးပစ်ကြသူများကျရောက်သည့် ငရဲဘုံ၌ နွားများကို အတင်းရိုက်နှက်၍ ခြံထဲသွင်းသကဲ့သို့ ငရဲသားတို့အား မီးတောက်နေသော သံချောင်းတို့ဖြင့် ရိုက်နှက်ကာ မီးကျီတွင်း၌ ခါးထိအောင် မြုပ်နေစေ၏။ ငရဲထိန်းတို့က အပေါ်မှမီးကျီများဖြင့်လောင်းချကြ၏။ ငရဲသားတို့ ပူလောင်လွန်းသဖြင့် လက်ဖြင့်ကာပြီး ဘေးသို့ ပစ်ကြကြရာ အချင်းချင်း ခေါင်းပေါ်သို့ ကျလေသည်။

(၄) လူဖြစ်စဉ်က အဂတိလိုက်စား၍ မမှန်ကန် မမျှတသော အမိန့်ဆုံးဖြတ်ချက်များချမှတ်ခဲ့သူတို့ ကျရောက်သော ငရဲဘုံ၌ ငရဲသားများသည် ခြေလက်တို့ကို တုတ်နှောင်ခြင်းခံကြရသည်၊ ပါးစပ်ထဲသို့ ရဲရဲတောက်နေသော သံချွန်ပူဖြင့် ထိုးသွင်းခြင်း ခံကြရလေသည်။

(၅) လူဖြစ်စဉ်က လင်သားကွယ်ရာ၌ တစ်ပါးသောယောကျ်ားတို့နှင့် ဖောက်ပြန်ပျော်ပါးခဲ့သူများ လင်ငယ်ထားကြသော မိန်းမများ ကျရောက်သောငရဲဘုံတွင် ငရဲသားတို့သည် မီးတောက်နေသော သံမြေပြင်တွင် ခါးတစ်ဝက်မြုပ်နေလျှက် သံပူလုံးကြီးက တဖြည်းဖြည်း လိမ့်လာကြပြီး တစ်လှည့်စီ ကြိတ်သွားကြလေသည်။ ငရဲသားတို့သည် ကိုယ်တခြားခေါင်းတခြားဖြစ်ကာ သွေးအလိမ်းလိမ်းဖြင့် မြင်မကောင်းအောင်ဖြစ်နေရ၏။

(၆) လူဖြစ်စဉ်က ကာမပိုင်ဇနီးမယားတို့ကို ပြစ်မှားကျူးလွန်ခဲ့ကြသော ယောကျ်ားများကျရောက်သည့် ငရဲဘုံတွင် ငရဲသားများသည် အသားကင်ဆိုင်များမှာကဲ့သို့ သံချွန်များဖြင့် ထိုးဖောက်ခြင်းခံကြရပြီး မီးလျှံများထဲသို့ ဇောက်ထိုးထားခြင်းခံကြရ၏။

(၇) လူဖြစ်စဉ်က ကောင်းမှု မကောင်းမှုဟူ၍မရှိ။ ရှေ့ဘဝ နောက်ဘဝဟူ၍မရှိ လွဲမှားသောအယူဝါဒ မိစ္ဆာဒိဋ္ဌိ အယူရှိသူများ ကျရောက်သော ငရဲဘုံတွင် ငရဲသားများသည် ခွေးမဲကြီးများနောက်ကလိုက်ဆွဲခြင်းခံရ မီးဒုတ်များဖြင့် လိုက်တို့ခြင်းခံကြရသဖြင့် သစ်ပင်များပေါ်ပြေးတက်ကြရာ သစ်ပင်များသည် လှံအပိုင်းအစများ၊ သံချွန်အတက်များ၊ ဓားအပိုင်းအစများ ဖြစ်နေကြသဖြင့် ခန္ဓာကိုယ်သည် အပိုင်းပိုင်းပြတ်၍ အောက်သို့ ကျလေသည်။

(၈) လူဖြစ်စဉ်က မိမိကိုကူညီစောင့်ရှောက်ခဲ့သည့် ကျေးဇူးရှင်ကို၊ အဆွေခင်ပွန်းကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်ပြုလုပ်ခဲ့

သူများ ကျရောက်ရာ ငရဲဘုံတွင် ငရဲသားများသည် အနံ့
တထောင်း ထောင်းနှင့် နံစော်နေသည့် မစင်တွင်းကြီးထဲသို့
ကျရောက်နေပြီး အလွန်ဆာလောင်လှသဖြင့် မစင်ပုတ်တို့ကို
ပလုပ်ပလောင်းစားကြလေသည်။

(၉) လူဖြစ်စဉ်က စပါး၊ နှမ်း၊ ပဲ စသည်တို့ကို သဲ၊ ကျောက်ခဲများ
ရော၍လည်းကောင်း၊ ဆီ၊ နွားနို့၊ ကြက်၊ ဝက် အစား
အသောက်များတွင် ရေထိုး၍လည်းကောင်း၊ ရောင်းချခဲ့သူများ၊
အလေးခိုး၍ရောင်းချခဲ့သူများ ကျရောက်ရာငရဲဘုံတွင် ငရဲသား
များ သည် မီးလျှံများတောက်နေသော သံမြေပြင်တွင် သွားလာ
နေကြသောကြောင့် အလွန် ပူလောင်လှသဖြင့် ရေထဲခုန်ချ
ကြ၏။ ရေထဲမှ မီးများထတောက်ခါ မီးလောင်ခြင်းခံကြရ၏။

(၁၀) လူဖြစ်စဉ်က သူခိုး၊ ဓားပြအလုပ်ဖြင့် သူတစ်ပါးပစ္စည်းများကို
နည်းမျိုးစုံဖြင့် ယူငင်သူများ ကျရောက်ရာ ငရဲဘုံတွင် ငရဲသား
များကို မီးတောက်နေသော မြှား၊ လှံတို့ဖြင့် ဝိုင်း၍ပစ်ကြ၏၊
ငရဲသားများ၏ ခန္ဓာကိုယ်သည် ဆန်ခါပေါက်ဖြစ်နေသော
သစ်ရွက်ပမာ တစ်ကိုယ်လုံး အပေါက်များဖြစ်နေကြရ၏။

(၁၁) လူဖြစ်စဉ်က မဟုတ်မမှန်သည်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်
ဖြစ်စေ သူတစ်ပါးအထင်အမြင်လွဲအောင် ပြောဆိုရေးသား
သော မုသားပြောဆိုသူများသည် သူတစ်ပါးအကျိုး ပျက်စီး
သလောက် ငရဲတွင်ခံကြရ၏။ ငရဲသားများသည် မီးလျှံတောက်

နေသော မြေပြင်ပေါ်တွင်နေကြရကုန်၏။ ထိုငရဲသားများကို စို့တံကျင်များဖြင့် ရိုက်နှက်ကြလေသည်။ ငရဲသားများသည် အော်ကာဟစ်ကာဖြင့် တံတွေးများအဆက်မပြတ် ထွေးထုတ်နေကြရလေသည်။

၁၂) ***ကချေသည်၊ သဘင်သည်တို့သည် လူတို့အား တပ်မက်စေသောအာရုံ၊ အမျက်ထွက်စေသောအာရုံ၊ မိုက်မဲတွေဝေစေ သောအာရုံတို့ကိုဖြစ်စေ၏။ ထိုကချေသည်တို့သည် မိမိလည်း မေ့လျော့ သူတစ်ပါးတို့ကိုလည်း မေ့လျော့စေသောကြောင့် သေလွန်သော် အဝီစိငရဲ၌ ရှိသော (ပဟာသ) ငရဲ၌ ခံရကုန်၏။***

၁၃) လူဖြစ်စဉ်က လက်ရုံးအားကိုး ပစ္စည်းအားကိုး အာဏာအားကိုးဖြင့် ခွန်အားမဲ့ ပစ္စည်းမဲ့ အာဏာမဲ့သူတို့ကို နိုင်ထက်ကလူ နှိပ်စက်ခဲ့သူတို့ ကျရောက်ရာ ငရဲဘုံတွင် ငရဲသားတို့သည် မီးလျှံတောက်နေသည့်သံလျှက်၊ လှံ၊ ခရင်းတို့ဖြင့် ထိုးခုတ်ရိုက်နှက် ခြင်းခံကြရ၏။ မခံနိုင် ကြသဖြင့် မြစ်ထဲသို့ခုန်ဆင်းရာ သင်တုန်းဓါးသဖွယ် ထက်လှသော မီးလျှံတောက်နေသည့် ကျိန်ဆူးတို့ဖြင့်ထိုးမိကာ အပိုင်းပိုင်းပြတ်လျက် အစုန်အဆန်မျောနေကြရ၏။

## ◂◂ ငရဲကြီးရှစ်ထပ် ▸▸

ငရဲ အထပ်လိုက်တွင်ခံစားရသောဒုက္ခအမျိုးမျိုးတို့ကို အကျဉ်း ဖော်ပြအပ်ပါသည်။

(၁) **အပေါ်ဆုံးထပ်ငရဲ (သိဉ္စိုင်းငရဲ)**

လူ့ပြည်နှင့်အနီးဆုံးဖြစ်သည်။

လူ့ပြည်၏အောက်ယူဇနာ(၁၅၀၀၀)ကွာဝေးသည်။ မြေကြီး အတွင်း၌ ဥမင်ကြီးသဖွယ်ရှိ၏။

ငရဲသားတို့သည် အထပ်ထပ် အသတ်ခံရပြီး အဖန်ဖန် အသက် ပြန်ရှင်ကြရသောကြောင့် သိဉ္စိုင်းငရဲဟု ခေါ်ပါသည်။

ငရဲသားတို့သည် ဓား၊ လှံလက်နက်တို့ဖြင့် အပိုင်းပိုင်းဖြတ် အောင် ခုတ်ထစ်ခြင်းခံနေကြရ၏။ ယင်းငရဲဘုံ၏တစ်ရက်မှာ လူ့ပြည် အနှစ် (၉)သန်းနှင့်ညီမျှ၏။ ငရဲသက်တမ်းအနှစ် ငါးရာရှိ၏။

*(တရားစောင့်သောရဟန်းများ၊ သူတော်ကောင်းများကို ပြစ်မှား စော်ကားသူတို့ ဤငရဲဘုံ၌ခံစားရ၏။ )*

(၂) **ဒုတိယထပ်ငရဲ (ကာလသုတ်ငရဲ)**

အပေါ်ဆုံးထပ်ငရဲ၏အောက် ယူဇနာ (၁၅၀၀၀)အကွာ တွင်ရှိ၏ မြေကြီးအတွင်း၌ ဥမင်ကြီးသဖွယ်ရှိ၏။

ငရဲသားတို့ကို မျဉ်းနက်ကြောင်းကြီးချ၍ ပဲခွပ်၊ ဓားမ၊ လွှ စသည်တို့ဖြင့် တိုက်ခွဲ ခုတ်ဖြတ်ကြသောကြောင့် ကာလသုတ် ငရဲဟု ခေါ်ပါသည်။

ငရဲသားများ၏အရိုးအသားများကို အပိုင်းပိုင်းခုတ်ထစ်ကြ၏။ ငရဲသားတို့သည် ပက်လက်စင်းကာခံကြရ၏။ သွေးတို့သည် ချောင်းကဲ့သို့စီး၏။ မြေပြင်မှမီးတို့သည် အားလုံးကို လောင်ကျွမ်းစေ၏။

ဤငရဲဘုံ၏တစ်ရက်မှာလူ့ပြည်မှာအနှစ် (၃)ကုဋေ (၆)သန်းရှိ၏။ ဤငရဲသက်တမ်းအနှစ်တစ်ထောင်ရှိ၏။

*(ဤငရဲ၌ သံဃာတော်တို့ကိုလည်းကောင်း၊ အမိအဖများကိုလည်းကောင်း ညှဥ်းပန်းနှိပ်စက် ပုတ်ခတ်ခဲ့သူများ ကျရောက်ခံစားရ၏။ )*

## (၃) **တတိယထပ်ငရဲ (သံဃာတငရဲ)**

ဒုတိယထပ်ငရဲ၏အောက် ယူဇနာ (၁၅၀၀၀)အကွာအဝေးတွင်ရှိသည်။ မြေကြီးအတွင်း၌ ဥမင်ကြီးသဖွယ်ရှိ၏။

အလျှံတပြောင်ပြောင် တောက်လောင်နေသော သံတောင်ကြီးတို့သည် တလိမ့်တုံးကြီးများသဖွယ် လိမ့်ဆင်းလာပြီး ငရဲသားများကို မွန့်မွှန့်ညက်ညက် ကြိတ်ချေကြသောကြောင့် သဃ်တငရဲဟု ခေါ်ပါသည်။

ငရဲသားများသည် မီးလျှံများတောက်နေသော မြေအတွင်းဝယ် ခါးထိအောင်နှစ်မြုပ်နေကြပြီး အပေါ်မှ နီရဲသော သံပူလုံးကြီးများဖြင့် တက်ကြိတ်ခံကြရလေသည်။

ဤငရဲဘုံတစ်ရက်မှာ လူ့ပြည်မှနှစ်အရေအတွက် (၁၄)ကုဋေ (၄)သန်းနှင့် ညီ၏။ ဤငရဲ၏ သက်တမ်းသည် ငရဲသက် အနှစ်နှစ်ထောင် ဖြစ်၏။

*(ဤငရဲ၌ သူတစ်ပါးအသက်ကို သတ်ဖြတ်ခဲ့သူများ ကျရောက် ခံစားရ၏။)*

(၄) **စတုတ္ထထပ်ငရဲ (ရောရုဝငရဲ)**

တတိယထပ်၏အောက် ယူဇနာ (၁၅၀၀၀)အကွာတွင်ရှိ၏ မြေကြီးအတွင်း ဥမင်ကြီးသဖွယ်ဖြစ်၏။

ငရဲသားတို့သည် ကျယ်လောင်ပြင်းထန်လှသော အသံတို့ဖြင့် အမြဲမပြတ် ငိုကြွေးမြည်တမ်းနေကြရသောကြောင့် ရောရုဝငရဲဟု ခေါ်ပါသည်။

ငရဲသားများ၏ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်စတဲ့ ဒွါရ ကိုးပေါက်မှ မီးတောက်မီးလျှံများ အတင်းဝင်ရောက်ကြသည်။ ခန္ဓာ ကိုယ်ထဲတွင် လောင်မြိုက်ကြကုန်၏။

ဤငရဲဘုံ၏တစ်ရက်မှာ လူ့ပြည်မှ နှစ်ပေါင်း (၅၇)ကုဋေ (၆)သန်းနှင့်ညီမျှ၏။ ဤငရဲ၏ သက်တမ်းသည် ငရဲအသက်အနှစ် လေးထောင် ဖြစ်၏။

*(ဤငရဲ၌ မကောင်းမှုအကုသိုလ်များကို စိတ်ပါလက်ပါ ပြုလုပ် ကြသူတို့ကျရောက်ကြ၏။)*

(၅) **ပဥ္စမထပ်ငရဲ (မဟာရောဂုဝငရဲ)**

စတုတ္ထထပ်ငရဲ၏အောက် ယူဇနာ (၁၅၀၀၀)အကွာတွင်ရှိ၏ မြေကြီးအတွင်း ဥမင်ကြီးသဖွယ်ဖြစ်၏။

ရောရုဝငရဲထက် ကြီးလေးပြင်းထန်သောကြောင့် မဟာရောရုဝ ငရဲဟု ခေါ်ပါသည်။

ငရဲသားများကို မီးခိုးများ ဖုံးလွှမ်းနေကြ၏။ မီးခိုးများသည် ...းတောက်များအတိုင်း ပူလောင်ကြ၏။

ဤငရဲဘုံ၏ တစ်ရက်မှာ လူ့ပြည်မှ နှစ်ပေါင်း (၂၃၀) ကုဋေ ...)သန်းနှင့်ညီမျှ၏။ ဤငရဲ၏သက်တမ်းသည် ငရဲအနှစ် ရှစ်ထောင် ...စ်၏။

*(ဤငရဲ၌ ရဟန်းသံဃာတော်တို့ကိုပြစ်မှားသူတို့ ကျရောက်ရ၏)*

...) **ဆဋ္ဌမထပ်ငရဲ (တာပနငရဲ)**

ပဉ္စမထပ်ငရဲ၏အောက် ယူဇနာ (၁၅၀၀၀)အကွာတွင်ရှိ၏။ ...မြေကြီးအတွင်း ဥမင်ကြီးသဖွယ်ဖြစ်၏။

ငရဲသားတို့ကို အလျှံတပြောင်ပြောင်ထွက်နေသော သံတံကျင် ...ဖြင့် ထိုးစိုက်စေလျက် ပြင်းထန်စွာပူလောင်စေသောကြောင့် တာပန ...ငရဲဟုခေါ်ပါသည်။

ငရဲသားများသည် ရဲရဲတောက်နေသော သံတံကျင်ချောင်းများ ...ဖြင့် ဦးခေါင်းမှ အောက်ဖွါရပေါက်အထိ ထိုးစိုက်ထားခြင်းခံကြရ၏။

ဤငရဲဘုံ၏တစ်ရက်မှာ လူ့ပြည်မှနှစ်ပေါင်း (၉၂၁) ကုဋေ ...)သန်းနှင့်ညီမျှ၏။ ဤငရဲ၏သက်တမ်းသည် အနှစ်(၁၆၀၀၀) ရှိ၏။

*(ဤငရဲ၌ လင်ယောကျ်ားကို မထေမဲ့မြင် မလေးမစားပြုသော ...မိမ်ရှင်မိန်းမများကျရောက်ရ၏။)*

...) **သတ္တမထပ်ငရဲ (မဟာတာပနငရဲ)**

ဆဋ္ဌမထပ်ငရဲ၏အောက် ယူဇနာ (၁၅၀၀၀)အကွာတွင်ရှိ၏။ ...မြေကြီးအတွင်းဥမင်ကြီးသဖွယ်ဖြစ်၏။

တာပနငရဲထက် ဆင်းရဲဒုက္ခ ကြီးမားပြင်းထန်သောကြောင့် မဟာတာပနငရဲဟု ခေါ်ပါသည်။

ငရဲသားများကို ရဲရဲတောက်ပူနေသော သံပူမီးတောင်ကြီးတွေ ပေါ် မတက်တက်အောင် ငရဲထိန်းတွေက ရိုက်နှက် မောင်းနှင်ကြ သည်။ အပေါ်ရောက်တော့ လေမုန်တိုင်းတိုက်ပြီး အောက်ပြန်ကျ စေ၏။ အောက်ရောက်တော့ မြေပြင်ပေါ်က သံချွန်တွေ စူးဝင်ကြ သဖြင့် အော်ဟစ်နေကြသည်။

ဤငရဲ၏သက်တမ်းမှာ အန္တရကပ် တစ်ဝက်ရှိ၏။

*(ဤငရဲ၌ အဂတိလိုက်စားသူများ၊ လင်ယောကျ်ားအပေါ် အလွန်နိုင်သော မိန်းမယုတ်များကျရောက်ရ၏။)*

ထို့အတူ ဇနီးမယားအား မတရားနှိပ်စက်စော်ကား အကြမ်း ဖက် အနိုင်ကျင့်သော ယောကျ်ားများလည်း ထိုငရဲ၌ ကျရောက်နိုင် ပါသည်။

**(၈) အောက်ဆုံးထပ်ငရဲ (မဟာအဝီစိငရဲ)**

သတ္တမထပ်ငရဲ၏အောက် ယူဇနာ (၁၅၀၀၀)အကွာတွင်ရှိ သည်။ ကျောက်သားမြေပေါ်၌ တည်ရှိ၏။

ငရဲသားများနှင့် ငရဲမီးလျှံတို့သည် အကြားအလပ်မရှိ နေရာ လပ်မရှိသောကြောင့် အဝီစိငရဲဟု ခေါ်ပါသည်။

ငရဲသားများသည် နေရာလပ်မရှိအောင် ဆက်စပ်နေသော မီးလျှံများကြားတွင် ဒုက္ခခံစားနေရ၏။

ငရဲသက်တမ်းသည် အန္တာရကပ် (၁)ကပ်ကြာ၏။

***(ဤငရဲ၌ အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရား သွေးစိမ်းတည်အောင်ပြုသူ၊ သံဃာသင်းခွဲသူ (ကံကြီးထိုက်သူများ) ရောက်ရ၏။)***

## ◂◂ အိမ်ရှင်နှင့်အိမ်ငှား ▸▸

သတ္တဝါတို့မည်သည် မကောင်းမှု၌ပျော်မွေ့တတ်သောသဘော တတ်ကြသဖြင့် အပါယ်(၄)ဘုံတွင်သာ အနေများကြလေသည်။ ပါယ် (၄)ဘုံတွင် ကိုယ်ပိုင်အိမ်ရှိနေသည့်သဖွယ်ဖြစ်ပေသည်။

ကုသိုလ်ကောင်းမှုများ၏ အကျိုးဆက်အဖြစ်ရောက်ရှိရာ တ်ဘုံ၊ လူ့ဘုံတို့သည် ခေတ္တခဏသာသွားရောက်တည်းခိုရာ အိမ်ငှား င့်တူနေပေသည်။

သုဂတိဘုံဟုခေါ်သော ဗြဟ္မာဘုံ၊ နတ်ဘုံ၊ လူ့ဘုံများကို မိမိတို့၏ င်တိုင်အိမ်သဖွယ် ဖြစ်နေရအောင် လူ့ဘဝရောက်တုန်းရောက်ခိုက် ကြိုးစားအားထုတ်သင့်လှပေသည်။

## ◂◂ ငရဲကံကုန်လျှင် ▸▸

(၁) လူဖြစ်စဉ်က မကောင်းမှုအမျိုးမျိုး ကျူးလွန်ခဲ့ကြသူများသည် ငရဲဘုံတစ်ခုခုသို့ရောက်ရှိပြီး ကျူးလွန်ခဲ့သော မကောင်းမှု အကျိုးဆက်ဒုက္ခကို အကုသိုလ်ကံမကုန်သရွေ့ခံရ၏။ အချိန် ပြည့်၍ ငရဲသားတစ်ဦး သေဆုံးသွားသော် တစ်ပါးသော အကျိုး မပေးသေးသော မကောင်းမှုသည် အကယ်၍ ရှိနေသေးပါမူ ထိုမကောင်းမှုသည် လုံးဝသက်သာခွင့်မပေးဘဲ အခြားငရဲဘုံသို့ ဆက်လက်၍ ကျရပြန်၏။

(၂) ငရဲဘုံတစ်ခုမှ အခြားငရဲဘုံများသို့ကူးပြောင်းနိုင်သလို အပါယ် (၄)ဘုံသို့လည်း ကူးပြောင်းရောက်ရှိနိုင်ပေသည်။

(၃) အကုသိုလ်အရှိန်ကုန်ဆုံး၍ ကုသိုလ်အကျိုးပေးအလှည့် ပြန် ရောက်ခဲ့သော် ငရဲဘုံမှ လူ့ဘုံနှင့် နတ်ပြည်(၆)ထပ်သို့လည်း ကူးပြောင်းရောက်ရှိနိုင်ပါသည်။ (ဗြဟ္မာဘုံမပါပါ)

(၄) အချုပ်အားဖြင့် ငရဲသားတစ်ဦးသေဆုံးလျှင် အပါယ်(၄)ဘုံ + လူ့ဘုံ + နတ်ပြည် (၆)ထပ် စုစုပေါင်း ကာမ (၁၁)ဘုံသို့ လားရောက်နိုင်ပါသည်။

(၅) အချို့ငရဲသားသည် ရက်ပိုင်းမျှဖြင့် အကုသိုလ်ကံ ကုန်သွား သဖြင့် ငရဲမှလွတ်သွားပြီး ကုသိုလ်ကံအဟုန်ကြောင့် နတ်ဘုံသို့ ရောက်သွားတာမျိုးလည်းရှိပါသည်။

## ◄◄ ဆေးကု၍မရတော့သူများ ►►

(၁) အဖကိုသတ်ခဲ့သူ
(၂) အမိကိုသတ်ခဲ့သူ
(၃) ရဟန္တာကိုသတ်ခဲ့သူ
(၄) ဘုရားကိုသွေးစိမ်းတည်အောင်လုပ်ခဲ့သူ
(၅) သံဃာကိုဂိုဏ်းခွဲခဲ့တဲ့သူ

အထက်ပါကံကြီးငါးပါးမှ တစ်ပါးပါးကို ကျူးလွန်သူ (ပဥ္စာနန္တရိယကံထိုက်သူ)သည် သေလွန်သော် ကေန်မုချ ငရဲသို့ တန်း၍ကျရောက်ပါသည်။ မည်သည့်ကောင်းမှုကိုလုပ်လုပ် ငရဲမကျအောင် ချေဖျက်၍မရနိုင်တော့ပါ ဆေးမမှီတော့ပါ။

## ◄◄ ဆေးကုရင် ရနိုင်သေးသူများ ►►

ဘယ်လောက်ပဲဆိုးခဲ့ပါစေ

အကုသိုလ်တွေဘယ်လောက်ပဲလုပ်ခဲ့ပါစေ

အထက်ပါကံကြီးငါးပါးမှ တစ်ပါးပါးကို မကျူးလွန်ခဲ့သူသည် အပါယ်ငရဲမကျရအောင် ဆေးကုရင်ရနိုင်ပါသေးသည်။

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့အတိုင်း သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ကျင့်ကြံအားထုတ်ရပါမယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကိုရတဲ့အထိ၊ အပါယ်တံခါး ပိတ်တဲ့အထိ ကြိုးစားအားထုတ်ရပါမယ်။

အဲဒါဆိုရင် ငရဲဘုံကို မရောက်နိုင်တော့ပါဘူး။

သင်ကြားပြသ လမ်းညွှန်ပေးမယ့် အနီးကပ်ဆရာ လိုအပ်သည်ကို သတိပြုစေလိုပါသည်။

## ◂◂ ငရဲ တကယ် ရှိရဲ့လား ▸▸

- ✦ အလွန်စိတ်ဝင်စားဖွယ်မေးခွန်းဖြစ်ပါသည်။ လူငယ်လူရွယ်များ မကြာခဏမေးတတ်သော မေးခွန်းဖြစ်ပါသည်။
- ✦ မြတ်စွာဘုရားရှင်တော်မြတ်က သတ္တဝါမှန်သ၍ နိဗ္ဗာန် မရောက်မီစပ်ကြား (၃၁)ဘုံတွင် တဝဲလည်လည် ကျင်လည်နေကြရကြောင်း၊ ထို(၃၁)ဘုံတွင် ငရဲဘုံသည် မကောင်းမှု အကုသိုလ်ဒုစရိုက်အမျိုးမျိုး ကျူးလွန်ခဲ့သူများ သေလွန်သော် ရောက်ရှိရာဘုံဖြစ်ကြောင်း အတိအလင်း ဟောကြားတော်မူခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များတွင် အမှားအယွင်းများ၊ မပြည့်စုံမှုများ၊ မမှန်ကန်မှုများပါရှိကြောင်း မည်သည့်ပညာရှင်ကမျှ ထောက်ပြနိုင်စွမ်းမရှိပါ။ ချို့ယွင်းချက် လုံးဝကင်းစင်သော တရားတော်များဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓ

ဘာသာဝင်တစ်ဦးအနေဖြင့် ငရဲဘုံ တကယ်ရှိရဲ့လားလို့ သံသယစိတ်မရှိအပ်ပေ။

- ငရဲဘုံအမှန်တကယ်ရှိကြောင်း သိလိုမြင်လိုသူအားလုံးကိုတော့ အမြင်အာရုံတွင်မြင်အောင်ပြနိုင်စွမ်းမရှိပါ။ သို့သော် အကုသိုလ်အလွန်များသူအချို့ကိုတော့ မြင်အောင် ပြနိုင်စွမ်း ရှိပါသည်။ ရှင်းပါမည်။
- အောက်တန်းကျသော ပညာရှင်များဖြစ်ကြသည့် စုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက် . . . . . များဖြင့် သူတစ်ပါး ပျက်စီးအောင် မကောင်းကြံစည်နိုင်သော အတတ်ပညာရှင်များ (အောက်လမ်းဆရာများ) အမှန်တကယ်ရှိကြောင်းကို လောကီအတတ်ပညာ ဂမ္ဘီရအတတ်ပညာများကို ထဲထဲဝင်ဝင် လေ့လာလိုက်စားသူများ သိရှိလက်ခံကြပါသည်။
- မကောင်းသောအတတ်ပညာများဖြင့် (အောက်လမ်းပညာဖြင့်) မကောင်းကြံစည်ခြင်းခံရသူများအနက် အချို့ ကံကောင်းသူများသည် အသက်ကယ်ပေးနိုင်သော အထက်ဂိုဏ်းဆရာများထံ ရောက်ရှိလာတတ်ကြ၏။ ထိုအခါ လူခန္ဓာကိုယ်တွင် ရောဂါထိုးထားသော အောက်လမ်းအတတ်ပညာရှင်များသည် လူနာ၏ ခန္ဓာကိုယ်တွင် လာရောက်ပူးကပ်ပြီး သက်ဆိုင်ရာရောဂါများကို ဖယ်ထုတ် ရှင်းလင်းပေးကြရပါသည်။ သို့သော် အချို့ အောက်လမ်း ပညာရှင်များသည် အကြောင်းကြောင်းကြောင့် ရောဂါဖယ်ထုတ်ပေးရန်ငြင်းဆန်တတ်ကြ၏။ ထိုအခါ ဆရာလုပ်သူသည် မတတ်သာသည့်အဆုံး သစ္စာဆို၊ တိုင်တည်၍

ခေါင်းမာနေသော ပြောရခက်နေသော မိစ္ဆာအား ထိုသူပြုလုပ်ခဲ့သော အကုသိုလ်အကျိုးဆက်များကြောင့် သေလွန်သော်လားရောက်ရမဲ့ ငရဲဘုံကို အာရုံတွင်မြင်စေပါသည်။ ထိုသို့တိုင်တည်လိုက်သည့်အတိုင်း မြင်လာသောအခါ ငယ်သံပါအောင် ကြောက်လန့်တကြား အော်လေတော့သည်။ အမှန်တကယ်ပင် ငရဲဘုံကိုမြင်နေရပေပြီ။

ထိုအချိန်တွင် လေ့လာမေးမြန်းပြောဆိုချက်များအရ ငရဲသားများ၏ဘေးတွင် ထောင်ထောင်မောင်းမောင်း အချွန်အတက်တွေနဲ့ မှိန်းလိုလို လုံ့လိုလို ကိုင်ဆောင်ထားတဲ့ နီကျင်ကျင်လူကြီးများ အမှန်တကယ်ရှိကြောင်းပြောပြကြပါသည်။ ငရဲ ထိန်းများကို ဆိုလိုပါသည်။ ငရဲသားများထဲတွင် အသားအရောင်အမျိုးမျိုးရှိကြသော လူအမျိုးမျိုးပါဝင်ကြပေသည်။ ငရဲသားများအားလုံးသည် မြင်ရသူ ကြောက်လန့်စေလောက်အောင် ဒုက္ခဆင်းရဲမျိုးစုံကို ခံနေကြရလေသည်။ဤကားငရဲဘုံ အမှန်တကယ်ရှိကြောင်းကို မယုံကြည်သူများအား ရှင်းပြခြင်းဖြစ်ပါသည်။

အကယ်၍ တစ်စုံတစ်ဦးသည် ငရဲဘုံတကယ်ရှိသည်ဟု မယုံကြည်၊ မလက်ခံ၊ ငါးပါးသီလကိုလည်း မစောင့်ထိန်း၊ မကောင်းမှုဒုစရိုက်တွေကိုလည်း မကြာခဏကျူးလွန်ဖောက်ဖျက်သည်ဆိုပါစို့။

သေချာပါသည်။ ထိုသူသေလွန်သော် ငရဲဘုံသို့ ကျိန်းသေရောက်ပါလိမ့်မည်။ နောင်တကြီးစွာရပါလိမ့်မည်။ သို့သော် အချိန်နှောင်းသွားပေပြီ။

မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။ မှားသောအယူဝါဒကိုယုံကြည်လက်ခံသူများသည် အပြစ်အကြီးဆုံးကို ဖြစ်စေသည်ဟု။

# လူ့ဘုံ

## ◂◂ လူတို့နေရာ ဤကမ္ဘာ ▸▸

ကမ္ဘာ၏ဝန်းကျင်တွင် နေ၊ လ၊ နက္ခတ်၊ တာရာတို့ရှိကြ၏။ ကမ္ဘာ၏အထက်၌ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ရှိကြ၏။ ထိုအားလုံးကို သိမ်းကျုံး၍ (စကြာဝဠာတစ်ခု)ဟု ကျမ်းစာများက သတ်မှတ်သည်။

ထိုကဲ့သို့သော စကြာဝဠာများ မရေမတွက်နိုင်အောင်ရှိကြပြီး၊ အခြားအခြား စကြာဝဠာများ၌ ကျွန်ုပ်တို့နေထိုင်ရာ စကြာဝဠာကဲ့သို့ပင် သတ္တဝါများ မရေမတွက်နိုင်အောင်ရှိကြပေသည်။ ထို့ကြောင့် စကြာဝဠာအနန္တ၊ သတ္တဝါအနန္တဟု ပြောဆိုသုံးနှုန်းခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့နေရာ ဤကမ္ဘာမြေသည် ကျမ်းဂန်များ၏အလိုအရ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိ၏။ ကမ္ဘာမြေကြီး၏အောက်တွင် ယူဇနာ လေးသိန်းရှစ်သောင်းရှိသော ရေထုကြီးရှိ၏။ ရေထုကြီး၏ အောက်တွင် ယူဇနာ ကိုးသိန်းခြောက်သောင်းရှိသော လေထုကြီးရှိ၏။ လေထုကြီး၏အောက်တွင် အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ကြီးခံနေပါသည်။

ဤကမ္ဘာမြေကြီး၏ အောက်ဆုံးအလွှာသည် ကျောက်အတိပြီးသော သီလာမြေဖြစ်ပြီး အပေါ်ယံအလွှာသည် မြေမှုန့်မျိုးဖြစ်သော ပံ့သုမြေဖြစ်ပါသည်။

## ◂◂ ကံချင်းမတူ၍ လူချင်းမတူကြပါ ▸▸

ဖြဟ္မာပြည်က လွှတ်ချလိုက်သောအပ်နှင့် လူ့ပြည်က အပ်သာ ထိချင်ထိမည်။ လူ့ဘဝရရန် ပို၍ခဲယဉ်း၏ဟုဆိုပါသည်။

ဤရခဲလှသော လူ့ဘုံသို့ ရောက်လာကြသူ လူသားအချင်းချင်း တို့ပင် ကြုံတွေ့နေရသည့် ကောင်းမှု ဆိုးမှုများသည် တစ်ဦးနှင့်တစ်ဦး မတူကြပေ။

အမိဝမ်းတွင်း ပဋိသန္ဓေနေရသည့်အချိန်မှစ၍ ကံကောင်းသော ကလေးနဲ့ ကံမကောင်းသောကလေးနှစ်ဦးကို လေ့လာကြည့်ပါစို့။

အချို့မိခင်လောင်းသည် ဝမ်းတွင်းရှိကလေးနဲ့ မတည့်သော တက်စာ၊ ချဉ်စာ၊ အပူ၊ အစပ်တို့ကို ရှောင်ကြဉ်ကြ၏။ အချို့သည် ဝမ်းတွင်းရှိကလေးကို အမှုမထား စားချင်တာအကုန်စား၍ သောက် ချင်ရာ အကုန်သောက်၏။

အချို့မိခင်လောင်းများသည် ဝမ်းတွင်းရှိ ကလေးအနေအထား ကို အနှောက်အယှက်ဖြစ်စေသော ရုတ်တရက်ထိုင်ခြင်း၊ ထခြင်း စောင်းအိပ်ခြင်းစသည့် အနေအထိုင် အပြုအမူများကို ဆင်ခြင်ကြ၏။ အချို့သည် ဝမ်းရေးအတွက် နေပူမိုးရွာမရှောင် ဈေးတောင်းကို ခေါင်းပေါ်ရွက်ပြီး ဈေးလည်ရောင်းရ၏။ ကလေး၊ ဝမ်းဗိုက်ထဲမှာ အနေချောင်ဖို့ထက် လူကြီးထမင်းစားရဖို့က ပို၍ အရေးကြီးကြ၏။

အချို့မိခင်လောင်းများသည် အထူးကုအိုဂျီတွေနဲ့ ကြိုအပ်ကြ ကြီးကျယ်ခမ်းနားပြည့်စုံလှတဲ့ ဆေးခန်းကြီးတွေမှာ မွေးကြနဲ့၊ အချို့

ကျတော့ အရပ်လက်သည်တောင် ကြိုကြိုတင်တင်မပြအားကြပေ။ မွေးခါနီး မချိမဆန့်ဗိုက်နာလာမှသာ ဆေးရုံသို့ အပြေးအလွှားသွား ကြရ၊ ဒါတောင် လမ်းစရိတ်ချေးငှားသွားကြရတာရှိတတ်သေးသည်။

ဤကား အမိဝမ်းတွင်းရှိ ကလေးနှစ်ဦး၏ ကံချင်းမတူညီမှု အချို့ဖြစ်ပေသည်။ မွေးပြီးနောက် ဆက်လက်လေ့လာကြပါစို့။

အချို့ကလေးငယ်များသည် တစ်ယောက်တည်း အေးအေး ဆေးဆေးနေရတယ်ကိုမရှိ၊ အမေကချီလိုက်၊ အဖေကချီလိုက်၊ အဖိုး အဖွားတွေက ဝိုင်းကျီစယ်လိုက်နဲ့ ဝိုင်းချစ်လိုက်ကြတာ ဘေးကမြင်တဲ့ လူတောင်ကလေးပြန်ဖြစ်ချင်တယ်။ တီဗီထဲမှာ ကလေးအားတိုးဆေး ကြော်ငြာမလာလိုက်နဲ့ ပြေးဝယ်ပြီးသား၊ အချို့ကလေးများကျတော့ မိခင်ကိုယ်၌က ဝဝလင်လင်မစားနိုင်တော့ ကလေးကို နို့တိုက်ချင်ပေမဲ့ နို့ကကောင်းကောင်းမထွက်၊ နို့မှုန့်ကဈေးကြီးလို့ မဝယ်နိုင်၊ ထမင်းရည် ကျဲကျဲပဲ သောက်ရရှာ၏။

ဤသို့လူ့ဘုံတွင် ရောက်နေကြတဲ့ လူချင်းတူကြသော်လည်း ကောင်းမှု ဆိုးမှု အကျိုးပေး ကွာခြားရခြင်းကို မြတ်စွာဘုရားက အောက်ပါအတိုင်း ရှင်းပြတော်မူခဲ့ပါသည်။

ဘုရားရှင်လက်ထက်က(သုဘ)လုလင်၏အမေးကို ဘုရားရှင် က ဖြေတော်မူပုံကို အကျဉ်းဖော်ပြအပ်ပါသည်။

### (၁) အသက်ရှည်ရခြင်းနှင့်တိုရခြင်း

အချို့လူများသည် သတ္တဝါများအပေါ် သနားကြင်နာကြ၏။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြ၏။ ထိုသူများ သေ

လျှင် အထက် နတ်ပြည်ရောက်ရတတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်သော် အသက်ရှည်စွာနေကြရ၏။

အချို့သည် သူတစ်ပါးအသက်ကို မညှာမတာ သတ်ကြ၏။ ထိုသူများသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမရောက်ဘဲ လူ့ဘုံမှာလူလာဖြစ်ရင်လည်း အသက်တိုကြ၏။

## (၂) အနာရောဂါကင်းခြင်းနှင့်များခြင်း

အချို့လူများသည် သတ္တဝါတို့အပေါ်တွင် ညှဉ်းပန်းနှိပ်စက်မှု မရှိကြပေ။ ထိုသူများသေရင် အထက်နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်သော် အနာရောဂါ ကင်းရှင်းလေသည်။

အချို့သည် သတ္တဝါတို့အပေါ် နည်းအမျိုးမျိုးဖြင့် ညှဉ်းဆဲနှိပ်စက်တတ်ကြ၏။ ထိုသူများသေရင် ငရဲသို့ကျရောက်တတ်၏။ ငရဲမရောက်ဘဲ လူလာဖြစ်ရင်လည်း အနာရောဂါများလေသည်။

## (၃) အဆင်းလှခြင်းနှင့်အရုပ်ဆိုးခြင်း

အချို့လူများသည် အမျက်ဒေါသမထွက် သူတစ်ပါးကို အပြစ်ပြောဆိုလေ့မရှိ သည်းခံတတ်၏။ ထိုသူများသေရင် နတ်ပြည်ရောက်တတ်၏။ နတ်ပြည်မရောက်ဘဲ လူလာဖြစ်ရင် အဆင်းလှကြ၏။

အချို့သည် အမျက်ဒေါသကြီး၏။ ကြမ်းတမ်းသောစကား ပုတ်ခတ်သောစကားတို့ကိုပြောဆို၏။ ထိုသူများသေရင် ငရဲကျရောက်တတ်၏။ ငရဲမရောက်ဘဲ လူလာဖြစ်ရင် မျက်နှာပုတ်သိုး အရုပ်ဆိုးကြ၏။

(၄) **အခြံအရံများခြင်းနှင့်နည်းခြင်း**

အချို့လူများသည် သူတစ်ပါးကြီးပွားချမ်းသာမှုကို မနာလို၊ ...န်တိုမှုမဖြစ်ကြပေ။ ထိုသူများသေရင် နတ်ပြည်သို့ရောက်တတ်၏။ ...တ်ပြည်မရောက်ဘဲ လူပြန်ဖြစ်ရင် အခြံအရံများ၍ တန်ခိုးအာဏာ ...ကြီး၏။

အချို့သည်သူတစ်ပါးကြီးပွားချမ်းသာခြင်းကို မနာလို၊ မရှုစိမ့် ...ဖြစ်ကြ၏။ ထိုသူများသေရင် ငရဲကျရောက်တတ်၏။ ငရဲမရောက်ဘဲ ...လူလာဖြစ်ရင် အခြံအရံတန်ခိုးအာဏာနည်းပါး၏။

(၅) **ချမ်းသာခြင်းနှင့်ဆင်းရဲခြင်း**

အချို့လူများသည် ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များကိုလှူဒါန်း၊ ...ပေးကမ်းကြ၏။ ထိုသူများသေရင် နတ်ပြည်သို့ ရောက်တတ်၏။ ...တ်ပြည်မရောက်ဘဲ လူလာဖြစ်ရင် စည်းစိမ်ဥစ္စာ ပြည့်ဝချမ်းသာ ...ကြ၏။

အချို့သည် နှမြောတွန့်တိုကြပြီး လှူဒါန်းမှုမရှိကြချေ။ ထိုသူများ ...သေရင် ငရဲကျရောက်တတ်၏။ ငရဲမကျဘဲ လူပြန်ဖြစ်လျှင် စည်းစိမ် ...ဥစ္စာမဲ့တော ဆင်းရဲကြ၏။

(၆) **အမျိုးမြတ်ခြင်းနှင့်အမျိုးယုတ်ခြင်း**

အချို့လူများသည် မာန်မာနမထောင်လွှားဘဲ ရိုသေလေးစား ...ထိုက်သူကို ရိုသေကြ၏။ ထိုသူများသေရင် နတ်ပြည်ရောက်တတ်၏။ ...တ်ပြည်မရောက်ဘဲ လူပြန်ဖြစ်ရင် မြင့်မြတ်သောအမျိုး၌ဖြစ်ရ၏။

အချို့သည် မာန်မာနကြီး၏။ သူတစ်ပါးကို အထင်အမြင်သေး၏။ ရှိသေထိုက်သူကို ရှိသေရမှန်းမသိကြပေ။ ထိုသူတို့ သေရင် ငရဲကျရောက်တတ်၏။ ငရဲမရောက်ဘဲ လူပြန်ဖြစ်ရင် ယုတ်မာသော အမျိုး၌ဖြစ်ရ၏။

## (၇) ဉာဏ်ပညာကြီးမားခြင်းနှင့်နည်းပါးခြင်း

အချို့လူတို့သည် ပညာရှိပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်၊ အကောင်းအဆိုး၊ အကြောင်းအကျိုး စသည်တို့ကို မေးမြန်းနာယူ မှတ်သားကြ၏။ ထိုသူတို့သေရင် နတ်ပြည် ရောက်တတ်၏။ နတ်ပြည်မရောက်ဘဲ လူပြန်ဖြစ်ရင် အသိဉာဏ်ပညာ ကြီးမားထက်မြက်၏။

အချို့သည် ပညာရှိပုဂ္ဂိုလ်တို့ထံချဉ်းကပ်၍ လုပ်သင့်သော အလုပ်၊ မလုပ်သင့်သော အလုပ်တို့ကို ဆွေးနွေးမေးမြန်းခြင်း မရှိ ထင်မိထင်ရာပြုခဲ့ကြသဖြင့် သေသော်ငရဲသို့ ကျရောက်တတ်၏။ ငရဲ မရောက်ဘဲ လူပြန်ဖြစ်ရင် အသိဉာဏ်ပညာ နည်းပါး၍ လူဖျင်း လူအ လူမိုက် ဖြစ်ရလေသည်။

## ◂◂ အပါယ်လေးဘုံသို့ ရောက်မည့်လူများ ▸▸

လူ့ဘုံမှ သေလွန်သော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်(၄)ဘုံသို့ ခရီးဆက်မည့်သူများသည် ငါးပါးသီလမှ တစ်ပါးပါးကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း ကျူးလွန်လေ့ရှိကြ၏။

ငါးပါးသီလဆိုသည်မှာ

သူတစ်ပါးအသက်ကိုသတ်ခြင်း (ပါဏာတိပါတာ)

သူတစ်ပါးပစ္စည်းကိုခိုးခြင်း (အဒိန္နာဒါနာ)

သူတစ်ပါးခင်ပွန်း၊ မယား၊ သားနှင့် သမီးတို့ကို ပြစ်မှား ကျူးလွန်ခြင်း (ကာမေသုမိစ္ဆာစာရာ)

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း (မုသာဝါဒါ)

မူးယစ်ဆေးဝါး၊ သေရည်သေရက် သောက်ခြင်း၊ ရှုခြင်း၊ အကြောထဲထိုးသွင်းခြင်း၊ (သုရာမေရာယ မဇ္ဇပ္ပမာဒဋ္ဌာနာ) တို့ ဖြစ်ပေသည်။

မကောင်းမှုအကုသိုလ် ဒုစရိုက်များကို

- ကိုယ်တိုင်လည်း မပြုလုပ်သင့်ပေ။
- သူတစ်ပါးကိုလည်း မခိုင်းစေသင့်ပေ။
- သူတစ်ပါးကိုပြုလုပ်စေရန် စည်းရုံးခြင်း၊ တိုက်တွန်းခြင်း လည်း မလုပ်သင့်ပေ။
- သူတစ်ပါးပြုလုပ်သည်ကိုလည်း ဝမ်းမြောက်သဘောကျ ခြင်းမရှိအပ်ပေ။

ထို့ပြင်အောက်ပါ မကောင်းမှုဒုစရိုက် (၁၀)ပါးမှ တစ်ပါးပါးကို ...သော်လည်းကောင်း၊ တစ်ပါးထက်ပို၍သော်လည်းကောင်း ကျူးလွန် ...တ်ကြလေသည်။

✦ ကာယကံမြောက်ကျူးလွန်သော ဒုစရိုက်(၃)မျိုး

(၁) သူ့အသက်သတ်ခြင်း

(၂) သူ့ဥစ္စာခိုးခြင်း

(၃) ကာမဂုဏ်၌မှားယွင်းစွာ ကျင့်သုံးခြင်း

✦ ဝစီကံမြောက် (နှုတ်ဖြင့်) ကျူးလွန်သော ဒုစရိုက် (၄)မျိုး

(၄) မဟုတ်မမှန်လိမ်ညာပြောဆိုခြင်း

(၅) ကုန်းတိုက်၊ ကုန်းချော၊ သွေးခွဲစကားပြောခြင်း

(၆) ကြမ်းတမ်းသောစကားပြောခြင်း

(၇) အကျိုးမရှိသောစကား (အတင်းအဖျင်း)ပြောခြင်း

✦ မနောကံ (စိတ်ဖြင့်) ကျူးလွန်သောဒုစရိုက်(၃)ပါး

(၈) သူတစ်ပါးဥစ္စာစည်းစိမ်ကို မတရားယူရန်ကြံစည်ခြင်း။

(၉) သူတစ်ပါးသေအောင်၊ ပျက်စီးအောင်ကြံစည်တောင့်[...] ခြင်း။

(၁၀) မှားသောအယူကိုယူခြင်း၊ (ကံကံ၏အကျိုး၊ ရှေ့ဘ[...] နောက်ဘဝ . . . . . . စသည်တို့ကိုမယုံခြင်း)

မှားသောအယူကိုယူခြင်းသည် အပြစ်အကြီးဆုံးကိုဖြစ်စေသ[...] ဟု မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။

ဤမကောင်းမှုများကို ကျူးလွန်မိသူများသည် မကောင်းမှု[...] အကြီးအသေးအလိုက် အပါယ်(၄)ဘုံသို့ ရောက်ပေလိမ့်မည်။

လူ့လောကတရားရုံးများမှာကဲ့သို့ သက်သေမရှိ၍ သံသယမှု
်လွတ်ပေးခြင်း၊ ရှေ့နေကောင်းသဖြင့် အမှုမှကွင်းလုံးလွတ်ခြင်းတို့
ပေ။ မိမိပြုခဲ့သောကံကံ၏အကျိုးအတိုင်းခံကြရပေမည်။

ကံကောင်းထောက်မ၍ လူပြန်ဖြစ်ရင်လည်း အစစအရာရာ
်းရဲမွဲတေပြီး အသက်တိုရလေသည်။

## ◂◂ ကျောက်တုံး ရေတွင် မြုပ်သကဲ့သို့ ▸▸

မကောင်းမှုပြုခဲ့သူ၏နောက်သို့ ဒုက္ခသည် အစဉ်အမြဲ လိုက်ပါ
ပေလိမ့်သည်။ လှည်းဝန်ကို ဆွဲသွားသော နွား၏ နောက်သို့
ည်းဘီးသည် အစဉ်လိုက်ပါနေသကဲ့သို့တည်း။

ကျောက်တုံးရေထဲပစ်ချသော် ကျောက်တုံးသဘာဝအရ ရေ
ာက်သို့တဖြည်းဖြည်းနစ်မြုပ်သွားသကဲ့သို့ မကောင်းမှုများပြုသူ
ည် အပါယ်(၄)ဘုံဟုခေါ်ဆိုသော သံသရာ၏ အဆင်းလမ်းသို့
က်လျှောက်မည့်သူများဖြစ်ပေသည်။

## ◂◂ မကောင်းမှုကို မထီမဲ့မြင် မပြုရာ ▸▸

အနည်းငယ်မျှသော မကောင်းမှုသည် ငါ့အား အကျိုးမပေး
တ္တဲ့ဟု မကောင်းမှုကို မထီလေးစားမပြုအပ်ပေ။ မိုးပေါက်ငယ်လေး
း ကျဖန်များသော် ရေအိုးကြီးပင်ပြည့်လေသကဲ့သို့ မကောင်းမှုကို

အနည်းငယ် အနည်းငယ် တပ်တလဲလဲ ပြုဖန်များသော် မကောင်းမှုနှ
ပြည့်လာတတ်လေသည်။

ကိုယ်ပြုသောကံ ကိုယ်ခံရမည်သာ။ မကောင်းမှုဟူသည် 
နိမ့်ပါးချိန်တွင် ချက်ချင်း အကျိုးပေးနိုင်ပါသည်။ ပစ္စုပ္ပန်နှင့် သံသရာ
ဟူ၍ အချိန်မဆိုင်းတတ်ပေ။

## ◂◂ သုဂတိဘုံများသို့ ခရီးဆက်မည့်သူများ ▸▸

သုဂတိဘုံများဆိုသည်မှာ ဗြဟ္မာဘုံ(၂၀)၊ နတ်ဘုံ (၆)ဘုံ လူ
(၁)ဘုံ စုစုပေါင်း (၂၇)ဘုံကို ဆိုလိုပါသည်။

ဤသုဂတိဘုံများသို့ ခရီးဆက်မည့်သူများသည် ဖော်ပြခဲ့သော
ဒုစရိုက် (၁၀)ပါးကို ရှောင်ကြဉ်ကြသလို၊ ငါးပါးသီလကိုလည်း ခါး၀
ပုဆိုးနှယ်စောင့်ထိန်းကြပေသည်။

ထို့ပြင် အောက်ပါ ကုသိုလ်ရကြောင်း အလုပ် (ပုညကြိယ
ဆယ်မျိုးကိုလည်း ပြုလုပ်လေ့ရှိကြပေသည်။

(၁) ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း (ဒါန)

(၂) မိမိပြုသော ကုသိုလ်ကို အမျှပေးဝေခြင်း (ပတ္တိဒါန)

(၃) သူတစ်ပါး အမျှပေးဝေသည်ကို ဝမ်းမြောက်ဝမ်းသ
သာဓုခေါ်ခြင်း (ပတ္တာနုမောဒန)

(၄) ကိုယ်နှင့်နှုတ်ကို မကောင်းတာ မလုပ်မိ၊ မပြောမိအော
စောင့်စည်းခြင်း (သီလ)

(၅) လူကြီးသူမတို့ကို ရိုသေလေးစားခြင်း (အပစာယန)

(၆) ရတနာသုံးပါး၊ မိဘဆရာတို့၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်ပေးခြင်း (ဝေယျာဝစ္စ)

(၇) သမထ၊ ဝိပဿနာ ပွားများအားထုတ်ခြင်း (ဘာဝနာ)

(၈) တရားနာယူခြင်း၊ တရားစာပေ ဖတ်ရှုလိုက်နာခြင်း (ဓမ္မဿဝန)

(၉) တရားဟောခြင်း၊ တရားစာပေပို့ချသင်ကြားခြင်း (ဓမ္မဒေသနာ)

(၁၀) အယူအမြင် ဖြောင့်မတ်မှန်ကန်ခြင်း (ဒိဋ္ဌုဇုကမ္မ)

အထက်ပါ ကုသိုလ် (၁၀)ပါးကို အနှစ်ချုပ်လိုက်သော် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် (၃)မျိုးသာဖြစ်ပေသည်။

ဤကုသိုလ်များကို နေ့စဉ် တတ်စွမ်းသရွေ့ ဆောင်ရွက်ကြသူများသည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာကို တက်လှမ်းနိုင်ပေမည်။

## ◂◂ သေပြီးနောက် လူပြန်ဖြစ်ရန် သေချာသူများ ▸▸

ကိုယ်နဲ့လုပ်နိုင်တဲ့ မကောင်းမှုတွေ၊ နှုတ်နှင့်မကောင်းမှုတွေကို နည်းနိုင်သမျှ နည်းအောင် စောင့်ထိန်းနိုင်တဲ့လူတွေ အလှူဒါနကို အသင့်တင့်လုပ်နိုင်တဲ့လူတွေသည် ကွယ်လွန်သော် လူ့ဘုံသို့ ပြန်ရောက်နိုင်ပေသည်။

အောက်ပါ လေးပါးသောအကျင့်တို့နှင့်ပြည့်စုံသူသည် သေပြီး နောက် လူ့ပြည်၌ လူပြန်ဖြစ်ရန် သေချာကြောင်း နတ်ပြည်သို့လည်း ရောက်နိုင်ကြောင်း (သုတ်တော်များတွင်) ပါရှိပေသည်။

(၁) မိမိကိုယ်တိုင် သူ့အသက်သတ်မှုမှ ရှောင်ကြဉ်၏။

(၂) သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ရန် သူတစ်ပါးကိုလည်း တိုက်တွန်း၏။

(၃) သူတစ်ပါးရှောင်ကြဉ်နေသည်ကိုလည်း ဝမ်းသာအားရ သဘောကျ၏။

(၄) သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ချင်လာအောင်လည်း ပြောဆိုစည်းရုံး၏။

## ◂◂ မိတ်ကောင်း ဆရာကောင်းလို့အပ် ▸▸

"ကုသိုလ်တရားများတိုးပွား၍ အကုသိုလ်တရားများ ဆုတ်ယုတ် သွားဖို့ မဖြစ်သေးသောကုသိုလ်များတိုးပွားလာအောင်၊ ဖြစ်ပြီးသော အကုသိုလ်များ နောင်ထပ်တိုးမလာအောင် မိတ်ကောင်း ဆွေကောင်း များနှင့် ပေါင်းဖော်ခြင်းမှလွဲ၍အခြားတရားကို ငါဘုရားမြင်တော်မမူ" ဟု ဘုရားရှင်ကိုယ်တော်မြတ်က လမ်းညွှန်တော်မူခဲ့ပါသည်။

ယခုဘဝ၊ သံသရာဘဝ အကျိုးအတွက် သူတော်ကောင်း မိတ်ကောင်းများနှင့် ပေါင်းဖေါ်နိုင်အောင် ကြိုးစားပါလေ။

## ◄◄ ထောပတ် ရေတွင် ပေါ်သကဲ့သို့ ◄◄

ထောပတ်အိုးကို ရေအောက်မှာ ရိုက်ခွဲပြီး ထောပတ်တွေကို ရေအောက်မှာ မြုပ်နေဖို့ ဘယ်သူမျှအမိန့်ပေးလို့ မရနိုင်ဘဲပေါ်တဲ့ သဘောရှိတဲ့ ထောပတ်တွေ ရေပေါ်တက်လာသကဲ့သို့။

ဒါန၊ သီလ၊ ဘာဝနာတရားကို အခြေခံသော ကုသိုလ် (၁၀)ပါးကို ဖြည့်စွမ်းထားတဲ့ပုဂ္ဂိုလ်သေရင်လဲ နတ်ပြည်၊ ဗြဟ္မာပြည်ကို ရောက်မှာမလွဲပေ။ အပါယ်လေးဘုံသို့ ရောက်အောင် ဘယ်သူကမျှ တွန်းချလို့မရနိုင်ပေ။

မိမိပြုခဲ့သော ကောင်းမှုကုသိုလ်၏ အတိုင်းအဆပေါ်တွင်မူ တည်၍ ကောင်းသော အကျိုးဆက်သည် အရိပ်သဖွယ် မိမိ၏နောက်သို့ အမြဲလိုက်ပါနေပေမည်။

အရိပ်၏အမဲ၊ အမှောင်၊ အတို၊ အရှည် ကွာခြားသကဲ့သို အကျိုးပေးမှု အနည်းအများသည် အခြေအနေနှင့် အချိန်အခါကို လိုက်၍ ကွားခြားမှုရှိပေမည်။

## ◄◄ အထုံပါရမီနှင့် လူ့ပြည် ရောက်လာသူများ ►►

အချို့သည် ယခင့် ယခင်ဘဝတွေက ကုသိုလ်ကောင်းမှုများကို တတ်အားသမျှ လုပ်ခဲ့ကြ၏။ မကောင်းတဲ့ အကုသိုလ်တွေကိုလဲ တတ်နိုင်သ၍ ရှောင်ခဲ့ကြ၏။ သေတော့ လူ့ဘုံရောက်လာကြသည်။

ထိုသူတို့သည် ကုသိုလ်အထုံပါရမီနှင့် ရောက်လာသောသူများဖြစ်ကြ ပါသည်။

ထိုသူတို့သည် ကုသိုလ်ရေးကိစ္စများတွင် သိပ်ပြီး တိုက်တွန်း ရတယ်မရှိလှပါ။ မိမိရဲ့ အသိတရားနဲ့ တက်တက်ကြွကြွ ထက်ထက် သန်သန်ကြိုးစားပြီး စိတ်ပါလက်ပါ ဆောင်ရွက်တတ်ကြပါသည်။ ကုသိုလ်အထုံပါရမီတွေကလည်း အားကောင်းသထက် အားကောင်း လာကြပါသည်။ သံသရာခရီးမှာ လူနည်းစု ဆက်လျှောက်နိုင်တဲ့ လူနတ်ဗြဟ္မာ နိဗ္ဗာန်တည်းဟူသော အတက်လမ်း သုဂတိဘုံများကို ဆက်သွားမည့် ပုဂ္ဂိုလ်များဖြစ်ကြပေသည်။

## ◂◂ ဖြတ်လမ်းက လူ့ပြည် ရောက်လာတဲ့သူများ ▸▸

တစ်ချို့ပုဂ္ဂိုလ်တွေဟာ အရင်ဘဝတုံးက အကုသိုလ်တွေ လုပ်ခဲ့ ကြသည်။ ကံကောင်းချင်တော့ သေကာနီးမှာ သူတော်ကောင်း မိတ်ကောင်းတွေနဲ့ ဆုံရသည်။ သေကာနီးမှာ ဒါနလုပ်ခွင့်ရအောင် သီလဆောက်တည်ခွင့်ရအောင် တရားနာကြားခွင့်ရအောင် မိတ်ဆွေ ကောင်းတွေက ကူညီပေးကြသည်။ သေကာနီးပြုလုပ်တဲ့ အနီးကပ် ကုသိုလ်ကံတွေကြောင့် ရခဲလှတဲ့ လူ့ဘဝကို ကံကောင်းစွာနဲ့ရောက်ရှိလာ ကြသည်။ ဖြတ်လမ်းက ရောက်လာတဲ့သဘောပါ။

ထိုသူတို့သည်အထုံပါရမီနည်းတတ်ပါသည်။ ကုသိုလ်ကောင်းမှု ပြုလုပ်ရန် တက်တက်ကြွကြွထက်ထက်သန်သန်မရှိလှပေ။ ယခုဘဝ

တွင် သေကာနီး မိတ်ကောင်းမရှိခဲ့ရင် အပါယ်လေးဘုံသို့ သက်ဆင်းပေလိမ့်မည် သံသရာခရီးအဆင်းလမ်းကို လျှောက်လှမ်းပေလိမ့်မည်။

## ◂◂ ဒါန သီလ ဘာဝနာ ▸▸

လူ၊ နတ်၊ ဗြဟ္မာ၊ နိဗ္ဗာန် ချမ်းသာကို မျှော်မှန်းသူတို့သည် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို မဖြစ်မနေ လုပ်ဆောင်ရပေမည်။

ဒါနနှင့် သီလတို့သည် မဂ်ဖိုလ်၊ နိဗ္ဗာန်အထိ အကျိုးမပေးနိုင်ပေ။ အလွန်ဆုံးနတ်ဘုံအထိသာ ရောက်နိုင်ပေမည်။

ဘာဝနာအလုပ်ကသာ မဂ်ဖိုလ်၊ နိဗ္ဗာန်ထိ အကျိုးကို ပေးနိုင်ပေမည်။

ဒါနထက် သီလကသာ၍ အကျိုးပေး၏။

သီလထက် ဘာဝနာက သာ၍အကျိုးပေးပါသည်။

ဒါနသည် မျိုးစေ့နှင့် တူပါသည်။

သီလသည် လယ်မြေနှင့် တူပါသည်။

ဘာဝနာသည် မိုးရေနှင့် တူပါသည်။

မျိုးစေ့၊ လယ်မြေ၊ မိုးရေ သုံးမျိုးစလုံးပြည့်စုံ ညီညွတ်မှသာ အလိုရှိအပ်သော အသီးအပွင့်များကို ရရှိနိုင်သည့်နည်းတူ၊ ဒါန၊ သီလ၊ ဘာဝနာသုံးပါးစလုံးညီညွတ်ခဲ့သော် နိဗ္ဗာန်မရောက်မီစပ်ကြားသံသရာခရီးလမ်းအတွက် အကောင်းဆုံးဖြစ်ပါမည်။

## ◂◂ ဒါနကုသိုလ်ကို အကျိုးများအောင် ဘယ်လိုလှူကြမလဲ ▸▸

မြတ်နိဗ္ဗာန်တံခါး၀အထိရောက်အောင် ပို့ဆောင်ပေးနိုင်သော အကျိုးကြီးမားသည့် အလှူဒါနတစ်ခုဖြစ်မြောက်အောင် ညောင်စေ့ လောက်လှူရုံမျှဖြင့် ညောင်ပင်ကြီးလောက် အကျိုးကြီးမားရအောင် အောက်ပါတို့နှင့် ပြည့်စုံရန်လိုအပ်ပါသည်။

(၁) အလှူပစ္စည်းသည် မိမိလုပ်အားဖြင့် ရိုးသားစွာ ရှာဖွေထား သည့် သန့်ရှင်းစင်ကြယ်သော အလှူပစ္စည်းဖြစ်ရပါမည်။ မသန့်ရှင်းသော သိန်းတစ်ထောင်ဖိုးရှိ ၀တ္ထုပစ္စည်းအလှူ၏ အကျိုးသည် သန့်ရှင်းသော တစ်ကျပ်တန်ပစ္စည်းအလှူအကျိုး ၏ (၂၅၆)ပုံ (၁)ပုံကိုမျှ မမှီနိုင်ပါ။

× × × × × ×

(၂) ပေးလှူသူ ဒကာဘက်မှ စေတနာသုံးတန် ထက်သန်စွာဖြင့် လှူဒါန်းရပါမည်။

✦ မလှူမီ ၀မ်းမြောက်၀မ်းသာ ဖြစ်နေမည့် စေတနာ
✦ ပေးလှူနေစဲအချိန်တွင် စိတ်ကြည်လင်ရွှင်လန်းနေသော စေတနာ
✦ ပေးလှူပြီးနောက် အထပ်ထပ်၀မ်းမြောက်နေသော စေတနာတို့ ဖြစ်ပါသည်။

× × × × × ×

(၃) အလှူခံပုဂ္ဂိုလ်သည် ရာဂ၊ ဒေါသ၊ မောဟကင်းပြီးသူ သို့မဟုတ် ကင်းအောင်ကြိုးစားကျင့်ကြံ အားထုတ်နေသူဖြစ်ရပါမည်။

(၄) ပေးလှူရာတွင် အင်္ဂါ ငါးပါးနှင့် ပြည်စုံနေခြင်း

- ✦ ကံ ကံ၏အကျိုးကို ယုံကြည်စွာ လှူခြင်း
- ✦ အလှူခံပုဂ္ဂိုလ်အား ရိုသေစွာ လှူခြင်း
- ✦ အချိန်အခါနှင့်လျော်ညီစွာ လှူခြင်း (အာရုံဆွမ်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း. . . )
- ✦ အလှူပစ္စည်းပေါ်တွင် သံယောဇဉ်မထားဘဲ လှူခြင်း
- ✦ အလှူအတွက် မည်သည့် လူ၊ တိရစ္ဆာန်ကိုမျှ မညှဉ်းဆဲ မသတ်ဖြတ်ဘဲ မိမိနှင့်သူတစ်ပါး နှစ်ဦးသားမထိပါးအောင် လှူခြင်းတို့ ဖြစ်ပါသည်။

မဟာသမုဒ္ဒါရာရေကို နှိုင်းဆ၍မရသလို ဤအလှူရဲ့ အကျိုးကျေးဇူးကိုလည်း ခန့်မှန်းရေတွက်လို့မရနိုင်ကြောင်း ဗုဒ္ဓဘုရားရှင်က ဟောထားပါသည်။

ချစ်သား၊ ချစ်သမီးတို့ (ဒါနရဲ့ အကျိုးတရားကို ငါဘုရား သိသလိုသာ သတ္တဝါတွေသိကြမယ်ဆိုရင် ကိုယ်စားမယ့် ထမင်း ဘယ်လောက်ပဲဆာဆာ၊ ကိုယ်မစားဘဲနဲ့ ပေးလှူကြမှာပါ) တဲ့။

အလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့်သိတော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ မိန့်ကြားချက်ဖြစ်ပါသည်။ (ထပ်ခါထပ်ခါ ဖတ်ရှု၍ သဘောပေါက်နိုင်ပါစေ။)

(အထူးသတိချပ်ရန်မှာ)

- ✦ ကုသိုလ်ပြုစဉ် လောဘစိတ်တွေ ခြံရံနေတဲ့အတွက် အကျိုးပေးတဲ့ ဘဝမှာ လောဘကြီးသူဖြစ်ရတတ်ပါတယ်။
- ✦ ကုသိုလ်ပြုစဉ် ဒေါသစိတ်တွေခြံရံနေတဲ့အတွက် အကျိုးပေးတဲ့ ဘဝမှာ ဒေါသကြီးသူဖြစ်ရတတ်ပါတယ်။
- ✦ ကုသိုလ်ပြုသူအလှူရှင်သည် အကျင့်သီလနဲ့ပြည့်စုံပါက အလှူဒါနရဲ့အကျိုးအစုစုကို သီလမရှိသူထက် ပိုမို၍ ရနိုင်ပါသည်။

## ◂◂ သူတော်ကောင်းတို့၏ ဒါနပြုရိုး (၈)မျိုး ▸▸

သူတော်ကောင်းများသည် စွန့်ကြဲပေးကမ်း၊ လှူဒါန်းသည့်အခါ

(၁) လှူဖွယ်ဝတ္ထုများကို သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ်ဖြစ်အောင်ပြုလုပ်၍လှူဒါန်း၏။

(၂) အနံ့အရသာ ကောင်းမွန်အောင်ပြုပြင်၍လည်းလှူဒါန်း၏။

(၃) အချိန်အခါနှင့် သင့်တော်အောင်လည်း လှူဒါန်း၏။

(၄) အလှူခံပုဂ္ဂိုလ်အတွက် အပြစ်မဖြစ်အောင် အပ်စပ်သော ဝတ္ထုကိုသာ လှူဒါန်း၏။

(၅) ပုဂ္ဂိုလ်ကောင်းကို ရွေးချယ်၍လည်း လှူဒါန်း၏။

(၆) မကြာမကြာလည်း လှူဒါန်း၏။
(၇) လှူနေစဉ် စိတ်ကို ကြည်လင်ရွှင်လန်းနေစေ၏။
(၈) လှူပြီးနောက် ဝမ်းမြောက်ဝမ်းသာရှိနေ၏။

ဤသည်တို့ကား သူတော်ကောင်းများ၏ ဒါနပြုရိုး ှစ်မျိုးတည်း။

## ◂◂ ဒါနသည် သံသရာ ရှည်စေသလော ▸▸

ဒါနကုသိုလ်နှင့်တကွ အခြားကောင်းမှု ကုသိုလ်တွေပြုပြီးတိုင်း လူချမ်းသာ၊ နတ်ချမ်းသာဖြစ်ဖို့ သုဂတိဘုံရောက်ဖို့ ကြီးပွားချမ်းသာဖို့ ံသရာဝဋ်အတွင်း၌ ခံစားဖို့သာ မျှော်လင့်သော ရည်ရွယ်မှု၊ တဏှာ ဇာက သံသရာရေလျဉ်ကြော၌ မျောစေပါသည်။ သံသရာရှည်စေ ါသည်။ ဒါနပြုသူ၏စိတ်၊ မစင်ကြယ်မှုကြောင့် ဖြစ်ရခြင်းပေ။ ပြုလုပ်သော ဒါနကြောင့် မဟုတ်ပါ။

ထို့ကြောင့် ကောင်းမှုကုသိုလ်ပြုပြီးတိုင်း မဂ်ဖိုလ်နိဗ္ဗာန်သို့ အချိန်တိုတိုနဲ့အမြန်ဆုံးရောက်နိုင်ရေးအတွက် အထောက်အပံ့ ဖြစ် ါစေသတည်းဟု အာရုံပြုသင့်ပါသည်။ ဆုတောင်းသင့်ပါသည်။ ည်ရွယ်သင့်ပါသည်။

သို့မှသာ မိမိအတွက် အကောင်းဆုံး၊ အကျိုးအရှိဆုံးဖြစ်နိုင် ါမည်။

## ◂◂ သီလကုသိုလ် ▸▸

မကောင်းမှုတို့မှ ရှောင်ကြဉ်သော ကြည်လင်အေးမြသည့် စိတ်စေတနာကို (သီလ)ဟု ခေါ်ပါသည်။

လူတို့အတွက် ငါးပါးသီလသည် မစောင့်ထိန်းလျှင်အပြစ်ရှိ၍ စောင့်ထိန်းနိုင်လျှင် အကျိုးရှိသောကြောင့် အမြဲစောင့်ထိန်းရသော သီလဖြစ်ပေသည်။

ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကား မစောင့်ထိန်းနိုင်သော် ကြီးကျယ်သောအပြစ်မရှိပေ။ စောင့်ထိန်းနိုင်သော် အကျိုးရှိပေသည်။

သီလစောင့်ထိန်းခြင်းသည် မိမိ၏ကိုယ်နှင့်နှုတ်ကို အကုသိုလ်မဖြစ်ရအောင် စောင့်စည်းခြင်းဖြစ်၏။

တစ်နည်းအားဖြင့် မိမိကိုယ်တိုင် သူတစ်ပါးအသက် မသတ်မိအောင်၊ သူတစ်ပါးပစ္စည်းမခိုးမိအောင် သူတစ်ပါသားသမီး မစော်ကားမိအောင်၊ လိမ်ညာမပြောမိအောင်၊ သေရည်သေရက် မသောက်မိအောင် ထိန်းချုပ်ခြင်းကို သီလစောင့်ထိန်းခြင်းဟုခေါ်၏။ ဤသီလများကို ကျူးလွန်သော် အပြစ်ကိုရစေ၏။ ဤသီလများကို စောင့်ထိန်းသော် ကုသိုလ်ရစေ၏။

လူတစ်ဦးသည် ဒါနကုသိုလ်များပြုလုပ်ထားသဖြင့် ဖြစ်လေရာဘဝတွင် စားဝတ်နေရေးပြေလည်သော်လည်း၊ ကျန်းမာရေးမကောင်းလျှင်၊ ခြေလက်အင်္ဂါမပြည့်စုံလျှင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေလျှင် ရရှိထားသည့် စည်းစိမ်ဥစ္စာသည် မိမိအတွက် သုခအစစ်မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ဒါနကုသိုလ်အပြင်သီလကုသိုလ်ပါဆက်လက်၍ ဆောင်ရွက်သင့်ပေသည်။

အပါယ် (၄) ဘုံတွင် ဆင်းရဲဒုက္ခခံနေကြရသူတို့သည် ဒါနမရှိ သူများမဟုတ်ကြပေ။ ဒါနရှိခဲ့ကြပါလျက် သီလမစောင့်နိုင်ကြ၍ ငါးပါးသီလမှ အနည်းဆုံး တစ်ပါးပါးကို ကျူးလွန်ခဲ့ကြ၍ အပါယ် လေးဘုံသို့ ရောက်နေကြရခြင်း ဖြစ်ပေသည်။ ထိုသူတို့ပြုခဲ့သော ဒါန ဆိုလ်၏ အကျိုးဆက်သည် အပါယ်(၄)ဘုံ၌ အကျိုးပေးခွင့် မရ ပေ။

သိကြားမင်းက မြို့တွင်း (၅)ဌာနတွင် နေ့စဉ် အလှူကြီးများ လုပ်နေသော နေမိမင်းအား ဤသို့ မိန့်ကြားခဲ့ဖူး၏။

"အသင်မင်းကြီး ဒါနထက် သီလသည် အဆ အရာ၊ အထောင်၊ သိန်း တိုင်အောင် အကျိုးပေးသာလွန်ပေသည်။ ဒါနနှင့် သီလနှစ်မျိုး လုံးသည် သူတော်ကောင်းတို့ လုပ်ဆောင်အပ်ပေသည်။ အလှူလည်း းလှူပါ။ သီလလည်း ဆောက်တည်ပါ" ဟု။

သီလသည် ဘဝကောင်းရဖို့ရှေ့သွားဖြစ်ပေသည်။ သီလကြောင့် ဝကောင်းရပါမှ ဒါနကြောင့် စားဝတ်နေရေးပြေလည်ပေမည်။

ထို့ကြောင့် ငါးပါးသီလထဲမှာ အနည်းဆုံး သီလတစ်ပါးပါး လာက်ကို လေးလေးနက်နက် သစ္စာဆို၍ စောင့်ထိန်းနိုင်အောင် ကြိုးစားကြည့်ပါ။ သီလတစ်ပါးစိတ်ချရသော် သီလနှစ်ပါး စောင့်ထိန်း င်အောင် ထပ်၍ ကြိုးစားပါ။ ဤနည်းဖြင့် သီလငါးပါးစလုံး လုံခြုံ ာပါလိမ့်မည်။

လူမှုအခက်အခဲအမျိုးမျိုး ကြုံတွေ့လာသော် မိမိစောင့်ထိန်း ားသော သီလကို သစ္စာဆိုတိုင်တည်၍ ကြိုးစားလျှင် ကိုယ်ကျင့်

သီလ၏ သစ္စာစွမ်းအား ထက်မြက်ပုံကို ကိုယ်တွေ့ သိလာကြ
လိမ့်မည်။

သူဌေးကြီးတွေ ပိုင်ဆိုင်ကြတဲ့ ဥစ္စာဓနတွေ ရုပ်ဝတ္ထုပစ္စည်းတို့
တွေကို သာသနာ့မာတ်ခွဲခန်းထဲထည့်ကြည့်ပြီး အဖြေထုတ်ကြည့်ရင်မှာ
ဖြင့် (ဒုက္ခသစ္စာ) လို့ပဲ အဖြေထွက်လာမှာပါ။ တရားမရှိကြရင်၊ သီလ
မရှိကြရင်ဖြင့် စစ်မှန်တဲ့ ချမ်းသာမှုကို မရနိုင်ကြပါဘူး။ တကယ့် လူ
ချမ်းသာတွေရဲ့ အနှစ်ချုပ်သည် စိတ်သန့်ရှင်းစင်ကြယ်မှုကို ဖြစ်စေ
သော သီလစောင့်ထိန်းမှုသာ အဓိကဖြစ်ပေသည်။

## ◂◂ ဘာဝနာ ကုသိုလ် ▸▸

ဘာဝနာဆိုသည်မှာ တိုးပွားစေခြင်းကို ခေါ်ပါသည်။

သီလဖြင့် ဆေးကြောထားသော စင်ကြယ်နေသည့်စိတ်ကို ပို၍
ပို၍ဖြူစင်လာအောင်၊ သန့်ရှင်းလာအောင် ကြိုးစားအားထုတ်မှုကို
ဘာဝနာဟု ခေါ်ပါသည်။

လူတို့၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော
တံခါးခြောက်ပေါက်မှ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ ထိခြင်း၊
သိခြင်း ဟူသော အာရုံအမျိုးမျိုးတို့သည် အချိန်တိုင်းတွင် ဝင်ရောက်
နေကြပေသည်။

လူတို့၏စိတ်သည် ကိလေသာ ကာမဂုဏ် အာရုံအမျိုးမျိုးနှင့် ပျော်ပါးနေလိုတတ်ကြ၏။ မှုန်၍ မြူမှုန်တင်လျှင် မှန်မကြည်လင်သကဲ့သို့၊ ရေ၌ မြူမှုန်များနေလျှင် ရေမကြည်လင်သကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာ အညစ်အကြေးများနှင့် မကြည်မလင်ဖြစ်နေသော လူတို့၏စိတ်ကို ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ်များဖြင့် ဆေးကြောသန့်စင်ရပေမည်။

လောဘစိတ် အညစ်အကြေးကို ဒါနရေစင်ဖြင့် ဆေးကြောရပါမည်။

ဒေါသစိတ် အညစ်အကြေးကို သီလရေစင်ဖြင့် ဆေးကြောရပါမည်။

မောဟစိတ် အညစ်အကြေးကို ဘာဝနာရေစင်ဖြင့် ဆေးကြောရပါမည်။

ပင်ကိုယ်အားဖြင့် အသေးစား အညံ့စားဖြစ်နေသော မကောင်းမှု၌ ပျော်မွေ့နေလိုသောစိတ်ကို ဖြူစင်မြင့်မြတ်လာအောင် သမထဘာဝနာနှင့် ဝိပဿနာ ဘာဝနာတို့ဖြင့် ကြိုးစားကြရပါမည်။

သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ နှစ်မျိုးစလုံးသည် စိတ်အလုပ်၏ တည်ရာဌာနဖြစ်ကြသောကြောင့် (ကမ္မဋ္ဌာန်း)ဟုလည်း ခေါ်ပါသည်။

## ◂◂ သမထ ဘာဝနာ ▸▸

ထိုထို၍၍ ကြံစည်တတ်သော စိတ်ကို အပြစ်ကင်းအောင်၊ တည်ငြိမ်အောင်၊ အေးချမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို (သမထ)ဟုခေါ်ပြီး ထိုစိတ်များ တိုးပွားအောင် ပွားများအောင် အားထုတ်ခြင်းကို (ဘာဝနာ)ဟု ခေါ်ပေသည်။

သမထ ဘာဝနာကို သမထကမ္မဋ္ဌာန်းဟုလည်း ခေါ်ပါသည်။

သမထဘာဝနာအလုပ်၌ ပွားများအားထုတ်ရန် ကမ္မဋ္ဌာန်း စုစုပေါင်း (၄၀)ရှိပေသည်။

ဒါနနှင့်သီလတို့သည် သေလွန်သော် လူ့ပြည်၊ နတ်ပြည်တို့၌သာ ဖြစ်စေနိုင်၏။

သမထ ဘာဝနာ (ကမဋ္ဌာန်း)ကား ဒါန၊ သီလတို့ထက် လူ၏ စိတ်ကို သာ၍မြင့်မြတ်စေသောကြောင့် ဈာန်အမျိုးမျိုးကို ရနိုင်ပြီး သေလွန်သော် ဗြဟ္မာဘုံအမျိုးမျိုး၌ ဖြစ်နိုင်ပါသည်။

ဈာန်ဆိုသည်မှာ မှတ်သားပွားများအားထုတ်နေသော သမထ ကမ္မဋ္ဌာန်းတစ်ခုတည်းမှာသာ စိတ်သည်စွဲမြဲ စူးစိုက်တည်တံ့ငြိမ်ဝပ် နေခြင်းကို ခေါ်ခြင်းဖြစ်ပါသည်။

× × × × × ×

ကမ္မဋ္ဌာန်း (၄၀)မှ အချို့ကို ဖော်ပြရသော်

ဘုရားဂုဏ်တော်များကို စိတ်ထဲမှာပေါ်လာအောင် အာရုံပြု နေခြင်းကို (ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း) ဟုခေါ်၏။

ဝင်လေ၊ ထွက်လေကို သတိနှင့်ကပ်၍ ရှုမှတ်နေခြင်းကို (အာန ပါနသတိကမ္မဋ္ဌာန်း)ဟု ခေါ်၏။

သတ္တဝါတို့ ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သ နေခြင်းကို (မေတ္တာကမ္မဋ္ဌာန်း)ဟု ခေါ်၏။

ဖူးရောင်၊ ပုပ်ရိနေသော လူသေကောင်ကို ရှုမှတ်နေခြင်းကို (အသုဘကမ္မဋ္ဌာန်း) ဟု ခေါ်၏။

× × × × × ×

ကမ္မဋ္ဌာန်းအားထုတ်နေသူ၏ စိတ်အစဉ်သည် တည်ငြိမ် သန့်ရှင်းအေးချမ်းနေပေသည်။

## ◀◀ ဝိပဿနာ ဘာဝနာ ▶▶

သွားနေ၊ ရပ်နေ၊ ထိုင်နေ၊ လျောင်းနေစဉ်
(ဣရိယာပုတ် လေးပါးစလုံး၌)

- ပြုသမျှအပြုအမူကိုပြုနေတဲ့အတိုင်းသိနေတာမှတ်နေတာ။
- ခံစားရသမျှဝေဒနာကိုခံစားနေတဲ့အတိုင်း သိနေတာ မှတ်နေတာ။
- ဖြစ်သမျှစိတ်အခြေအနေကို ဖြစ်နေတဲ့အတိုင်း သိနေတာ မှတ်နေတာ။
- ကြံ့သမျှအာရုံတွေကို ကြံ့နေတဲ့အတိုင်း သိနေတာ မှတ် နေတာ။
- ကြံစည်သမျှ စိတ်ကူးတွေကို ကြံနေတဲ့အတိုင်း သိနေတာ မှတ် နေတာ။

များသည် ဝိပဿနာဖြစ်ပါသည်။

ထိုသိနေတာတွေကို ရှုမှတ်ပွားများနေခြင်းသည် ဝိပဿနာ ဘာဝနာ မည်ပါသည်။

သမထ ဘာဝနာအလုပ်တွင် ပွားများစရာ ကမ္မဋ္ဌာန်း (၄၀) ရှိသော်လည်း ဝိပဿနာဘာဝနာလုပ်ငန်းတွင် ရှုမှတ်စရာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ (၃)ပါးသာ ရှိပါသည်။

မိမိရဲ့ ကိုယ်နဲ့စိတ် (ရုပ်နဲ့နာမ်)တို့ရဲ့

မမြဲတဲ့ (အနိစ္စ)သဘော

ဆင်းရဲတဲ့ (ဒုက္ခ) သဘော

အစိုးမရတဲ့ မိမိအလိုကို မလိုက်တဲ့ (အနတ္တ) သဘောတို့ကို ဉာဏ်နှင့်မြင်အောင် ရှုမှတ်ခြင်းသည် ဝိပဿနာဖြစ်ပါသည်။

ဝိပဿနာသဘောအရ အမှန်ကို သိမြင်သည့်တိုင်အောင် ပွားများနိုင်သော် ဝိပဿနာတရား အောင်မြင်ပေါက်ရောက်သွားသော် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ရရှိနိုင်ကြပြီး အပါယ်လေးဘုံမှ အပြီးတိုင် လွတ်မြောက်သွားကြပေသည်။ အများဆုံး (၇)ဘဝဖြင့် နိဗ္ဗာန်သို့ ဝင်စံနိုင်ကြလေသည်။

ခန္ဓာကိုယ်ရှိ ရောဂါပိုးတွေကို သာမန်မျက်စိနဲ့ကြည့်ရင် မမြင်ရဘဲ အားကောင်းသော မှန်ဘီလူးနဲ့ ကြည့်လိုက်ရင် မြင်နိုင်သလို တရားအားထုတ်လို့ သမာဓိရလာသောသူသည် သမာဓိ မှန်ဘီလူးနဲ့ မိမိရဲ့ခန္ဓာကိုယ်ကို ရှုလိုက်ရင် ရုပ်တွေ နာမ်တွေသည် (ကိုယ်နှင့် စိတ်သည်) မရပ်မနားဘဲ အချိန်တိုင်း၊ အချိန်တိုင်း ပျက်နေသော (ဒုက္ခ) သဘောကို ထင်ထင်ရှားရှား တွေ့လာရပေမည်။

ဤသို့ မမြဲဘဲပျက်စီးနေသော (အနိစ္စ) သဘောသည် ချမ်းသာမှု မဟုတ်ဘဲ ဆင်းရဲမှုဆိုသော (ဒုက္ခ) ဖြစ်ပေသည်။

မမြဲတာကို မြဲအောင်၊ အိုသွားသော ရုပ်ကို မအိုအောင် ယ်လို့မှ လုပ်၍မရတဲ့အတွက် ရုပ်နဲ့နာမ်ကို မည်သူမှ အစိုးမရဘူး တဲ့ (အနတ္တ)သဘောတွေလည်း သိလာရပေမည်။

ဤတရားသုံးပါးကို သိလာအောင်၊ မြင်လာအောင် အားထုတ် မှုတ်ခြင်းသည် ဝိပဿနာဘာဝနာဖြစ်ပါသည်။

ဤဝိပဿနာတရားသည် နေရာတိုင်း၊ အချိန်တိုင်း၊ လူတိုင်း၊ တ္တဝါတိုင်းအတွက် မှန်ကန်ပေသည်။

ဤဝိပဿနာဘာဝနာ ဖြစ်မြောက်အောင် ဦးစွာ သမထ ာဝနာကို အားထုတ်ရလေသည်။

ဝိပဿနာဘာဝနာသည် အဝိဇ္ဇာနှင့် တဏှာကို ပယ်ရာဝယ် အထိရောက်ဆုံးဖြစ်သဖြင့် တစ်ဆင့်တက်လျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ကက်လှမ်းနိုင်ကြခြင်းဖြစ်ပါသည်။

***ဤဘာဝနာတရားများကို အားထုတ်နိုင်ရန်အတွက် (သီလ)ကို အခြေခံရပါမည်။***

× × × × × ×

ပုထုဇဉ်လူသားတစ်ဦးသည် သောတာပန်အရိယာဖြစ်ဖို့ရန် ဝိပဿနာအလုပ်ကို အားထုတ်ရပါသည်။

သောတာပန်သည် သကဒါဂါမ် အရိယာဖြစ်ရန် ဝိပဿနာ အလုပ်ကိုပင် ဆက်လက်အားထုတ်ရပါသည်။

သကဒါဂါမ်သည် အနာဂါမ်ဖြစ်ရန် ဝိပဿနာအလုပ်ကိုပင် ဆက်လက်အားထုတ်ရပါသည်။

အနာဂါမ်သည် ရဟန္တာဖြစ်ရန် ဝိပဿနာ အလုပ်ကိုပင် ဆက်လက်အားထုတ်ရပါသည်။

ရဟန္တာဖြစ်၍ စုတေလျှင် ရုပ်နာမ်ခန္ဓာ၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကိုရပေမည်။

ဤတရားတော်များသည် ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်တုန်းတွင်သာ နာကြားခွင့် သိခွင့်ရသော တရားတော်များဖြစ်ပါသည်။

## ◂◂ ဆားတစ်ဆုပ်ကို ရေအိုးထဲ ထည့်လိုက်သလို မဖြစ်စေနဲ့ ▸▸

- ပုထုဇဉ် လူသားမှန်သရွေ့သည် မကောင်းမှုအကုသိုလ်ကို အနည်းနှင့်အများ ကြံစည်၊ ပြောဆို၊ ပြုမူမိခြင်းမျိုးရှိကြမည်သာတည်း။ ထို့တူ ကောင်းမှု ကုသိုလ်ကို တတ်အားသ၍ ဆောင်ရွက်ခြင်းများလည်း ရှိမည်သာတည်း။
- သင်သည် ဆားတစ်ဆုပ်ကို သောက်ရေအိုးထဲ ပစ်ထည့်ကြည့်ပါ။ သောက်ရေအရသာ ပျက်သွားပေမည်။
ထို့အတူ အနည်းငယ်သော ကောင်းမှုကုသိုလ် ပြုထားသူကို အနည်းငယ်မျှသော မကောင်းမှုအကု သိုလ်က အချိန်မရွေး နှောက်ယှက်ဖျက်ဆီးနိုင်သည်ကို သတိပြုပါလေ။
- သင်သည် ထိုဆားတစ်ဆုပ်ကို အင်းလျားကန်ထဲ ပစ်ထည့်ကြည့်ပါ။ ရေအရသာ ပျက်မသွားပေ။
ထို့အတူ များစွာသော ကောင်းမှုကုသိုလ်ပြုထားသူကို အနည်းငယ်မျှသော မကောင်းမှု အကုသိုလ်က ထိထိရောက်ရောက် မနှောက်ယှက်နိုင်၊ မလွှမ်းမိုးနိုင်ပါ။

- ✦ ထို့ကြောင့် ယခုဘဝတွင် အကုသိုလ်နည်းပါးနိုင်သမျှ နည်းအောင် နေထိုင်ပြောဆိုပြုမူကြ၍ ကုသိုလ်ကောင်းမှုများ များနိုင်သမျှ များအောင် ကြိုးစား လုပ်ဆောင်သင့်လှပါသည်။
- ✦ ထို့မှသာ သင်ဆက်မည့် ခရီးလမ်းကြောင်းသည် သုခဘုံများသို့ရောက်ရှိပေမည်။
- ✦ " လူတစ်သိန်းသေလို့ လူ့ပြည်ကိုတစ်ယောက်ပြန်မရောက်ဘူး။ အပါယ်လေးဘုံကို သွားကြတာများတယ်" ဟု မြတ်စွာဘုရားက ဟောကြားသတိပေးခဲ့သည်ကို အစဉ်သတိရစေလိုပါသည်။

## ◂◂ သောတာပန် ဆိုတာဘာလဲ ကြိုးစားရင် ဖြစ်နိုင်မလား ▸▸

သောတာပန်ပုဂ္ဂိုလ်ဟူသည်

(၁) အပါယ်လေးဘုံသို့ ကျရောက်ခြင်း မရှိ။

(၂) မြဲသော လားရာဂတိ ရှိ၏။

(၃) အထက်မဂ် သုံးပါးသာလျှင် လည်းလျောင်းရာရှိ၏။

(၄) လူ့ဘုံ၊ နတ်ဘုံတို့၌ (၇)ဘဝသာ အများဆုံး ကျင်လည်ရတော့၏။

ခုနစ်ကြိမ်မြောက်ဘဝ၌ ဝိပဿနာတရား ပွားများအားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်၏။

သောတာပန်ဆိုသည်မှာ

- အပါယ်သို့လားစေတတ်သော ကိလေသာတရားများ ကုန်ခမ်းသွားသူ။
- အပါယ်လေးဘုံဘေးမှ လွတ်မြောက်သွားသူ။
- နိဗ္ဗာန်သို့သွားရန် လမ်းမကြီးကို တွေ့ရှိသွားသူ။
- တစ်နေ့တစ်ချိန်မှာ နိဗ္ဗာန်ကိုရောက်ဖို့ စိတ်ချရသူဖြစ်ပါသည်။

သောတာပန်ဟူသည် (၁၅၀၀) ကိလေသာအားလုံးကို အဆုံးတိုင် မပယ်နိုင်သေးပေ။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်မျိုးသာ ပယ်နိုင်သေး၏။ ကိလေသာ (၁၂၀၀)ကို ပယ်ရန် ကျန်ပေသေး၏။ သို့သော် အပါယ်သို့လားစေနိုင်သော ဒုစရိုက်မှုမျိုးကို ပါဏုပေတံ အသက်ထက်ဆုံး ရှောင်ကြဉ်နိုင်ကြပေသည်။

ကိလေသာအားလုံးကို ပယ်နိုင်လျှင်မူ ရဟန္တာအဆင့်သို့ ရောက်ပေမည်။

သောတာပန်ဖြစ်ဖို့ရန် စာတတ်မှု၊ စာမတတ်မှုတို့နှင့် မဆိုင်၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့်လည်းမဆိုင်ပေ။ တရားသဘောကို ထိထိရောက်ရောက် အသိပေါက်မှုနှင့်သာ ဆိုင်ပေသည်။

အောက်ပါ ဂုဏ်အင်္ဂါ (၄)ပါးနှင့် ပြည့်စုံသူသည် မိမိကိုယ်ကို သောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်နိုင်ပါသည်။ (မဟာဝဂ္ဂ သံယုတ်ပါဠိတော်)

(၁) ဘုရားဂုဏ်တော် (၉)ပါး

(၂) တရားဂုဏ်တော် (၆)ပါး

(၃) သံဃာဂုဏ်တော် (၉)ပါး
တို့ကို ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း။
(၄) ငါးပါးသီလနှင့် ပြည့်စုံခြင်း
ထို့ကြောင့် ယခုလို သာသနာတွင်း၌ ကြိုးစားလျှင် သောတာပန် ဖြစ်နိုင်သည်ဟု မှတ်ယူသင့်ပါသည်။

## ◂◂ သောတာပန်နဲ့ တူသူ ▸▸

ဗုဒ္ဓရှင်တော်မြတ်ဟောကြားခဲ့သော အကောင်းခုနစ်ပါး တရားတော်တွင်

(၁) ရတနာသုံးပါး
(၂) ငါးပါးသီလ
(၃) ဝတ်ထားလှူသော ဆွမ်း (ပက္ခိက ဆွမ်း)
(လပြည့် လကွယ်နေ့များတွင် လှူသော ဆွမ်း)
(၄) စာရေးတံ အလှူ
(၅) ဝါဆိုသင်္ကန်းအလှူ
(၆) ကျောင်းအလှူ
(၇) ရေအလှူ ဟူသော အလှူခုနစ်ပါးကိုဖြစ်စေ၊ တစ်မျိုး နှစ်မျိုး သုံးလေးမျိုးကိုဖြစ်စေ လှူဒါန်းသောပုဂ္ဂိုလ်သည် လူဂတိ၊ နတ်ဂတိမြဲကြောင်း သောတာပန်နှင့်တူကြောင်းပါရှိပေသည်။

## ◂◂ ဒါနနဲ့ သီလမပါရင် သေခါမှ သိမယ် ▸▸

- ✦ လူတိုင်း မကြာခဏ ကြားဖူးနေသည့်စကား ဖြစ်သော်လည်း အလေးအနက်ထားပုံမရပါ။
- ✦ သေလွန်ပြီးမှ နောင်တကြီးစွာနှင့် ဝမ်းနည်းစကား ပြောလာ သူများ မကြာခဏတွေ့ဖူးပါသည်။ ရှင်းပြပါမည်။

သေလွန်ပြီးနောက် မကျွတ်မလွတ်သော ပြိတ္တာ၊ တစ္ဆေ၊ သရဲ ဘဝရောက်နေသူများ၏ ဝင်ရောက်ပူးကပ်ပြောဆို အကူအညီ တောင်းခံမှုများစွာကို စာရေးသူသည် လေ့လာ သုတေသန ပြုခဲ့ပါသည်။

ထိုသူတို့၏ ပူးကပ်ပြောဆိုမှုများတွင် အဓိကအားဖြင့် ဒုက္ခမျိုးစုံ ရောက်နေသည့်အတွက် သူတို့အတွက် ရည်စူး၍ လှူဒါန်းပေး ပါရန်နှင့် မသေခင်က ဒါနတွေ သီလတွေကို အလေးမထားခဲ့ မိ၍ ပြောကြားသော နောင်တစကားများဖြစ်ပါသည်။

- ✦ စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ဖူးသော အဖြစ်အပျက်များစွာ ထဲမှ မှတ်မှတ်ရရ တစ်ခုကို အကျဉ်းချုံး၍ တင်ပြခွင့်ပြုပါ။

ပုဂ္ဂိုလ်တစ်ဦးသည် လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က အရွယ် ကောင်းတုန်း၊ တိုင်းပြည်တာဝန်ထမ်းဆောင်၍ကောင်းတုန်း အမှတ် မထင် ကွယ်လွန်သွားခဲ့၏။ ထိုသူ၏ သားထံ ဝင်ရောက်ပူးကပ် အကူ အညီတောင်း ၏။ ပူးကပ်သော မိစ္ဆာကို အမျိုးမျိုး စစ်ဆေးမေးမြန်း ကြည့်သောအခါ အမှန်တကယ်ပင် တစ်ချိန်က ကွယ်လွန်ခဲ့သော ၎င်းတို့၏ဖခင်ဖြစ်နေ၏။ ထို့ကြောင့် သူ၏ဆန္ဒအတိုင်း အလှူပွဲလေ

တစ်ခုကို သံဃာတော်များအား ပင့်ဖိတ်ပြီး စာရေးသူတို့က ကူညီ
ဦးဆောင်၍ ပြုလုပ်ပေးကြ၏။ ကွယ်လွန်သူ၏ဆန္ဒအရ ကျန်ရစ်သူ
သားကြီး၏ ခန္ဓာကိုယ်တွင် ဝင်ရောက်ပူးကပ်စေပြီး လှူဖွယ်ဝတ္ထု
များကို တစ်ခုချင်း ကိုယ်တိုင်ကိုယ်ကျ ကပ်လှူစေပါသည်။ ထို့နောက်
စာရေးသူက ကွယ်လွန်သူအား ကျန်ရစ်သူမိသားစုများအတွက် စိတ်
မပူရန် ရှင်းလင်းပြောကြားပြီး သာဓုခေါ်စေရန် အမျှပေးဝေပါသည်။
ကွယ်လွန်သူကလည်း လိုလိုလားလား သာဓုခေါ်ပါသည်။

ကွယ်လွန်သူအတွက် စားစရာများ ဝတ်စရာများ နေစရာများ
ချက်ချင်း ထူးထူးခြားခြား ပြည့်စုံသွားကြောင်းကို ဝင်ရောက်ပူးကပ်သူ
ကိုယ်တိုင်ပြောကြားချက်အရ ကျန်ရစ်သူ သားသမီးများက ကျေနပ်
ဝမ်းမြောက်ကြရပါသည်။

သားသမီးတွေက ဝင်ရောက်ပူးကပ်နေသော ဖခင်အား လူ့ပြည်
ကို ပြန်လာပါလား၊ နတ်ပြည်ကိုတက်သွားပါလား ဘေးမှ ဝိုင်း၍
ပြောဆိုနေကြပေပြီ။ ဖခင်ဖြစ်သူက ဝမ်းနည်းစွာပြန်ပြောရှာပေသည်။

(မင်းတို့က လူ့ပြည်ပြန်လာဖို့ နတ်ပြည်သွားဖို့ပြောတိုင်း သေ
သွားသောသူတွေက လိုက်လုပ်လို့မရကြောင်း ဖြစ်နိုင်ရင် ကိုယ့်
သားသမီးတွေထံပြန်လာချင်တာပေါ့။ ငါမသေခင်က မိသားစု စားဝတ်
နေရေးအတွက်နဲ့သာ အချိန်ကုန်ခဲ့ရကြောင်း၊ ကောင်းမှုကုသိုလ်တွေ
ငယ်မယ်ရရ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ခဲ့မိကြောင်း၊ သီလ
စောင့်ထိန်းတာတွေ၊ ဥပုသ်ဆောက်တည်တာတွေ၊ ဒါနတွေ သီလတွေ
ကို ဦးစားပေးမလုပ်ခဲ့ကြောင်း လူ့ပြည်၊ နတ်ပြည်တွေကို မင်းတို့က

သွားစေချင်တိုင်း ငါတို့က သွားလို့မရကြောင်း၊ မင်းတို့ ငါ့လို မဖြစ်ကြစေနဲ့၊ ခုကတည်းက ကောင်းမှုကုသိုလ်တွေလုပ်ထားကြ) ဟူ၍ ဝမ်းနည်းစွာ ပြန်ပြောရှာပေသည်။

အလှူဒါန ပြုလုပ်ပေးလိုက်လို့ သရဲ၊ တစ္ဆေ (ပြိတ္တာ) ဘဝမှာ စားဝတ်နေရေးပြည့်စုံသွားသော်လည်း ကောင်းရာမွန်ရာကိုကူးပြောင်း၍ မရနိုင်သေးကြောင်း သားသမီးတွေကတော့ သိပ်ပြီး သဘော မပေါက်ရှာကြပေ။

ကျန်ရစ်သူတွေက တာဝန်ကျေစွာ အလှူဒါနပြုလုပ်ပေးကြလို့ မကျွတ်မလွတ်သော တစ္ဆေ၊ သရဲဘဝတွင် စားဝတ်နေရေး အဆင်ပြေသွားကြသော်လည်း သံသရာခရီးကို ဆက်ရန်အတွက်မှာ အသက်ရှင်စဉ်က မိမိတို့ကိုယ်တိုင် ပြုလုပ်ခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်တို့ အပေါ်မှာသာ အဓိကမူတည်နေပေသည်။

❑❑❑❑❑

ကွယ်လွန်သွားသည့် ခုနှစ်ရက်သားသမီးများကို မြင့်မြတ်သော ဘုံဘဝများသို့ ကူးပြောင်းနိုင်ရန်အတွက် ကူညီကယ်တင်ပေးသော သာသနာပြု လုပ်ငန်းကို ဆောင်ရွက်နေသည့် (ဆရာဦးဒါန) သည် ကျွန်ုပ်၏ ကျေးဇူးရှင် သက်ရှိ သင်ဆရာတစ်ဦးဖြစ်ပါသည်။

ဆရာသည် နေ့စဉ် ဦးရေကန့်သတ်၍ သေဆုံးသွားကြကုန်သော ခုနှစ်ရက်သားသမီးများကို လူမျိုးဘာသာမရွေး ကူညီကယ်တင်ပေးလျက်ရှိပေသည်။ (ကြိုတင်၍ စာရင်းပေးထားရတတ်ပါသည်။)

သေဆုံးသွားသူတစ်ဦး၏ သင်္ဂြိုဟ်မြှုပ်နှံသော သုဿာန်နှင့် နေ့ရက်ကိုသိရှိပါက သေဆုံးသွားသူနှင့် ကျန်ရစ်သူသားချင်းတို့ကို ဆက်သွယ်ပေးပါသည်။

သေဆုံးသွားသူ၏ ရုပ်နှင့် ပြောဆိုသော အသံကို ဆရာသည် မြင်နိုင် ကြားနိုင်စွမ်းရှိပါသည်။ မြင်သမျှ ကြားသမျှကို လာရောက် မေးမြန်းသူတို့အား ပြန်ပြောပြပါသည်။

ပထမဦးစွာ ဆရာ ဆင့်ခေါ်လိုက်၍ လာရောက်နေသူသည် တွေ့လိုသော ကွယ်လွန်သွားသည့် ပုဂ္ဂိုလ် ဟုတ်၊ မဟုတ်ကို ဆရာနှင့် လာရောက်မေးမြန်းကြသော ဆွေမျိုးတို့က စိတ်ကြိုက် စစ်ဆေး မေးမြန်းကြရပါသည်။ နာမည်တူများ အလွန် လာတတ်ကြသော ကြောင့် ဖြစ်ပေသည်။ သေချာပြီဆိုမှသာ ဆရာက ကွယ်လွန်သွားသူ တွေ့ကြုံနေရသော ဒုက္ခအခက်အခဲတို့ကို မေးမြန်းကာ ကျန်ရစ်သူတို့ကို ပြောပြပါသည်။

ကွယ်လွန်သွားသူ အများစုသည် နေရန်၊ ဝတ်ရန်၊ စားရန် ဒုက္ခ မျိုးစုံ ရောက်နေတတ်ကြသောကြောင့် လာရောက်မေးမြန်းသည့် ဆွေမျိုးသားချင်းတို့အား ဘယ်နေ့ ဘယ်ရက် ဘယ်နှစ်လပြည့်ရင် ဆွမ်းကပ်ပေးပါ။ သင်္ကန်းလှူပေးပါ၊ ရဟန်းခံပေးပါ . . စသည်ဖြင့် သနားစဖွယ် အကူအညီတောင်းခံတတ်ကြပါသည်။

တခါတရံ လူမျိုးခြားများလည်း လာရောက် လေ့လာ မေးမြန်း နေသည်ကို တွေ့ရတတ်ပါသည်။ အံ့သြခြင်းများစွာဖြင့် လူတွေသေရင်

နောက်ဘဝတကယ်ရှိပါလားဆိုတာကို လက်ခံယုံကြည်သွားတတ်ကြပါသည်။

စာရေးသူ အဓိက ပြောပြလိုသည်မှာ ကွယ်လွန်သွားကြသူအများစုသည် မကွယ်လွန်ခင် ဒါနနှင့် သီလချို့တဲ့မှုကြောင့် ကွယ်လွန်သွားပြီးချိန်တွင် ဒုက္ခမျိုးစုံတွေ့ကြုံရပြီး နောင်တကြီးစွာရတတ်ကြခြင်းဖြစ်ပါသည်။

ဒါနစိတ်၊ သီလစိတ်တို့ဖြင့် သေသွားကြသူအချို့သာ (ငါတို့ကောင်းရာမွန်ရာ အထက်ဘုံကို ရောက်နေတယ်။ ငါတို့အတွက် ဘာမျှလှူပေးရန် မလိုတော့ဘူး) ဟု ပြောဆိုကြပြီး ရောက်နေသော ဘုံဌာနများကို အားရဝမ်းသာပြောပြကြပါသည်။

ဤသည်တို့ကား ကျွန်ုပ်၏ဆရာထံ နေ့စဉ်လာရောက် မေးမြန်းကြသူများစွာတို့မှ အတွေ့အကြုံများကို အကျဉ်းမျှ ဖော်ပြခြင်းသာဖြစ်ပါသည်။

❑ ❑ ❑ ❑ ❑

အသိပညာအားနည်းသူတို့သည် ကိုယ်တွေ့ဒုက္ခ ကြုံလာရမှ၊ သေလွန်ပြီးမှ ငါမှားခဲ့လေပြီဟု နောင်တတရား ရတတ်ကြပြီး ပညာသတိရှိ သူတို့ကား ကြိုတင်၍ အသိတရားဖြင့် ဆင်ခြင်ကာ ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ကြိုကြိုတင်တင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့ကို ပြင်ဆင် စုဆောင်းထားတတ်ကြပါကြောင်း သတိမူနိုင်ကြပါစေ။

# ဘုံပြောင်း၊ ဘုံခွာ

## (၃၁)ဘုံသားများ သေဆုံးသော် ရောက်နိုင်သောဘုံများ

| သေဆုံးသော် | ရောက်မည့်ဘုံများ |
|---|---|
| (၁) လူ့ဘုံ ❶ ဘုံမှ လူများ | ဗြဟ္မာဘုံ(၂၀)၊ နတ်ဘုံ (၆)ဘုံ လူ့ဘုံ (၁)ဘုံ နှင့် အပါယ် (၄)ဘုံ။ စုစုပေါင်း (၃၁)ဘုံ မှ တစ်ဘုံ ဘုံသို့ ရောက်ပါမည်။ သို့သော် အပါယ်(၄)ဘုံသို့သာ ရောက်တာ အလွန်များပါသည်။ |
| (၂) နတ်ဘုံ ❻ ဘုံမှ နတ်များ | (၃၁)ဘုံ မှ တစ်ဘုံဘုံသို့ ရောက်ပါသည်။ |
| (၃) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ အပါယ် ❹ ဘုံမှ အပါယ်ဘုံသားများ။ | အပါယ်(၄)ဘုံ၊ လူ့ဘုံ (၁)ဘုံ နတ်ဘုံ(၆)ဘုံ။ စုစုပေါင်း (၁၁)ဘုံမှ တစ်ဘုံ ဘုံသို့ရောက်ပါသည်။သို့သော် အပါယ် (၄)ဘုံထဲတွင်သာ တစ်မျိုးပြီးတစ်မျိုး ကျင်လည် နေရတာများပါသည်။ |

| သေဆုံးသော် | ရောက်မည့်ဘုံများ |
|---|---|
| (၄) သုဒ္ဓါဝါသ ❺ ဘုံမှ ဖြဟ္မာကြီးများ။ | အထက်သုဒ္ဓါဝါသ ဗြဟ္မာဘုံ များသို့သာရောက်ပါသည်။ |
| (၅) အသညသတ် ❶ ဘုံမှ ဗြဟ္မာကြီးများ | လူ့ဘုံ (၁)ဘုံ၊ နတ်ဘုံ (၆)ဘုံ စုစုပေါင်း (၇)ဘုံမှ တစ်ဘုံ ဘုံသို့ ရောက်ပါသည်။ |
| (၆) သုဒ္ဓါဝါသ (၅)ဘုံ၊ အသညသတ် (၁)ဘုံ တို့မှအပ ကျန်ဗြဟ္မာ ❶❹ ဘုံမှဗြဟ္မာကြီးများ | ဗြဟ္မာဘုံ(၂၀)၊ နတ်ဘုံ(၆)ဘုံ လူ့ဘုံ (၁)ဘုံ။ စုစုပေါင်း (၂၇)ဘုံမှ တစ်ဘုံဘုံသို့ရောက်ပါသည်။ |

## အဘယ်သွားချင်လဲ

■ အိုအသင်လူသား၊ သင်ခရီးသွားဖူးပါစ။
လက်မှတ်မဲ့နဲ့လား၊ ရိုးရိုးတန်းကလား
အထက်တန်းကလား။
ထိုင်ခုံ မရလို့
တလမ်းလုံးမတ်တပ်ရပ်လိုက်ရတဲ့ဒုက္ခ.
ကွယ်စီးရတဲ့ဒုက္ခ၊ အလယ်ခုံမှာ ကပ်သီးကပ်သတ်
ထိုင်လိုက်ရတဲ့ ဒုက္ခအထွေထွေကို
သင်မကြုံဖူးသော်မှ တွေ့ဖူးမှာပါ။
■ သုံးဖို့၊ စွဲဖို့၊ စားဖို့၊ သောက်ဖို့
ရိက္ခာ အလုံအလောက်နဲ့ ခရီးထွက်ဖူးကြရင်ဖြင့်
ပျော်ရွှင်ကြည်နူးရတဲ့ ခံစားမှုရသကိုလည်း သင်သိမှာပါ။
လူတွေဟာ ခရီးတိုကလေးများ၊
သွားကြရင်တောင် နေရာကောင်းရဖို့
နေရာလုကြတယ်။
လမ်းမှာစားဖို့ သောက်ဖို့ ငွေကုန်ခံပြီး စီမံတတ်ကြတယ်။
■ ရှည်လျားလှတဲ့ ကြည့်၍ မဆုံးနိုင်တဲ့
သံသရာခရီးရှည်ကြီးကို ဆက်ဖို့ကြတော့
မေ့ထားချင်ကြတယ်။

- ဂင်္ဂါမြစ်ကြီးထဲမှာ ရှိတဲ့ သဲမှုန်အရေအတွက်ထက်
  များလှစွာသော ဘဝပေါင်း အသင်္ချေကိုလည်း
  ကုန်လွန် ခဲ့ကြရပြီးပြီ။
  ရှေ့ဆက်ပြီးလည်း ဘဝ ဘဝပေါင်းများစွာကို
  ကျင်လည်ကြရအုံးမယ်။
- လူ့ပြည်လာတုန်းက
  တစ်ဦးတည်းလာခဲ့ကြသလို ခရီးဆက်တော့လည်း
  တစ်ယောက်တည်းပဲနော်။
  သင်သည် သင့်ရဲ့အဖော်မွန်သာ
  သင်သည် သင့်ရဲ့အားကိုးရာသာ
  သင်သည် သင့်ရဲ့မိတ်ကောင်းသာ
  သင့်ထက်ဘယ်သူမှ သင့်ကို မကယ်နိုင်
  သင် လုပ်ခဲ့သမျှသော ကုသိုလ် အကုသိုလ်များကသာ
  သင့်နောက် တောက်လျှောက် လိုက်ပါကြလိမ့်မယ်။
- ဘာလက်မှတ်နဲ့ သံသရာခရီးရှည်ကြီးကို
  ကျွန်ုပ်တို့ ဆက်သွားကြမှာလဲ။
  အထက်တန်း (ရှယ်) လက်မှတ်နဲ့
  ပြဟ္မာဘုံကို တက်ကြမှာလား။
  အထက်တန်းလက်မှတ်နဲ့ဘဲ နတ်ဘုံကို ဆက်ကြမှာလား။
  ရိုးရိုးတန်းလက်မှတ်နဲ့ဘဲ လူ့ဘုံမှာ လူပြန်ဖြစ်ကြမှာလား။

လက်မှတ်မဲ့ဘဝနဲ့ အောက်ကျနောက်ကျ
မျက်နှာပန်းမလှဘဲ
အပါယ်လေးဘုံကို သက်ဆင်းကြမှာလား။
ကြိုကြိုတင်တင် စဉ်းစားထားကြဖို့ အချိန်တန်ပေပြီ။

■ ဘယ်သက်ရှယ်မှာ ဘယ်ရောဂါနဲ့ ဘယ်ခါကာလ
ဘယ်ဒေသမှာ သေရမည့်တာကို အများသူငါ
မသိကြရိုး အမှန်ပါ။

■ ဇနီး မယား သမီး သားနဲ့
လင်သားအိမ်ရာ အပြာပြာကို
ငဲ့ကွက်ပြီး အချိန်တွေဖြုန်းနေရင်ဖြင့်
သေမင်းက လက်ဦးသွားတတ်တယ်နော်။

■ မမြင်ရတဲ့ သေခြင်းတရားဟာ
အဝေးကြီးမှာ ရှိနေတယ်လို့ ထင်နေရင်
သင် မှားမှာပေါ့။
သေခြင်းတရားဟာ အချိန်မရွေး နေရာမရွေး
ရောက်လာနိုင်တယ်ဆိုတာ နားလည်ကြရင်ဖြင့်
အကာအလုပ်တွေ စွန့်ပြီး
အနှစ်အလုပ်တွေချည်း လုပ်ကြမှာပါ။

■ သံသရာခရီးကို ပျော်ပျော်ပါးပါး ချီတက်နိုင်ဖို့
မရဏာမင်းက သေမိန့်ချတဲ့နေ့မှာ

ပြုံးပြုံးလေး သေရဲအောင်လို့
အားကိုးတစ်ခုလောက်တော့ ရှိဖို့လိုတယ်။

- သံသရာခရီးရှည်ကြီးမှာ ထုတ်ယူသုံးစွဲဖို့
ဒါနရိက္ခာ၊ သီလရိက္ခာ ဘာဝနာရိက္ခာတွေကို
ယနေ့မှစ၍ စုဆောင်းထားကြပါစို့လား။

- အို၊ နာ၊ သေ ဘေး မရောက်သေးခင်
လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ရှုးဝင်နေတဲ့
ဆူးကြီး (၃)ချောင်းကို
ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ လက်နက်ကောင်းတွေနဲ့
ဆွဲနုတ်ပစ်ကြပါစို့လား။

- ခဏတာလေး နေရတဲ့ လူ့ဘဝမှာ
ကောင်းကောင်းနေ ကောင်းကောင်းစား ကောင်းကောင်းဝတ်
ရဖို့ ငွေနောက် တကောက်ကောက် လိုက်နေကြတဲ့
မတော်လောဘတွေကို လျှော့ကြပါစို့လား။
အပြစ်ကင်းအောင် အကုသိုလ်မဖြစ်အောင်
နေကြပါစို့လား။

- ဝါသနာမပါလို့ မလုပ်ဖြစ်သေးတာပဲရှိမယ်
ဒါန သီလ ဘာဝနာ ကုသိုလ်တွေကို
စိတ်တိုင်းကျ လုပ်လို့ရတာ
ဤလူ့ဘုံတည်းဟူသော

ပဒေသာပင်ကြီး သုဂတိကူးတို့ဆိပ်ကြီး
မှတပါး အခြားမရှိပြီ။
လူ့ဘဝ ရောက်တုန်း ရောက်ခိုက်
သာသနာနဲ့ ကြုံတုန်း ကြုံခိုက်တွင်မှ
မစုဆောင်းသွားကြရင်ဖြင့်
နောင်တ ဆိုတာ နောင်မှ ရတတ်ကြပေတယ်။

■ သေရင်သင့်နောက် မပါသော ဥစ္စာဓနတို့မှ
ဒါနကောင်းမှုကို ထုတ်ယူနိုင်ကြပါစေ။
မမြဲသော အသက်နဲ့ခန္ဓာကိုယ်မှ
သီလကောင်းမှုကို ထုတ်ယူနိုင်ကြပါစေ။
မအိုချင်ဘဲ အိုကြရ မနာချင်ဘဲ နာကြရ
မသေချင်ဘဲ သေကြရသော သဘာဝတရားတို့မှ
ဘာဝနာ ကောင်းမှုကို ထုတ်ယူနိုင်ကြပါစေ။

■ အသင် ဆက်ရမည့်ခရီးကို
မည်သည့် တန်ခိုးရှင်ကမှ သတ်မှတ်ပေး၍ မရနိုင်ပါ။
သင့်ဘာသာ ရွေးချယ်ရပေမည်။
အသင်ဘယ်သွားချင်လဲ
အသင် လမ်းမှန်ကို ရွေးနိုင်ပါစေ
အသင် ကံကောင်းပါစေ။

## မှီငြမ်းပြု စာအုပ်များ

အောက်ပါ စာအုပ်ကျမ်းဂန်များကို ရှိသေလေးစားစွာ မှီးငြမ်းပြုပါသည်။

| | | |
|---|---|---|
| ၁။ ဂေါမ်သ မေတ္တာစာ | လယ်တီဆရာတော်ဘုရား | |
| ၂။ ချမ်းမြေ့စွာ ဘဝနေနည်း | (တောင်တန်းသာသနာပြုဆရာတော်ကြီး) | (၁၉၉၅) |
| ၃။ ထွက်မြောက်ခြင်းဟူသည် | (တည်တော ဆရာတော်) | (၂၀၀၀) |
| ၄။ ဒါနဟူသည်၊ သီလဟူသည် | (တည်တော ဆရာတော်) | (၂၀၀၀) |
| ၅။ ဘဝချမ်းသာဟူသည် | (တည်တော ဆရာတော်) | (၂၀၀၀) |
| ၆။ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ အမှတ်စဉ် (၁) မှ (၆) | (တည်တော ဆရာတော်) | - |
| ၇။ သရဏဂုံတည်ခြင်းအကျိုး | (တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်) | |
| ၈။ ဘာသာရေး ပြဿနာများ | (အရှင်ဇနကာ ဘိဝံသ) | (၁၉၉၅) |
| ၉။ ဗုဒ္ဓဘာသာ လက်စွဲ၊ (ပထမတွဲ မှ စတုတ္ထတွဲအထိ) | (အရှင်ဇနကာ ဘိဝံသ) | (၁၉၉၇) |
| ၁၀။ ကိုယ်ကျင့် အဘိဓမ္မာ | (အရှင်ဇနကာ ဘိဝံသ) | (၁၉၉၉) |
| ၁၁။ လူချမ်းသာ | (အရှင်ဇနကာ ဘိဝံသ) | (၂၀၀၀) |
| ၁၂။ ဒါနလှေကား နတ်ပြည်သွား | (အရှင် ဇဝန၊ ပဲခူး) | (၁၉၉၈) |
| ၁၃။ ဝိပဿနာ အမေးအဖြေများ(၁+၂) | (ဓမ္မဒူတအရှင် ဆေကိန္ဒ) | (၁၉၉၉) |
| ၁၄။ ဝိပဿနာအလုပ် အနှစ်ချုပ် | (ဓမ္မဒူတ အရှင်ဆေကိန္ဒ) | (၂၀၀၀) |
| ၁၅။ အဆင်းအတက်လမ်းနှစ်ဖက် | (ယောဆရာတော်) | (၁၉၉၉) |
| ၁၆။ ဘုရားရှင်တို့၏ စကားတော်သုံးခွန်း | (လေးအိမ်စု အရှင်ဝိစိတ္တသာရ) | (၁၉၉၉) |
| ၁၇။ ဘက်စုံကုသိုလ်ပြုကြစို့ | (လေးအိမ်စု အရှင်ဝိစိတ္တသာရ) | (၂၀၀၀) |
| ၁၈။ အပါယ်တံခါး ပိတ်ထားကြစို့ | (ဓမ္မဒူတ အရှင်ပညိဿရ) | (၂၀၀၀) |
| ၁၉။ နတ်ပြည်လောက | (ဆရာကြီး ဦးစိုးဝင်း) | (၁၉၈၂) |
| ၂၀။ ငရဲဆို ချိုနဲ့လားဗျို့ | (သခင်နု) | (၁၉၈၃) |
| ၂၁။ ဗုဒ္ဓဘာသာဝင်များနှင့် နတ်ကိုးကွယ်မှုပြဿနာ | (ဦးလှသိန်းထွဋ်) | (၁၉၉၃) |
| ၂၂။ ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ | (ဒေါက်တာမင်းတင်မွန်) | (၁၉၉၅) |
| ၂၃။ ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ | (ဒဂုန် ဦးစန်းငွေ) | (၁၉၉၈) |

| | | | |
|---|---|---|---|
| ၂၄။ | မြတ်ဗုဒ္ဓ၊ မြတ်နိဗ္ဗာန် | (ဦးကံညွန့်) | (၁၉၉၉) |
| ၂၅။ | ကုသိုလ်အကျိုးပြတရားတော်များ(ပ၊ဒု) | (ပါဠိပါရဂူ ဦးအောင်မိုး) | (၁၉၉၉) |
| ၂၆။ | ဘဝကူး လမ်းညွှန် | (တင်အောင်ထွန်း၊ သုတေသန) | (၁၉၉၉) |
| ၂၇။ | မိရိုးဖလာလွန် ဗုဒ္ဓဘာသာ | (ဆရာ ဦးသောင်းလွင်) | (၂၀၀၀) |
| ၂၈။ | သံသရာခရီး ဘယ်လိုသွားမလဲ | (မြိုင်နန်းဆွေ) | (၂၀၀၁) |
| ၂၉။ | တစ္ဆေဟူသည် | (မောင်မြင့်ကြည်၊ စာပေဗိမာန်) | (၂၀၀၁) |
| ၃၀။ | ဗုဒ္ဓဘာသာကောင်း တစ်ယောက် | (သာသနာရေး ဌာန) | (၂၀၀၁) |
| ၃၁။ | ဗုဒ္ဓကျမ်းလာ နတ်ဒေဝါများ | (ဓမ္မစရိယ ဦးအေးနိုင်) | (၂၀၀၁) |
| ၃၂။ | ပြိတ္တာလောက ဖြစ်ရပ်ဆန်းများ | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၇) |
| ၃၃။ | ရကြပါစေ အမျှဝေ၏ | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၇) |
| ၃၄။ | ရဟန္တာ ဟူသည် | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၇) |
| ၃၅။ | ငရဲ ဟူသည် | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၈) |
| ၃၆။ | နတ်ပြည်ရောက် လူသားတို့၏ ဘဝ အတွေ့အကြုံများ | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၈) |
| ၃၇။ | လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ပါစေ | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၈) |
| ၃၈။ | သေရွာပြန်တို့၏ ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများ | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၉) |
| ၃၉။ | လူနတ်ဗြဟ္မာဟူသည် | (တက္ကသိုလ် သျှင်သီရိ) | (၁၉၉၈) |
| ၄၀။ | ရွှေပါရမီ စာစဉ် (၁) မှ (၁၅) အထိ | (အရှင်ဆန္ဒာဓိက) (ရွှေပါရမီ တောရ) | |
| ၄၁။ | ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော အကြောင်းနှင့် အကျိုးဆက်များ | (ပြည်ကျော်လွင် ပညာရေး) | (၂၀၀၁) |
| ၄၂။ | ကွယ်လွန်သူအတွက် ရည်စူး၍ အလှူဒါနပြုလုပ်နည်း၊ | (ပြည်ကျော်လွင်၊ ပညာရေး) | (၂၀၀၁) |
| ၄၃။ | မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ သတင်းစာဆောင်းပါးများ | | |

## သာခုခေါ်ပါသည်

သင်သည် ဤစာအုပ်ကိုဖတ်ရှု၍ သင်ဆက်ရမည့် သံသရာခရီး အတွက်

✦ ဒုဂ္ဂတိဘုံများသို့ မရောက်စေရန် အကုသိုလ်များကို ရှောင်ကြဉ် သည်ဖြစ်အံ့

✦ သုဂတိဘုံများသို့ ခရီးဆက်နိုင်ရန် ကုသိုလ်ကောင်းမှုများကို စွမ်းနိုင်သမျှ ပြုလုပ်သည် ဖြစ်အံ့

အသင်ပြုသော ကောင်းမှု ကုသိုလ်များအတွက် ကျွန်ုပ် လှိုက်လှိုက်လှဲလှဲ သာခု ခေါ် အပ်ပါသည်။

✧✧✧✧✧

ကျွန်ုပ်သည် ဤစာအုပ်ရောင်းရငွေများမှ တတ်အားသမျှ စုဆောင်း၍

- မြန်မာပြည့်အရပ်ရပ်ရှိ ဘုရားစေတီတော်များ ဘက်စုံပြုပြင် ရေးအတွက် နဝကမ္မအလှူငွေ
- သံဃာတော်များအတွက် ပစ္စည်း(၄)ပါး အလှူ
- သီလရှင်များအတွက် ဆွမ်းဆန်စိမ်းအလှူ
- ရေချမ်းစင်အလှူ
- (၇)ရက် သားသမီးများ အသက်ကယ်ပေးသော သတ္တဝါ ကယ် လုပ်ငန်း အလှူ
- သာသနာ အဆောက်အဦးများအတွက် ငွေပဒေသာပင် အလှူ

တို့ကို လှူဒါန်းလျက်ရှိပါသည်။

ကျွန်ုပ်ပြုသမျှ ကုသိုလ်အစုစုကို မိတ်ဆွေအားအမျှဝေပါသည်၊

**' အ သင် သာ ခု ခေါ် ပါ ရန် '**

# ဦးခိုက် ကန်တော့ခြင်း

ကျွန်ုပ်အား ဗုဒ္ဓတရားတော်နှင့်အညီ
နေထိုင်ကျင့်ကြံတတ်ရန်
နှင့်
မသိနားမလည်သည်များကို
စိတ်ရှည်စွာ ရှင်းလင်း ဟောကြား
လမ်းညွှန်တော် မူကြကုန်သော

ဆရာတော်ကြီး ဦးနန္ဒိယ
အဖေကြီး ဆရာကျော်ကြီး
ဘဘကြီး ဘိုးထွန်းအောင်

၎င်း

ကျေးဇူးတော်ရှင်ဆရာအပေါင်းအား
ရိုသေစွာဖြင့် ဦးထိပ်ပန်ဆင်ကာ
ကန်တော့အပ်ပါသည်။

# ပန်ကြားလွှာ

ဆရာတော်ကြီးများ ဆရာ့ဆရာကြီးများ၊ ပညာရှင်များ ရေးသားပြုစုထားသည့် မှီငြမ်းစာအုပ်စာရင်းတွင်ဖော်ပြထားသော စာအုပ်စာတမ်းပေါင်း(၆၀)ခန့်မှ သင့်တော်ရာရာ ကောင်းနိုးရာရာများကို ရွေးချယ်စုစည်း၍ ဤစာအုပ်ကိုရေးသားပြုစုပါသည်။

ကျမ်းကိုးစာအုပ်များကို ပြုစုသူပုဂ္ဂိုလ်များသည် ဘုရားဟောနိပါတ်တော်များ၊ သုတ်တော်များ၊ ပါဠိတော်များ၊ သံယုတ်များ၊ ဓမ္မပဒများ၊ ကျမ်းဂန်များ၊ အဘိဓာန်များကို ကိုးကားရည်ညွှန်းဖော်ပြ၍ ရေးသားတော်မူခဲ့ကြသော်လည်း ဤစာအုပ်တွင် ထိုအညွှန်းများကို ချန်လှပ်ထားခဲ့ပါသည်။

စာရေးသူသည် ပညာရေးဝန်ထမ်းသာဖြစ်ပါသည်။ စာရေးဆရာမဟုတ်ပါ။ ဤစာအုပ်ကို ရေးသားရာတွင် ယနေ့လူငယ်လူရွယ်များ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း ဖတ်ရှုနားလည်စေရန် အဓိက ရည်ရွယ်ပါသည်။ ပါဠိပါဌ်သားများကို အတတ်နိုင်ဆုံးရှောင်ရှားကာ စကားပြေဖြင့်ရေးသားထားပါသည်။ တစ်ဘက်မှလည်း စာမျက်နှာမများစေရန် အကျဉ်းချုံ့၍ ရေးသားထားပါသည်။

အကယ်၍ လိုအပ်ချက်များ၊ မပြည့်စုံမှုများ၊ တိမ်းပါးချွတ်ချော်မှုများရှိခဲ့ပါက စာရေးသူတစ်ဦးတည်း၏ ချွတ်ယွင်းအားနည်းချက်များသာဖြစ်ပါသည်။ ပညာရှိများက အပြစ်မထားဘဲ မေတ္တာဖြင့် အကြံပြုမှုများ၊ လမ်းညွှန်မှုများ၊ ဝေဖန်မှုများ ချီးမြှင့်လာပါက ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် ကြိုဆိုလက်ခံကာ ပြုပြင်ဖြည့်စွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဤစာအုပ်ဖတ်ရှုသူ မိတ်ဆွေအပေါင်းသည် မိဘသားချင်းများကို လက်ဆင့်ကမ်းဖတ်ရှုစေခြင်းဖြင့် ကုသိုလ်ယူကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

ဦးသက်ထွန်း
အ·ထ·က (၅) ဗိုလ်တထောင်
ရန်ကုန်မြို့

ပြည်ကျော်လွင် (ပညာရေး)
၂၉၊ ရေကျော်လမ်းမ
ပုဇွန်တောင်၊ ရန်ကုန်မြို့

✦ သေခွဲ ခွဲသွားလို လွမ်းမနေနဲ့တော့ အပိုပါပဲ။

✦ ငိုကြွေးနေမယ်ဆိုရင် သင့်အတွက်လည်း အကျိုးမရှိ သေပြီးသူ အတွက်လည်း ပိုပြီး ပူလောင်စေပါတယ်။

✦ ကွယ်လွန်သွားသူ မိဘသားချင်း မိတ်ဆွေသူငယ်ချင်းတွေကို တကယ်ချစ်ရင် တကယ်အကျိုးရစေချင်ရင်

အချိန်ယူလေ့လာ ပြုစုထားသော

## ကွယ်လွန်သူအတွက် ရည်စူး၍ အလှူဒါနပြုလုပ်နည်း

✦ စာအုပ်လေးကို ဖတ်ကြည့်ပါ။ ဓမ္မဒါနပြုကြည့်ပါ။

✦ သေသူအတွက် ဗုဒ္ဓအလိုကျ အလှူလေး လုပ်ပေးလိုက်ပါ။

✦ သေသူအတွက် ပြည့်ပြည့်စုံစုံဖြစ်သွားနိုင်ပါတယ်။ သင့်အတွက်လည်း အကျိုးရပါလိမ့်မယ်။

✦ လူ့အလိုလိုက်ပြီး ပကာသနကို ဦးစားပေးလှူဒါန်းခြင်းများ။

✦ အုတ်ဂူပေါ်တွင် စားသောက်ဖွယ်ရာအမျိုးမျိုးနဲ့ တင်မြှောက် ကျွေးမွေးခြင်းတို့သည် ဗုဒ္ဓအလိုကျ လှူဒါန်းခြင်းမျိုး မဟုတ်ကြောင်း သင်သိရှိပါစေ . . .

ဘာသာရေးခွင့်ပြုချက် - ၇၀၄/၂၀၀၁ (၁၀)

တစ်အုပ် - ၁၀၀ိ/-

ဓမ္မဒါန အထူးနှုန်း

ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့သော

# အကြောင်းနှင့်အကျိုးဆက်များ

❑ နိဗ္ဗာန်မရောက်မီ ဘဝပေါင်းများစွာတွင် သံသရာလည်နေသ၍
သီလသည် ဘဝကောင်းကိုရစေ၏။
ဒါနသည် စားဝတ်နေရေးကို ပြည့်စုံစေ၏။

❑ အလှူအတန်းအလွန်ဝါသနာပါလှသော မြန်မာလူမျိုးများအတွက်

| | | |
|---|---|---|
| ၎ | ဆီလှူဒါန်းခဲ့သောကြောင်းကြောင့် | မျက်နှာအမြဲရွှင်လန်းနေရခြင်းအကျိုး |
| ၎ | သော့လှူဒါန်းခဲ့သောကြောင်းကြောင့် | အမျက်ဒေါသနည်းပါးရခြင်းအကျိုး |
| ၎ | အိုးလှူဒါန်းခဲ့သောကြောင်းကြောင့် | ချစ်စရာကောင်းသောမိန်းမကိုပိုင်ဆိုင်ရခြင်း |
| ၎ | အမွှေးတိုင်လှူဒါန်းခဲ့သောကြောင်းကြောင့် | ဟာသဉာဏ်ရှိသူဖြစ်ရခြင်း |
| ၎ | ရေစစ်လှူဒါန်းခဲ့သောကြောင်းကြောင့် | အသေဆိုးနဲ့မသေနိုင်ခြင်း |
| ၎ | ပွားပွတ်တံလှူဒါန်းခဲ့သောကြောင်းကြောင့် | ချောင်းဆိုး၊ ရင်ကြပ် ကင်းခြင်း |
| ၎ | ခေါင်းအုံးလှူဒါန်းခဲ့သောကြောင်းကြောင့် | တရားအားထုတ်ရာတွင် ပို၍ပေါက်ရောက်ခြင်း |
| ၎ | သစ်သီးစုံလှူဒါန်းခဲ့သောကြောင်းကြောင့် | နတ်အပေါင်းတို့ချစ်ခင်ခြင်း |

. . . . . . . . . . . . . . . . . . . . . . .

၎ တရားတော်များကို မလေးမစား
နားထောင်ခဲ့ခြင်းကြောင်းကြောင့် — နားထိုင်းရခြင်း

၎ သူတစ်ပါးအကြွေးမဆပ်ခဲ့ခြင်း၊ ကျေးဇူးရှင်ကို
ကျေးဇူးမဆပ်ခဲ့ခြင်းအကြောင်းကြောင့် — အခိုင်းအစေဖြစ်ရခြင်း၊ နွား၊ မြင်းဖြစ်ရခြင်း

၎ အလှူဒါနပြုပြီးနောက် ဝမ်းမြောက်ဝမ်းသာဖြစ်ရမည့်စေတနာချို့တဲ့ခဲ့သောအကြောင်းကြောင့်
ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာနေသော်လည်း မစားရက် မဝတ်ရက် မသုံးရက်ဖြစ်ရသောအကျိုး

၎ အလှူဒါနပြုခဲ့ရာတွင် အင်္ဂါငါးပါး မပြည့်စုံခဲ့သောအကြောင်းကြောင့်
မိန်းမချောချောလှလှလေးတွေမြင်ရင် မပြောရဲ မဆိုရဲ ကြောက်လန့်နေရခြင်းအကျိုး

စသည့် သိမှတ်ဖွယ်ရာများစွာကို ဖော်ပြထားသော

**အကြောင်းနှင့်အကျိုးဆက်များ**

စာအုပ်ကို နီးစပ်ရာစာအုပ်ဆိုင်များတွင် ဝယ်ယူလေ့လာနိုင်ပါပြီ။

ဘာသာရေးခွင့်ပြုချက် - ၃၅၆/၂၀၀၁ (၆) ၊ တစ်အုပ် (၁၀၀/-)

ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့သော

# အကြောင်းနှင့်အကျိုးဆက်များ

❑ နိဗ္ဗာန်မရောက်မီ ဘဝပေါင်းများစွာတွင် သံသရာလည်နေသ၍ သီလသည် ဘဝကောင်းကိုရစေ၏။
ဒါနသည် စားဝတ်နေရေးကို ပြည့်စုံစေ၏။

❑ အလှူအတန်းအလွှန်ဝါသနာပါလှသော မြန်မာလူမျိုးများအတွက်

| | |
|---|---|
| ၌ သီလှူဒါန်းခဲ့သောကြောင်းကြောင့် | မျက်နှာအမြဲရွှင်လန်းနေရခြင်းအကျိုး |
| ၌ သော့လှူဒါန်းခဲ့သောကြောင်းကြောင့် | အမျက်ဒေါသနည်းပါးရခြင်းအကျိုး |
| ၌ အိုးလှူဒါန်းခဲ့သောကြောင်းကြောင့် | ချစ်စရာကောင်းသောမိန်းမကိုပိုင်ဆိုင်ရခြင်း |
| ၌ အမွှေးတိုင်လှူဒါန်းခဲ့သောကြောင်းကြောင့် | ဟာသဉာဏ်ရှိသူဖြစ်ရခြင်း |
| ၌ ရေစစ်လှူဒါန်းခဲ့သောကြောင်းကြောင့် | အသေဆိုးနဲ့မသေနိုင်ခြင်း |
| ၌ ပွားပွတ်တံလှူဒါန်းခဲ့သောကြောင်းကြောင့် | ချောင်းဆိုး၊ ရင်ကြပ် ကင်းရခြင်း |
| ၌ ခေါင်းအုံးလှူဒါန်းခဲ့သောကြောင်းကြောင့် | တရားအားထုတ်ရာတွင် ပို၍ပေါက်ရောက်ခြင်း |
| ၌ သစ်သီးစုံလှူဒါန်းခဲ့သောကြောင်းကြောင့် | နတ်အပေါင်းတို့ချစ်ခင်ခြင်း |

. . . . . . . . . . . . . . . . . . . . . . . . .

၌ တရားတော်များကို မလေးမစား
နားထောင်ခဲ့ခြင်းကြောင်းကြောင့် — နားထိုင်းရခြင်း

၌ သူတစ်ပါးအကြွေးမဆပ်ခဲ့ခြင်း၊ ကျေးဇူးရှင်ကို
ကျေးဇူးမဆပ်ခဲ့ခြင်းအကြောင်းကြောင့် — အခိုင်းအစေဖြစ်ရခြင်း၊ နွား၊ မြင်းဖြစ်ရခြင်း

၌ အလှူဒါနပြုပြီးနောက် ဝမ်းမြောက်ဝမ်းသာဖြစ်ရမည့်စေတနာချို့တဲ့ခဲ့သောအကြောင်းကြောင့်
ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာနေသော်လည်း မစားရက် မဝတ်ရက် မသုံးရက်ဖြစ်ရသောအကျိုး

၌ အလှူဒါနပြုခဲ့ရာတွင် အင်္ဂါငါးပါး မပြည့်စုံခဲ့သောအကြောင်းကြောင့်
မိန်းမချောချောလှလှလေးတွေမြင်ရင် မပြောရဲ မဆိုရဲ ကြောက်လန့်နေရခြင်းအကျိုး

စသည့် သိမှတ်ဖွယ်ရာများစွာကို ဖော်ပြထားသော

## အကြောင်းနှင့်အကျိုးဆက်များ

စာအုပ်ကို နီးစပ်ရာစာအုပ်ဆိုင်များတွင် ဝယ်ယူလေ့လာနိုင်ပါပြီ။

ဘာသာရေးခွင့်ပြုချက် - ၃၅၆/၂၀၀၁ (၆)  ၊  တစ်အုပ် (၁၀၀/-)

**အထူးဈေးဖြင့် ရောင်းပါမည် ဓမ္မဒါနအဖြစ်လည်း အခမဲ့ပေးလှူပါမည်**

# ပြည်ကျော်လွင် ၊ ပညာရေး ၊
# ရေးသားပြုစုသော စာအုပ်များကို

✦ သာရေး နာရေးများတွင် ဓမ္မဒါန လှူဒါန်းဝေငှ ကုသိုလ်ယူလိုလျှင်

✦ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံကျောင်းများ၏ စာကြည့်တိုက်များအတွက် ဝယ်လိုလျှင်

✦ ရုံးများ၊ အဖွဲ့အစည်းများ မြို့နယ် ရပ်ကွက် ကျေးရွာ အသင်းအဖွဲ့များ၏ စာကြည့်တိုက်များအတွက် ဝယ်ယူလိုလျှင်

## အထူးနှုန်းဖြင့်ရောင်းပေးပါသည်
## ထပ်ဆင့်၍ အခမဲ့လည်း ပေးလှူပါသည်၊

✦ ပင်ရင်းဖြန့်ချိရေး သို့ ဆက်သွယ်ဝယ်ယူပါရန်။



(ပြည်ကျော်လွင် စာပေ)
၂၉၊ ရေကျော်လမ်းမ
ရေကျော်ဈေးမျက်စောင်းထိုး
ပုဇွန်တောင်၊ ရန်ကုန်မြို့
တဆင့်/၇၂၀၄၉၆

# ဘဝခရီးလမ်းညွှန်စာအုပ်

- ပြဟ္မာဘုံရောက်ချင်ရင် ဘာတွေလုပ်ရမှာလဲ၊
- မိန်းမတွေမရှိတဲ့ ယောကျ်ားတွေသာရှိကြတဲ့ ပြဟ္မာဘုံ အကြောင်း။
- သေရင်နတ်ပြည်ရောက်အောင် မသေခင် ဘာတွေလုပ်ရမှာလဲ၊
- လူ့ပြည်က စုယူလာခဲ့တဲ့ ကုသိုလ်စုဘူးလေးကို ဖောက်ပြီး နတ်စည်းစိမ်ချမ်းသာတွေကို ပျော်ပျော်ကြီး ခံစားနေကြတဲ့ နတ်သား နတ်သမီး တွေအကြောင်း။
- မသေခင် လောဘဇောတိုက်ပြီး ငွေတွေရှာ၊ လုပ်ချင်ရာတွေလုပ်၊ နေချင်သလိုနေကြပြီး သေခါနီးမှ ဘုရားတ၊ သေရမှာ ကြောက်ကြတဲ့ လူ တွေအကြောင်း။
- သေရင် တိရစ္ဆာန်ဖြစ်မည့် လူတွေနဲ့ ညှဉ်းဆဲသတ်ဖြတ်မှု အမျိုးမျိုးခံနေကြရရှာတဲ့ သနားစဖွယ် တိရစ္ဆာန် တွေအကြောင်း။
- သေရင် တစ္ဆေ၊ သရဲဖြစ်မည့် လူတွေနဲ့ စားစရာ၊ ဝတ်စရာ၊ နေစရာမရှိလို့ ဒုက္ခရောက်နေကြတဲ့ ဆွေမျိုး ပြိတ္တာ တွေအကြောင်း။
- သေရင် အသူရကာယ် ဖြစ်မည့်လူတွေနဲ့ ဘုရားတစ်ကြိမ်ပွင့်တော်မူမှ မဝရေစာ အစာတစ်ကြိမ်လောက် စားရရှာတဲ့ အသူရကာယ် ကြီးတွေအကြောင်း။
- သေရင် ငရဲကျမည့် လူတွေနဲ့ ဆင်းရဲဒုက္ခမျိုးစုံ ခံစားနေကြရတဲ့ ငရဲသား တွေအကြောင်း။

ပြည့်စုံစွာ ပါရှိပါသည်

# ဘယ်သွားချင်လဲ

ပြည်ကျော်လွင်(ပညာရေး)

Hepta digital art graphic design & color separation